# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၁၃ ရက် တနင်္လာနေ့။ Monday, 8 May 2017 (၈၉၁၈)


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရား သည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

---

### နေချင်ပွယ် မြေကမ္ဘာဖြစ်အောင် ဆောင်ရွက်

စာမျက်နှာ » ၂

### ဥရောပသို့ ဝင်ရောက်ရန် ကြိုးပမ်းသူ ၃၀၀၀ ခန့်ကို မြေထဲပင်လယ်အတွင်း ကယ်တင်ပေးခဲ့ရ

စာမျက်နှာ » ၄

### ရခိုင်ပြည်နယ်အတွင်း ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိရေး ရွှေကျွန်းရခိုင်ရက်ကန်းထည် အလုပ်ရုံဖွင့်လှစ်

စာမျက်နှာ » ၇

### အာမခံလျော်ကြေးပေးအပ်မှုများတွင် မော်တော်ယာဉ်အာမခံအတွက် အများဆုံးပေးလျော်ရ

စာမျက်နှာ » ၁၁

### နိုင်ငံတကာအဆင့်မီ လက်ကားဈေး တည်ဆောက်ရန်စီစဉ်

စာမျက်နှာ » ၁၇

---



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၏ နိုင်ငံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပစဉ်။

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီအစည်းအဝေးများ ကျင်းပ

နေပြည်တော် မေ ၇

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီအစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရှိ သတ်မှတ်နေရာအသီးသီး၌ စတင်ကျင်းပရာ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင်များပါဝင်သည့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။**

#### နိုင်ငံရေးကိစ္စရပ်များ

**နိုင်ငံရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ အစည်းအဝေးကို သတ်မှတ်နေရာ၌ ကျင်းပရာ ဒေါက်တာ လျန်မှုန်းဆာခေါင်းက ဦးဆောင်၍ ဗိုလ်မှူးချုပ်တင်အောင်၊ ဗိုလ်မှူးချုပ်လှသန်းမောင်၊ ဦးငွေဝင်းအောင်၊ ဦးအောင်လွင်ဦး၊ ဒေါက်တာစိုင်းဦး၊ စောအယ်ကလူစေး၊ စောစံငြိမ်းသူ၊ စောကူးကူ၊ စိုင်းဘိုးအောင်၊ ဒေါက်တာတူးဂျာနှင့် ဦးအောင်ကြည်ညွန့်တို့က ယခင်လုပ်ငန်းကော်မတီ၏ အခြေခံမူအချက် ၂၀ အပေါ် ပြန်လည်သုံးသပ် ဆွေးနွေး ကြသည်။

#### လူမှုရေးကိစ္စရပ်များ

အလားတူ **လူမှုရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်း ကော်မတီ၌ ဦးစိုင်းလနှင့် ဦးနိုင်ငံလင်းတို့က ဦးဆောင်၍ ဗိုလ်ချုပ်နေလင်း၊ ဒေါ်ဇင်မာအောင်၊ ဦးနိုင်ဆွေဦး၊ ခွန်သောမက်စ်၊ ဒေါ်အေးသီတာမြင့်၊ ဦးတင်ဆွေ၊ ဦးဆမ်းဆောင်ကားနှင့် ဦးရွှေမင်းတို့က ယခင်ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ၏ရလဒ်များအပေါ် သုံးသပ်ဆွေးနွေး ကြသည်။

#### စီးပွားရေးကိစ္စရပ်များ

ထို့ပြင် **စီးပွားရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်း ကော်မတီ၌ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်းနှင့် မင်းကျော်ဇေယျာဦးတို့က ဦးဆောင်၍ ဗိုလ်မှူးချုပ် သိုက်စိုး၊ မိကွန်ချမ်း၊ ဆလိုင်းထလာဟေး၊ ပဒိုစောတာဒိုမူး၊ စိုင်းလျန်း၊ ခွန်တင်ရွှေဦး၊ ဦးထွန်းနိုင်၊ ဦးသိန်းထွန်း၊ ဦးမားကို့စ်နှင့် ဦးသာထွန်းလှတို့က စီးပွားရေးကဏ္ဍ၌ ရှမ်းပြည်နယ်မှ တင်သွင်းလာသည့် စာတမ်းအပေါ် သုံးသပ် ဆွေးနွေးကြသည်။

#### လုံခြုံရေးကိစ္စရပ်များ

အလားတူ **လုံခြုံရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်း ကော်မတီ၌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်းနှင့် ဦးတာလှဖေ တို့က ဦးဆောင်၍ ဗိုလ်ချုပ်တင်မောင်ဝင်း၊ ဗိုလ်မှူးချုပ် စိန်ထွန်းလှ၊ ဦးအင်ထုံးခါးနော်ဆမ်၊ ဦးကျော်ကျော်ဟန်၊ ပဒိုစောတာမူးလာ၊ ပူးထက်နီ၊ ခွန်ဥက္ကာ၊ ဒေါက်တာ အောင်မြတ်ဦးနှင့် ဒေါ်နန်းခင်စိန်မြင့်တို့က ကော်မတီ၏ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ခေါင်းစဉ် အောက်မှ ကာကွယ်ရေးဆိုင်ရာမူဝါဒနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

#### မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ

ထို့အတူ **မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးအောင်စိုးနှင့် ခွန်မြင့်ထွန်းတို့က ဦးဆောင်၍ ဗိုလ်မှူးချုပ် အောင်သိန်းဦး၊ ဦးစိုးဝင်း၊ ဦးဇော်မင်းလတ်၊ ဒေါက်တာ ဝါဝါမောင်၊ ဦးဆန်နီ၊ စောဒဲနယ်လ်၊ စိုင်းစိုင်းငင်း၊ ဒေါ်ဒွဲဘူ၊ ဦးလှခိုင်၊ ခွန်ထွန်းရွှေနှင့် ဦးအိုက်ဆောတို့က ရှမ်းပြည်နယ်မှ တင်သွင်းလာသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻




## ကြေးမုံ

# နေချင်ဖွယ်မြေကမ္ဘာဖြစ်အောင် ဆောင်ရွက်

ကမ္ဘာမြေပေါ်တွင်နေထိုင်ကြသော လူသားများအနေဖြင့် သဘာဝဘေးဒဏ်များဖြစ်သည့် ကောင်းကင်ပေါ်မှကျလာနိုင်သော ဂြိုဟ်ပဲ့ကြီးများ အန္တရာယ်နှင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် မျိုးသုဉ်းပျောက်ကွယ်နိုင်မှုများ၊ ကူးစက်ရောဂါအန္တရာယ်များ၊ လူဦးရေတိုးပွားလာမှုကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဆိုးကျိုးများအတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် ကမ္ဘာမြေပေါ်တွင် လက်ရှိနေထိုင်ကြသည့် လူသားများ မျိုးမသုဉ်းချင်လျှင် လာမည့်နှစ် ၁၀၀ အတွင်း ဤကမ္ဘာမြေကို စွန့်ခွာကာ ကမ္ဘာသစ်တွင် ပြောင်းရွှေ့နေထိုင်ရန် ရူပဗေဒပညာရှင် ပါမောက္ခ စတီဖင် ဟော့ကင်းက သတိပေးထားသည်ကို ရိုက်တာသတင်းတစ်ပုဒ်တွင် ဖတ်ရှုလိုက်ရသည်။

သိပ္ပံပညာရှင် ဟော့ကင်း၏ အနာဂတ်ကမ္ဘာမြေတွင် မလွဲမသွေဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်နှင့် ဆိုးကျိုး ခန့်မှန်းသုံးသပ်ချက်ကို လက်ခံနိုင်ပါသည်။ သို့သော် ကမ္ဘာသူ ကမ္ဘာသားအများစုနှင့်ပတ်သက်၍ ဓမ္မဓိဋ္ဌာန်ကျကျ လက်တွေ့ဆောင်ရွက်ချက်အရမူ ကမ္မနိယာမတရားနှင့် ဖြစ်ခြင်းပျက်ခြင်း မမြဲသောသဘောတရားကိုရှုမြင်ကာ လက်ရှိဘဝတွင် ကောင်းသောအမှုကိုပြု၍ တန်ဖိုးရှိသောလူ့ဘဝအဖြစ် အကောင်းဆုံး နေထိုင်သွားကြရမည်ဖြစ်သည်။

ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတရားအရ မည်သည့်အရာမျှ မြဲသည်ဟူ၍မရှိချေ။ အရာမှန်သမျှမှာ ကနဦးအစ ဖြစ်တည်လာကြသလို တစ်နေ့နေ့တွင်လည်း ပျက်စီးကြရမည်မှာဓမ္မတာတည်း။ ပုထုဇဉ်လူသားများအဖို့ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတို့ကို မလွဲမသွေရင်ဆိုင်ကြရမည်သာဖြစ်သည်။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောမှာ ရှောင်လွှဲ၍ မရနိုင်ချေ။ ရှောင်လွှဲရန်လည်း ကြိုးပမ်းခြင်းအား မပြုသင့်ပေ။

ဤကမ္ဘာလောကကြီးကို နေချင်စဖွယ်ဖြစ်အောင် လူတို့ကပင်ဖန်တီးခဲ့ကြသည် မဟုတ်ပါလော။ ဤကမ္ဘာလောကကြီးကို ဒုက္ခပင်လယ်ဝေအောင် လူတို့ကပင် ဖျက်ဆီးခဲ့ကြသည် မဟုတ်ပါလော။ နာကျင်နေသော ဤမြေကို ပြန်လည်လန်းဆန်းတင့်တယ်အောင် လူတို့ကပင် ပြန်လည်ကုစားပေးကြရမည်ဖြစ်သည်။ လူတို့ကပင် ပြန်လည် ပြုစုယုယပေးကြရမည်ဖြစ်သည်။ လူသားများကို အကျိုးပြုခဲ့သော၊ ကျေးဇူးရှိခဲ့သော ဤကမ္ဘာမြေကို မည်သည့်နည်းနှင့်မျှ ပစ်ပယ်ရန်မသင့်ချေ။

ဤကမ္ဘာလောကတွင် နေထိုင်သူများအချင်းချင်း မေတ္တာတရားဖြင့် ဆက်ဆံကြရမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရိုင်းပင်းကူညီကြရမည်။ မာန်မာနများ၊ ဒေါသ၊ မောဟများ၊ အနိုင်ကျင့်ဗိုလ်ကျမှုများကို နည်းသထက်နည်းအောင် အားထုတ်ကြရမည်။ ယဉ်ကျေးသော လူ့အဖွဲ့အစည်းကို ထူထောင်ကြရမည်။ အေးချမ်းသာယာလှပသော လူ့ဘောင်လောကကို တည်ဆောက်ကြရမည်ဖြစ်သည်။

လူသားများအား အကျိုးပြုသော ဤကမ္ဘာမြေကို ဖျက်ဆီးခြင်းမှ လျော့နည်းအောင်၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ ဤကမ္ဘာမြေနှင့်ဝန်းကျင်တစ်ခွင် ပျက်စီးယိုယွင်းစေနိုင်သည့် လုပ်ဆောင်မှုများကို လျှော့ချကြရမည်။ ကမ္ဘာမြေကြီးကို ထောက်ကန်ပံ့ပိုးထားသော အရာမှန်သမျှ မပျက်စီးအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်။ ကမ္ဘာမြေကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော လောဘ၊ မောဟတရားများ လျော့ပါးအောင် အတတ်နိုင်ဆုံး ဆောင်ရွက်ကြရမည်။

ယခုအခါ ကမ္ဘာမြေနှင့်သဘာဝပတ်ဝန်းကျင်များ လူတို့လောဘကြောင့် တစ်စတစ်စပျက်စီးယိုယွင်းလာချေပြီ။ လူတို့တွင် လောဘ၊ ဒေါသ၊ မောဟများ ဖုံးလွှမ်းမှုကြောင့် ကမ္ဘာမြေနှင့်အတူ လူအများ ပျက်စီးခြင်းများ ဖြစ်ပေါ်နေသည်။ သလေဆန်စားကာ မြေဆီသြဇာတက်ခဲ့သော ကမ္ဘာမြေကြီးမှာ လူတို့ကိုယ်ကျင့်တရား ဖောက်ဖျက်သောကြောင့် အဆီအနှစ်ကင်းမဲ့၍ နေချေပြီ။

စတီဖင်ဟော့ကင်း သတိပေးပြောကြားသကဲ့သို့ အနှစ်တစ်ရာအတွင်း ပျက်စီးခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ သို့သော် ကမ္ဘာ့လူသားများအနေဖြင့် စိုးရိမ်ထိတ်လန့်ဖွယ်ရာ အကြောင်းမရှိချေ။ ဤကမ္ဘာမြေကြီးကို အကောင်းဆုံးပြုပြင်ထိန်းသိမ်းစောင့်ရှောက်ကြသလို မိမိတို့ကိုယ်ကို မိမိတို့လည်း ကောင်းသောကိုယ်ကျင့်တရားများနှင့် မေတ္တာတရားများ မွေးမြူနိုင်ကြမည်ဆိုလျှင် ဤကမ္ဘာကြီးမှာ အနှစ်တစ်ရာမက နှစ်ပေါင်းထောင်ချီ သာယာလှပအောင် တည်ဆောက်ထားနိုင်မည်ဖြစ်ပါသည်။ ။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ်(၅၂) စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စိတ်ကျေနပ်မှုရရှိစေရေး ဦးတည်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တစ်ဖက်တွင်လည်း စားသုံးသူလိုအပ်လျက်ရှိသော ထုတ်ကုန်များကို စားသုံးသူထံ အလွယ်တကူရောက်ရှိစေရန် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ပါဝင်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ထုတ်ကုန်များ အရည်အသွေးပြည့်ဝစွာထုတ်လုပ်နိုင်စေရေး ဆောင်ရွက်ပေးရန်လည်း လိုအပ်သည့်အပြင် သယ်ယူပို့ဆောင်မှုစရိတ်လျှော့ချနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ၏ပို့ကုန်ကဏ္ဍကို အထောက်အကူပြုစေသည့်အတွက် အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အခြေခံစားကုန်များ၏ ဒေသအလိုက် နေ့စဉ်ဖြစ်ပေါ်နေသည့် ဈေးနှုန်းများကို လေ့လာစိစစ်သွားရန် လိုအပ်သလို လယ်ယာထွက် ပို့ကုန်သီးနှံများ၏ စိုက်ပျိုးထွက်ရှိမှု၊ သုံးစွဲမှု၊ ပို့လျှံမှုနှင့် ပြည်ပတင်ပို့နိုင်မည့် အလားအလာများကို လေ့လာသုံးသပ်နေကြရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ ကုန်စည်ဒိုင်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းထားပြီးသည်များကို အားကောင်းခိုင်မာအောင် ပေါင်းစပ်ပေးခြင်းများ ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးတို့က လုပ်ငန်းများအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❑

# မြန်မာ့ထွက်ကုန်များ ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် ပြင်သစ် ရင်းနှီးမြှုပ်နှံမှုများနှင့် ခေတ်မီနည်းပညာများ မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့ရေး ပူးပေါင်းလုပ်ဆောင်သွားရန် သဘောတူ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံမှ ထွက်ကုန်များ ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် ပြင်သစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများနှင့် ခေတ်မီနည်းပညာများ မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့နိုင်ရေးတို့အတွက် နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ သိရသည်။




မြန်မာနိုင်ငံတွင် ပြင်သစ်နိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ပူးပေါင်းလုပ်ဆောင်သွားရန် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ပြင်သစ်-မြန်မာ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းတို့သည် မေ ၅ ရက်တွင် သဘောတူညီမှုနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ မြန်မာ့ထုတ်ကုန်များ ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအပြင် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ခေတ်မီပြင်သစ်နည်းပညာများ မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့ရေးတို့ကို နှစ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းလုပ်ဆောင်သွားမည်ဟု ပြင်သစ်-မြန်မာ ကုန်သည်စက်မှုအသင်း(CCI French Myanmar) ဥက္ကဋ္ဌ Mr. Julien Esch က ပြောသည်။

ပြင်သစ်နိုင်ငံနှင့် စီးပွားဆက်ဆံရေးမြှင့်တင်ခြင်းဖြင့် မြန်မာ့အရင်းအမြစ်များအား ခေတ်မီနည်းပညာသုံးကာ တန်ဖိုးမြှင့်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်သည့်အပြင် ပြင်သစ်နိုင်ငံကို အခြေခံ၍ အခြားဥရောပနိုင်ငံများနှင့်လည်း စီးပွားကူးသန်းမှု ခြေဆန့်နိုင်မည်ဟု ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

သို့ရာတွင် မြန်မာနိုင်ငံသို့ လာရောက်မြှုပ်နှံပြီး အကျိုးအမြတ်ယူကာ ပြန်ထွက်သွားသည့် လုပ်ငန်းမျိုးထက် ရေရှည်ရင်းနှီးမြှုပ်နှံပြီး မြန်မာ့ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့်လုပ်ငန်းမျိုးကိုသာ ဖိတ်ခေါ်လိုကြောင်း အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားခဲ့သည်။

နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် နှစ်နိုင်ငံစီးပွားရေးခရီးစဉ်များ စီစဉ်ပြုလုပ်ရေး၊ လုပ်ငန်းရှင်များတွေ့ဆုံပွဲများနှင့် ကုန်သွယ်မှုနှင့် ကုန်စည်ပြပွဲများ ကျင်းပရေးတို့တွင် ကုန်သည်စက်မှု အသင်းချုပ်နှင့် ပြင်သစ်-မြန်မာ ကုန်သည်စက်မှုအသင်းတို့ ပူးပေါင်းလုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပြင်သစ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၄၀ ကျော်ရှိခဲ့ပြီး ကုန်သွယ်မှုတန်ဖိုး သန်း ၁၁၀ ဝန်းကျင်သာရှိနေသေးကြောင်း သိရသည်။ **(ဆုနှင်းလှဲ့)**

# လယ်ယာမြေဥပဒေ၊ နည်းဥပဒေ အသိပေးရှင်းလင်း

**မန်စီ မေ ၇**

ကချင်ပြည်နယ် မန်စီမြို့နယ် နမ့်မဖွဲ ကျေးရွာ၌ လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်(ပုံစံ-၇)အား သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ထုတ်ပေးလျက်ရှိရာ တောင်သူများက လျှောက်ထားရမည့်လုပ်ငန်းစဉ်များကို အသိပေးဆွေးနွေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းလှိုင်ဝင်းနှင့် ဝန်ထမ်းများက မေလ ပထမပတ်က ဆောင်ရွက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူနှင့်အတူ

## အချို့အကြံပြုချက်များသည် ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီစနစ်တို့နှင့် ဆန့်ကျင်သော၊ ပြည်ထောင်စုစနစ်နှင့် ကွဲလွဲသော၊ ဒို့တာဝန်အရေး ၃ ပါးကို ဦးမတည်သော အကြံပြုချက်များ တွေ့ရှိရသည့်အတွက် ချန်လှပ်ထားရခြင်းဖြစ်ပါတယ်

ဒေါက်တာ လျန်မှုန်းဆာခေါင်း

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၏ လုပ်ငန်းကော်မတီများအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ စတင်ကျင်းပသည်။ အဆိုပါလုပ်ငန်းကော်မတီများ၌ ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ စကားသံများကို ယခုလို ကြားသိရသည် -**

"ဒီနေ့ကျင်းပတဲ့ လုပ်ငန်းကော်မတီအစည်းအဝေးက ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပထမအကြိမ်အစည်းအဝေးက ဒေသအလိုက်ကျင်းပခဲ့တဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကနေ စာတမ်းငါးခုနဲ့ တပ်မတော်အစုအဖွဲ့က စာတမ်းတစ်စောင် စုစုပေါင်း စာတမ်းခြောက်စောင်ထဲက အခြေခံမူ စုစုပေါင်း အချက် ၂၀ ရရှိခဲ့ပါတယ်။ အဲဒီအခြေခံမူ အချက် ၂၀ နဲ့ ပတ်သက်ပြီး တင်သွင်းထားတဲ့ အဆိုပြုလွှာတွေကို အစည်းအဝေးမှာ ပြန်လည်သုံးသပ်သွားမှာ ဖြစ်ပါတယ်"ဟု နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီမှ ဒေါက်တာလျန်မှုန်းဆာခေါင်းက ပြောကြားသည်။

ဆက်လက်၍ ၎င်းက လုပ်ငန်းကော်မတီ၏ တာဝန်သည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ တက်လာသော စာတမ်းများတွင် ပါရှိသည့် အဆိုပြုချက်များအား စုစည်းရပါကြောင်း၊ အဆိုပါ အဆိုပြုချက်များထဲမှ လိုလားချက်များကို စုစည်း၍ လုပ်ငန်းကော်မတီဝင်များက အဆိုပြုလွှာ သုံးခု ပြုစု၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့သို့ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ အတွင်းရေးမှူးအဖွဲ့မှ အဆိုပြုလွှာများကို အကျေအလည်ဆွေးနွေးပြီး ရလဒ်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

"နိုင်ငံရေးကဏ္ဍနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့ အစည်းအဝေးမှာ အခြေခံမူ အချက် ၂၀ ထွက်လာပါတယ်။ ဒီအခြေခံမူ တစ်ခုချင်းစီမှာ တင်ပြလာတဲ့ တင်ပြပုံ၊ တင်ပြနည်းတွေနဲ့ သဘောထားကွဲလွဲမှုတွေရှိပါတယ်။ သဘောထားကွဲလွဲမှုက ဘယ်အချက်တွေမှာရှိလဲ၊ ဘယ်အချက်တွေက တူညီမှုရှိသလဲဆိုတာကို


ဒေါက်တာလျန်မှုန်းဆာခေါင်း


ဦးမျိုးဝင်း


ဦးနိုင်ငံလင်း

ပြန်ပြီးစစ်ဆေးရပါတယ်။ ဥပမာ အခြေခံမူ ၁ က အချုပ်အခြာအာဏာနဲ့ပတ်သက်ပြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက တင်သွင်းတဲ့ စာတမ်းငါးစောင်နဲ့ တပ်မတော်က တင်ပြတဲ့ စာတမ်းထဲမှာ အချုပ်အခြာနဲ့ပတ်သက်ပြီး သဘောထားတူညီသလိုနဲ့ မတူတဲ့အချက်တွေရှိပါတယ်။ အဲဒီအထဲကနေ အတူညီဆုံးနဲ့ အကောင်းဆုံးဖြစ်မယ့် အချက်သုံးချက်ကို ရွေးထုတ်ပေးရပါတယ်။ အဲဒီလို ရွေးချယ်ပေးတဲ့ အချက်သုံးချက်ကို ဘာကြောင့် အသင့်တော်ဆုံးဖြစ်တယ်ဆိုတာကို အကြံပြုချက်ရေးပေးရပါတယ်။ ကျွန်တော်တို့အနေနဲ့ အမျိုးသားအဆင့် ဆွေးနွေးပွဲ အပါအဝင် လုပ်ငန်းကော်မတီကို ရောက်ရှိလာတဲ့ အဆိုပြုလွှာတွေကို စုစည်းပေးရပြီး အတူညီဆုံးအချက်သုံးခု ရွေးထုတ်ပေးတာကို အဓိက ဆောင်ရွက်ရပါတယ်" ဟု ၎င်းက ဆိုသည်။

ထို့ပြင် အခြားသော ကဏ္ဍများနှင့် နှိုင်းယှဉ်ပါက နိုင်ငံရေးကဏ္ဍသည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ အကြံပြုချက်နှင့် အဆိုပြုချက်များ အများဆုံးတက်လာပါကြောင်း၊ အဆိုပါ အကြံပြုချက်များထဲမှ အချို့အကြံပြုချက်များကို ကော်မတီအဆင့်တွင် ချန်လှပ်ထားရှိခဲ့ရပါကြောင်း၊ ထိုသို့ ချန်လှပ်ထားခြင်းသည် နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စဉ်များမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ကို အခြေခံရပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် NCA စာချုပ် အခြေခံမူစာပိုဒ် ၁ တွင် ဖော်ပြထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒို့တာဝန်အရေး ၃ ပါးကို ရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု ဆိုသည့် လောကပါလတရားကို အခြေခံ၍ ဒီမိုကရေစီနှင့် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံချက်ရှိသော ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုအား နိုင်ငံရေးဆွေးနွေးပွဲရလဒ်ဖြင့် တည်ဆောက်ရမည်ဟု လမ်းညွှန်ထားပါကြောင်း။

အချို့အကြံပြုချက်များသည် ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီစနစ်တို့နှင့် ဆန့်ကျင်သော၊ ပြည်ထောင်စုစနစ်နှင့်ကွဲလွဲသော၊ ဒို့တာဝန်အရေး ၃ ပါးကို ဦးမတည်သော အကြံပြုချက်များ တွေ့ရှိရသည့်အတွက် ချန်လှပ်ထားရခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်နှင့် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးအား အပြည့်အဝအာမခံချက်ပေးသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးအတွက် မည်သည့် အခြေခံမူများသည် အလိုအပ်ဆုံးဖြစ်သည်ကို ရွေးထုတ်ပေးရခြင်းဖြစ်ပါကြောင်း၊ အမှန်တကယ်တွင် လုပ်ငန်းကော်မတီအနေဖြင့် NCA စာချုပ်၏ အခြေခံမူတွင် ပါရှိသည့် လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ဒေါက်တာလျန်မှုန်းဆာခေါင်းက ပြောကြားခဲ့သည်။

"လုပ်ငန်းကော်မတီအနေနဲ့ ပြီးခဲ့တဲ့ အစည်းအဝေးကနေ ဘယ်လိုဆွေးနွေးမယ်ဆိုပြီး သတ်မှတ်ထားတာရှိပါတယ်။ ဒါကြောင့် ဆွေးနွေးတဲ့နေရာမှာ နိုင်ငံတော် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနဲ့ လုံခြုံရေးဆိုင်ရာဆိုပြီး ခေါင်းစဉ် နှစ်ခုရှိပါတယ်။ ဒီခေါင်းစဉ်တွေထဲက နိုင်ငံတော် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ခေါင်းစဉ်အောက်က ကာကွယ်ရေးဆိုင်ရာ မူဝါဒတွေကို အဓိကထား ဆွေးနွေးနေပါတယ်"ဟု လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီမှ ဦးမျိုးဝင်းက ဆိုသည်။

ကာကွယ်ရေးဆိုင်ရာ မူဝါဒ၌ စာတမ်းရေးရန် သတ်မှတ်ချက်များရှိပါကြောင်း၊ အဆိုပါသတ်မှတ်ချက်များနှင့်အညီ ကာကွယ်ရေးဆိုင်ရာမူဝါဒကို အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံရေးပါတီများအဖွဲ့တို့မှ စာတမ်းတစ်စောင်စီကို ယခင်အပတ်က တင်သွင်းထားပါကြောင်း၊ အဆိုပါစာတမ်းများသည် National Dialogue မှရရှိပြီး ပြည်ထောင်စုအဆင့်သို့ ဆက်လက်တင်ပြဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ဦးမျိုးဝင်းက ပြောကြားသည်။

လူမှုရေးကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီမှ ဦးနိုင်ငံလင်းက မိမိတို့ လူမှုရေးကဏ္ဍတွင် ထွေထွေထူးထူးမရှိပါကြောင်း၊ ကော်မတီအနေဖြင့် ရှမ်းပြည်နယ်မှ ဒေသဆိုင်ရာ စာတမ်းမှ အခြေခံမူများကို ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးတွင် လူမှုရေးကဏ္ဍအနေဖြင့် ဒုက္ခသည်များ (IDP) အား ပြန်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးရန်ရှိပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အခြေခံမူများ ရရှိသည်အထိ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောသည်။

**တွေ့ဆုံမေးမြန်း**
**မိမိဖြိုး၊ အေးအေးသန့်၊ မွေးကျူင်(သတင်းစဉ်)**
**ဓာတ်ပုံ - အေးသန်း(သတင်းစဉ်)**

## မိုးရာသီအကြို မဟာဓာတ်အားလိုင်းတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ရှင်းလင်းဆောင်ရွက်

**ရန်ကုန် မေ ၇**

မိုးရာသီအကြိုအနေဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်-စိန်ပန်းမြိုင် သီရိမွန်ပလာဇာလမ်းတစ်လျှောက် ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းရှိ သီရိမွန်ပလာဇာ လမ်းတစ်လျှောက်၌ မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်မိုးက "မိုးတွင်းကာလရောက်တော့မယ်ဆိုတော့ သဘာဝဘေးဒဏ်ကလည်း ကြောက်ဖို့ကောင်းသလို မလိုလားအပ်တဲ့ လျှပ်စစ်အန္တရာယ်တွေကလည်း ကပ်ပါလာတတ်ပါတယ်။ ခု မိုးမကျမီကာလမှာတောင် သစ်ပင်သစ်ကိုင်းတွေကလည်း လမ်းတစ်လျှောက် ထွက်လာပြီး မဟာဓာတ်အားလိုင်း Service ကြိုးတွေနဲ့ ငြိစွန်းနေတာတွေရှိနေပါတယ်။ ဒါကို ခုတ်ထွင်ရှင်းလင်းနေတာပါ။ ရပ်ကွက်နေပြည်သူတွေကိုလည်း မခုတ်မီ နံနက် ၉ နာရီကနေ မွန်းလွဲ ၁ နာရီထိ လေးနာရီ မီးပြတ်တောက်မယ့်အကြောင်း ကြိုတင်အကြောင်းကြားပေးပါတယ်။ ဒီအချိန်အတွင်းမှာပဲ ပလက်ဖောင်းထရပ်ကရိမ်းကားတွေနဲ့ အချိန်မီပြီးစီးရေးကို ရန်ကုန်အနောက်ပိုင်းခရိုင်က မရမ်းကုန်းမြို့နယ်နဲ့ လှိုင်မြို့နယ်က လျှပ်စစ်ဝန်ထမ်းများ၊ လုပ်သားများပါဝင်ပြီး လူအင်းအား၊ ယာဉ်အင်အားတွေနဲ့ စုပေါင်းပြီး အမြန်ဆောင်ရွက်ရပါတယ်။ ထွက်ရှိလာတဲ့ သစ်ပင်သစ်ကိုင်းတွေကိုတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပန်းဥယျာဉ်ဌာနက စည်ပင်ဝန်ထမ်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ကားတွေနဲ့ တစ်ခါတည်း သယ်ပို့ရှင်းလင်းဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေကြောင့် ဓာတ်အားလိုင်းတွေရဲ့ ပြုပြင်ထိန်းသိမ်းမှုများနဲ့ လေပြင်းတိုက်ခတ်လို့ ဓာတ်အားပြတ်တောက်မှုများကို ကာကွယ်နိုင်ပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးစေမှာပါ"ဟု ရှင်းပြသည်။

ထိုကဲ့သို့သော မဟာဓာတ်အားလိုင်းတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ရှင်းလင်းဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင်(၂) ဦးရန်လင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ(အင်/ယာ)ဦးစန်းလွင်တို့က အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စီမံချက်အဖြစ် မြို့နယ် ၁၃ မြို့နယ်မှ လျှပ်စစ်ဝန်ထမ်းအင်အား ၁၂၀၊ YCDC ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပန်းဥယျာဉ်ဌာနမှ ဝန်ထမ်း ၂၇ ဦး၊ ပလက်ဖောင်းထရပ်ကားယာဉ် နှစ်စီး၊ အမှိုက်သယ်ယာဉ် သုံးစီးတို့ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကြရာ ၆၆ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်း ၃၁၀ ခန့်အား ခုတ်ထွင်ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။ ထပ်မံ၍ ကျန်ရှိနေသော လမ်းများရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်များကို မိုးကျသည်အထိ ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

**(စိုးဝင်း-MLA)**

# ဒီမိုကရေစီစနစ် ထိန်းချုပ်ကန့်သတ်ခံရသည်ဟုဆိုကာ ပိုလန်နိုင်ငံ ဝါဆောမြို့တော်၌ ပြည်သူများဆန္ဒပြ

**ဝါဆော မေ ၇**

ပိုလန်နိုင်ငံ၌ အာဏာရပါတီက ဒီမိုကရေစီစနစ်အား ထိန်းချုပ်ကန့်သတ်သည်ဟုဆိုကာ အတိုက်အခံပါတီ ထောက်ခံသူ လူထောင်ပေါင်းများစွာက ဝါဆောမြို့တော်တွင် စုဝေးချီတက်ကာ ဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဏာရ လက်ယာယိမ်းပါတီသည် ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပိတ်ပင်တားဆီးနေသည်ဟု ဆန္ဒပြသူများက ပြောကြားကြသည်။

မေ ၆ ရက်က လွတ်မြောက်ရေးချီတက်ပွဲဟု အမည်ပေးထားသော ဆန္ဒပြပွဲကို အတိုက်အခံပါတီက ဦးဆောင်ခဲ့သည်။

ဂျရိုစလော ကာဇင်စကီး၏ လက်ယာယိမ်း အမျိုးသားရေးဝါဒထောက်ခံသော ဥပဒေနှင့် တရားမျှတရေးပါတီသည် တရားရုံးများနှင့် မီဒီယာအဖွဲ့အစည်းများ၏ လွတ်လပ်ခွင့်ကို ထိပါးလျက်ရှိကြောင်း အတိုက်အခံပါတီဖြစ်သော ဆီဗစ်ပလက်ဖောင်း ထောက်ခံသူများက ပြောကြားကြသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးအပေါ် ထိန်းချုပ်ကန့်သတ်မှုများ ဖျက်သိမ်းပေးရန်လည်းကောင်း၊ ပြည်သူပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနတို့၏ ထုတ်လွှင့်မှုများကို အာဏာရပါတီက စွက်ဖက်မှုများပြုလုပ်ခြင်းမှ ရပ်ဆိုင်းပေးရန်လည်းကောင်း ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။



ယခုနှစ် ယခုအချိန်အထိ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများအနက် အကြီးကျယ်ဆုံး ဆန္ဒပြပွဲဖြစ်ပြီး ပြည်သူ ၉၀၀၀၀ အထိ ပါဝင်အင်အားပြခဲ့ကြသည်။

လက်ရှိအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို အားနည်းစေပြီး မီဒီယာများအပေါ် ထိန်းချုပ်မှုပြုလုပ်လျက်ရှိသဖြင့် ဒီမိုကရေစီကျင့်စဉ်၏ သဘောတရားဖြစ်သော နိုင်ငံတော်၏ မဏ္ဍိုင်များအကြား အပြန်အလှန် ထိန်းကျောင်းရေးအားနည်းရကြောင်း အတိုက်အခံများက ပြောကြားကြသည်။

**ရိုက်တာ။**

# ကမ္ဘာ့အသက်ကြီးဆုံး ဧဝရက်တောင်တက်သမားစံချိန်ချိုးရန်ကြိုးစားသည့် တောင်တက်သမားသေဆုံး

**ခတ္တမန္ဒူ မေ ၇**

တစ်ချိန်က ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်သည့် ကမ္ဘာ့အသက်ကြီးဆုံးသူအဖြစ် မှတ်တမ်းတင်ခံထားရသော နီပေါနိုင်ငံသား တောင်တက်သမားတစ်ဦးသည် လက်ရှိစံချိန်ကို ချိုးဖြတ်ရန် ကြိုးစားစဉ် သေဆုံးသွားခဲ့သည်။




အသက်(၈၅)နှစ်ရှိ မင်းဘဟီဒူရှာချန်သည် မေ ၆ ရက် မွန်းလွဲပိုင်းတွင် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၅၄၀၀ အမြင့်ရှိ တောင်ခြေစခန်းတွင် သေဆုံးသွားခဲ့ကြောင်း နီပေါတာဝန်ရှိသူများက ပြောကြားသည်။

ဘဟီဒူရှာချန် ဘာကြောင့်သေဆုံးသွားရသည်ကို မသိရသေးသော်လည်း နှလုံးရောဂါခံစားရပြီး သေဆုံးရဖွယ်ရှိသည်ဟု ယူဆကြသည်။

ဘဟီဒူရှာချန်သည် ၂၀၀၈ ခုနှစ် အသက်(၇၆)နှစ်အရွယ်တွင် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည် ကမ္ဘာ့အသက်ကြီးဆုံးသူအဖြစ် သတ်မှတ်ခံခဲ့ရသည်။

၎င်း၏စံချိန်ကို နောက်ငါးနှစ်အကြာတွင် အသက်(၈၀)အရွယ်ရှိ ဂျပန်နိုင်ငံသား ယူအီချီရို မီရာက ချိုးဖြတ်နိုင်ခဲ့သည်။

ဘဟီဒူရှာချန်သည် ဧဝရက်တောင်ထိပ်သို့ ထပ်မံတက်ရောက်ပြီး စံချိန်သစ်တင်ရန် လွန်ခဲ့သည့်လက အဆိုပါတောင်ခြေစခန်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဘဟီဒူရှာချန်က ၎င်း၏ တောင်တက်ခရီးအောင်မြင်မည်ဟု ယုံကြည်ကြောင်း တောင်ခြေသို့ မသွားရောက်မီ ခတ္တမန္ဒူမြို့တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ပြန်ပေးဆွဲထားသည့်ကျောင်းသူ ၈၀ ကျော် ဘိုကိုဟာရမ် ပြန်လွှတ်ပေး

**အဘူဂျာ မေ ၇**

ဘိုကိုဟာရမ်စစ်သွေးကြွများက လွန်ခဲ့သည့်သုံးနှစ်တွင် ၎င်းတို့ပြန်ပေးဆွဲခေါ်ဆောင်သွားသည့် ကျောင်းသူ ၂၀၀ ကျော်အနက် ၈၂ ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း နိုင်ဂျီးရီးယားအစိုးရက ပြောကြားသည်။

ယခုကဲ့သို့ ပြန်လွှတ်ပေးခြင်းသည် အစိုးရက ဖမ်းဆီးရမိထားသည့် စစ်သွေးကြွများဟု ယူဆရသူများနှင့် အလဲအလှယ်ပြုလုပ်ခြင်းဖြစ်ကြောင်း အစိုးရက မေ ၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပြန်လည်လွတ်မြောက်လာသည့် မိန်းကလေးများ အနေဖြင့် ၎င်းတို့မိသားစုများနှင့် ပြန်လည်မဆုံစည်းမီ ကျန်းမာရေးစစ်ဆေးမှုခံယူရဖွယ်ရှိနေသည်။

အဆိုပါ မိန်းကလေးများကို ဘိုကိုဟာရမ်စစ်သွေးကြွများက ၂၀၁၄ ခုနှစ် ဧပြီလတွင် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ စာသင်ကျောင်းတစ်ကျောင်းမှ ပြန်ပေးဆွဲသွားခြင်းဖြစ်သည်။ မိန်းကလေးငယ်များကို ကျွန်အဖြစ်ရောင်းချသွားမည်ဟု ဘိုကိုဟာရမ်တို့က ခြိမ်းခြောက်ခဲ့သည်။

လွန်ခဲ့သည့်နှစ်တွင် အစိုးရနှင့် စစ်သွေးကြွများ စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး မိန်းကလေး ၂၀ လွတ်မြောက်ခဲ့သည်။ ယခုနောက်ဆုံးလွတ်မြောက်လာမှုမှာ အများဆုံးဖြစ်ပြီး ကျန်ရှိနေသည့် မိန်းကလေးများ ထပ်မံလွတ်မြောက်လာလိမ့်မည်ဟု မျှော်လင့်နေကြသည်။



အစိုးရက ဘိုကိုဟာရမ်စစ်သွေးကြွများကို နှိမ်နင်းတိုက်ခိုက်လျက်ရှိပြီး နယ်မြေများကို ပြန်လည်သိမ်းပိုက်လျက်ရှိသည်။ သို့သော်လည်း စစ်သွေးကြွများက ၎င်းတို့အခိုင်အမာ ခြေကုပ်ယူထားသည့် အရှေ့မြောက်ပိုင်းဒေသတွင် မိန်းကလေးငယ်များကို အသေခံဗုံးခွဲသူများအဖြစ် အသုံးချ၍ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

## ဥရောပသို့ ဝင်ရောက်ရန် ကြိုးပမ်းသူ ၃၀၀၀ ခန့်ကို မြေထဲပင်လယ်အတွင်း ကယ်တင်ပေးခဲ့ရ

**ရောမ မေ ၇**

ဥရောပသို့ ရောက်ရှိရန်ကြိုးပမ်းကြသည့် ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူ ၃၀၀၀ ခန့်ကို မြေထဲပင်လယ်အတွင်း ကယ်တင်ပေးခဲ့ရကြောင်း အီတလီ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက မေ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အီတလီကမ်းရိုးတန်းစောင့်တပ်ဖွဲ့နှင့် ရေတပ်၊ ဥရောပသမဂ္ဂ(အီးယူ)က မြေထဲပင်လယ်အတွင်း ဆောင်ရွက်သည့် စစ်ဆင်ရေးလုပ်ငန်းအဖွဲ့၊ အီးယူ နယ်စပ်ဒေသ အေဂျင်စီ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ကုန်သင်္ဘောများပါဝင်ပြီး သီးခြားဆောင်ရွက်သည့် ကယ်ဆယ်ရေးလုပ်ငန်းများအရ လူပေါင်း ၃၀၀၀ ခန့်ကို မြေထဲပင်လယ်အတွင်းမှ ကယ်တင်ပေးခဲ့ရကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

ကယ်တင်ခံရသူများမှာ မည်သည့်နိုင်ငံသားများဖြစ်ကြသည်ကို အီတလီ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က အသေးစိတ် ပြောကြားခြင်းမရှိပေ။

ဧပြီ ၂၆ ရက် အခြေပြစာရင်းအရ ပင်လယ်ရေကြောင်းလမ်းမှတစ်ဆင့် ဥရောပသို့ ဆိုက်ရောက်လာသော ရွှေ့ပြောင်းအခြေစိုက်သူဦးရေမှာ ယခုနှစ် ယခုအချိန်အထိ ၄၃၄၉၀ ရှိပြီး လူပေါင်း ၁၀၀၀ ကျော်မှာ ပင်လယ်ပြင်ကို ဖြတ်သန်းစဉ် သေဆုံး(သို့မဟုတ်) ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

## ဟားမားစ်အဖွဲ့၏ နိုင်ငံရေးရာအကြီးအကဲသစ်အဖြစ် အစ္စမေးလ် ဟာနီယာအား ရွေးချယ်တင်မြှောက်

**ဂါဇာ မေ ၇**

ဂါဇာအခြေစိုက် ပါလက်စတိုင်း ဟားမားစ်အဖွဲ့သည် ယင်းအဖွဲ့၏ နိုင်ငံရေးရာ အကြီးအကဲသစ်အဖြစ် အစ္စမေးလ် ဟာနီယာအား ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စလာမ့်စ် လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံရေးဗျူရို အကြီးအကဲအဖြစ် ဟာနီယာအား ဟားမားစ်ရှူရာကောင်စီက မေ ၆ ရက်တွင် ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဟားမားစ်အဖွဲ့က ယင်း၏ အင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ကာတာနိုင်ငံအခြေစိုက် ဝါရင့်နိုင်ငံရေးသမား ခါလစ်မီရှား၏နေရာကို အစားထိုးမည့်ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဟာနီယာအား ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

ဟားမားစ်အဖွဲ့သည် မူဝါဒရေးရာ ကြေညာစာတမ်းသစ်ကို လွန်ခဲ့သည့် ရက်သတ္တပတ်က ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် ဟားမားစ်အဖွဲ့က ခေါင်းဆောင်သစ်ကို ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ ပါလက်စတိုင်း နိုင်ငံတော်ကို ၁၉၆၇ ခုနှစ် နယ်နိမိတ်မျဉ်းများအပေါ် အခြေခံ၍ ထူထောင်ရေးကို ယင်းမူဝါဒရေးရာ ကြေညာစာတမ်းတွင် ဖော်ပြထားသည်။

၁၉၆၇ ခုနှစ် နယ်နိမိတ်မျဉ်းများ၏ တစ်စိတ်တစ်ဒေသကိုမျှ စွန့်လွှတ်မည်မဟုတ်ကြောင်း အချက်ပေါင်း ၄၂ ချက်ပါဝင်သည့် မူဝါဒရေးရာ ကြေညာစာတမ်းတွင် ဖော်ပြထားသည်။

ဟာနီယာသည် ၂၀၀၆ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ၌ ဟားမားစ်အဖွဲ့ အနိုင်ရရှိခဲ့ပြီးနောက် ပါလက်စတိုင်း ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ထိုစဉ်အတွင်း အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ငန်းစဉ် ပြန်လည်ရှင်သန်လာစေရေးအတွက် စေ့စပ်ပေးသူ၏အခန်းကဏ္ဍကို ရယူမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က မကြာသေးမီက ပြောကြားခဲ့သည်။

**ဝီတီအိုင်။**

# နိုင်ငံတကာမြင်ကွင်း



**မြောက်ကိုရီးယားနိုင်ငံ အခြေအနေကို အဓိကထားပြီး အာဆီယံခေါင်းဆောင်တွေဆီကို တစ်ဦးချင်း ဖုန်းဆက်ပြောဆိုခဲ့တဲ့ သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ခြေလှမ်းဟာ မဟာဗျူဟာမြောက် အနေအထားမှာရှိတဲ့ အာဆီယံဒေသနဲ့ပတ်သက်ပြီး တိကျတဲ့ သံတမန်ရေးချဉ်းကပ်မှု ပုံစံကို ပုံဖော်နိုင်မယ့် အခွင့်အရေးကို သမ္မတ ဒေါ်နယ်ထရန့် ရရှိလာအောင် ဖန်တီးပေးနိုင်ပါ့မလားလို့ တချို့က မေးခွန်းထုတ်ကြပါတယ်။**

## ရဲရင့်လင်းလက်

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားနိုင်ငံကို ထိန်းချုပ်နိုင်ဖို့ သူ့ရဲ့ ဒေသတွင်းမဟာမိတ်ဟောင်းတွေကို ချဉ်းကပ်ခဲ့ပါတယ်။ ဒါပေမယ့် ဒေသတွင်း မဟာမိတ်ဟောင်းတွေက သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အစီအစဉ်ကို အပြည့်အဝ လက်ခံပါ့မလားဆိုတာက မသေချာပါဘူး။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖိလစ်ပိုင်သမ္မတ ဒူတာတေးကို ဧပြီ ၂၉ ရက်က ဖုန်းဆက်စကားပြောခဲ့ပါတယ်။ သမ္မတနှစ်ဦးက နွေးနွေးထွေးထွေးခင်ခင်မင်မင် ပြောခဲ့ကြတာပါ။ စကားပြောရင်းဆိုရင်း သမ္မတဒေါ်နယ်ထရန့်က သမ္မတဒူတာတေးကို အိမ်ဖြူတော်ကို အလည်လာဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီလို ဖုန်းဆက်ပြောဆိုခဲ့တာက သမ္မတဒေါ်နယ်ထရန့်အစိုးရအဖွဲ့ဟာ အရှေ့တောင်အာရှ မဟာမိတ်ဟောင်းကြီးတွေနဲ့ မဟာဗျူဟာမြောက် ဆက်လက်ဆက်ဆံမယ်ဆိုတာကို အထင်ရှားဆုံး ပြသလိုက်တဲ့ ချဉ်းကပ်မှုလို့ ပြောနိုင်ပါတယ်။

နောက်တစ်နေ့မှာ သမ္မတဒေါ်နယ်ထရန့်က ထိုင်းစစ်ခေါင်းဆောင်ပရာရွတ်(Prayuth)နဲ့ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့ဆီကို ဒီလိုပဲ ဖုန်းဆက်ပြီး အိမ်ဖြူတော်ကို လာရောက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီခရီးစဉ်တွေ ဘယ်နေ့ဖြစ်လာမလဲဆိုတာက မသေချာသေးပေမယ့် ဝေဖန်သံတွေကတော့ အတော်ကြီးကို ထွက်နေပါပြီ။ သမ္မတဒေါ်နယ်ထရန့်က အာဏာရှင်တွေကို အလိုလိုက်အကြိုက်ဆောင်နေတယ်ဆိုပြီး လူ့အခွင့်အရေးအုပ်စုတွေနဲ့ သတင်းမီဒီယာသမားတွေက ဝေဖန်နေကြတာပါ။ အမေရိကန်အစိုးရ အရာရှိတွေကတော့ အာဆီယံခေါင်းဆောင်တွေဆီ သမ္မတဒေါ်နယ်ထရန့်က ဒီလို ဖုန်းဆက်ပြောဆိုမှုတွေဟာ မြောက်ကိုရီးယားနိုင်ငံကို သံတမန်ရေးနဲ့ စီးပွားရေးအရဖိအားပေးဖို့ ရည်ရွယ်ပြုလုပ်ခဲ့တာပါလို့ ရှင်းလင်းပြောဆိုခဲ့ကြပါတယ်။ အားလုံးသိတဲ့အတိုင်း ကိုရီးယားကျွန်းဆွယ်မှာ စစ်ဖြစ်တော့မလိုလို အနေအထားအထိ တင်းမာမှုတွေက ကြီးထွားနေတာပါ။ နိုင်ငံရေးဝေဖန်သုံးသပ်သူတချို့ကတော့ သမ္မတ ဒေါ်နယ်ထရန့် ဒီလိုဖုန်းဆက်ပြောဆိုမှုတွေဟာ မြောက်ကိုရီးယားနိုင်ငံကိုဆန့်ကျင်ဖို့ မဟာမိတ်အဖွဲ့စုစည်းနေတာလို့ သုံးသပ်ကြပါတယ်။ ဒီလို သုံးသပ်ကြတဲ့အခါ သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ဒီလုပ်ရပ်ကို ၂၀၀၃ ခုနှစ် အီရတ်ကျူးကျော်မှုမတိုင်ခင် သမ္မတ ဂျော့ဂ်ျဒဗလျူဘုရှ်ရဲ့ သံတမန်ရေးကြိုးပမ်းမှုတွေနဲ့ နှိုင်းယှဉ်ရေးသားကြပါတယ်။

ဒီအာဆီယံနိုင်ငံ သုံးနိုင်ငံစလုံးဟာ မြောက်ကိုရီးယားနိုင်ငံအပေါ် ဩဇာတစ်စုံတစ်ရာရှိတဲ့ နိုင်ငံတွေပါ။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း(WTO)ရဲ့ အဖွဲ့ခွဲတစ်ခုဖြစ်တဲ့ နိုင်ငံတကာကုန်သွယ်ရေးဗဟိုဌာန (International Trade Center-ITC) ရဲ့ ထုတ်ပြန်ချက်အရ နိုင်ငံတကာကုန်သွယ်မှုကို ကြည့်လိုက်ရင် မနှစ်က ဖိလစ်ပိုင်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံရဲ့ တတိယမြောက် အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံပါ။ ဖိလစ်ပိုင်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံရဲ့ တတိယမြောက် အကြီးမားဆုံးနိုင်ငံဆိုပေမယ့် တရုတ်နိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံအကြား ကုန်သွယ်မှုနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ ပမွှားပဲလို့ပြောရမှာပါ။ ဖိလစ်ပိုင်-မြောက်ကိုရီးယားကုန်သွယ်မှုဟာ ဒေါ်လာ ၈၇ သန်း ပမာဏပဲရှိတာပါ။ ဒီပမာဏဟာပြောရရင် တရုတ်-မြောက်ကိုရီးယား ကုန်သွယ်မှုရဲ့ နှစ်ရာခိုင်နှုန်းလောက်ပဲရှိတာပါ။

မြောက်ကိုရီးယားနိုင်ငံက မနှစ်က ထိုင်းနိုင်ငံကနေ ဒေါ်လာ ၄၆ သန်းပမာဏရှိတဲ့ကုန်ပစ္စည်းတွေ ဝယ်ယူတင်သွင်းခဲ့ပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံဟာ မြောက်ကိုရီးယားနိုင်ငံရဲ့ အကြီးမားဆုံးကုန်သွယ်ဖက် လေးနိုင်ငံစာရင်းမှာပါဝင်လာပါတယ်။ ဒါကလည်း နိုင်ငံတကာကုန်သွယ်ရေးဗဟိုဌာန (ITC) ထုတ်ပြန်ချက်အရ ပြောတာပါ။ ၂၀၀၉ ခုနှစ်ကစပြီး ထိုင်းဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Loxley Pacific ဟာ မြောက်ကိုရီးယားအစိုးရနဲ့ ဖက်စပ်ကုမ္ပဏီတစ်ခုထူထောင်ပြီး မြောက်ကိုရီးယားနိုင်ငံမှာ အင်တာနက်စနစ်တစ်ရပ် ထူထောင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ သမ္မတ ဒေါ်နယ်ထရန့်က ဒူတာတေးနဲ့ ပရာရွတ်တို့ကို မြောက်ကိုရီးယားနိုင်ငံနဲ့ ကုန်သွယ်မှုတွေ လျှော့ချဖို့ ပြော၊ မပြော မသေချာပေမယ့် ဒါဟာ ဖြစ်နိုင်ခြေရှိတယ်လို့ သံတမန်ရေးသုံးသပ်သူတွေက ယုံကြည်ကြပါတယ်။ ဒီလိုအခြေအနေတွေနဲ့ အကျွမ်းတဝင်ရှိတဲ့ ဘန်ကောက်အခြေစိုက် သံတမန်တစ်ဦးကတော့ ကိုးမိနစ်ကြာတဲ့ ဒေါ်နယ်ထရန့်-ပရာရွတ် ဖုန်းပြောဆိုမှုမှာ ခြောက်မိနစ်ဟာ မြောက်ကိုရီးယားနိုင်ငံအကြောင်းကိုပဲ ပြောဆိုခဲ့တာပါလို့ ဆိုပါတယ်။ ပြောရရင် သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ပရာရွတ်ကို ဒီလို ဖုန်းဆက်ပြောဆိုခဲ့တဲ့ ချဉ်းကပ်မှုဟာ သမ္မတ အိုဘားမားရဲ့ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးအပေါ် အလေးအနက် ချဉ်းကပ်ခဲ့မှုနဲ့တော့ သိသိသာသာ ကွဲလွဲနေပါတယ်။ ထိုင်းအစိုးရကတော့ သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ချဉ်းကပ်ပုံကို ကြိုဆိုခဲ့တာကတော့ အံ့သြစရာမရှိပါဘူး။ ထိုင်းနိုင်ငံမှာ စစ်တပ်က သိမ်းခဲ့တဲ့ ၂၀၁၄ ခုနှစ် မေလနောက်ပိုင်း ထိုင်း-အမေရိကန်ဆက်ဆံရေးဟာ အေးစက်စက်ဖြစ်နေခဲ့တာပါ။ ဘန်ကောက်မှာရှိတဲ့ အမေရိကန်သံရုံးကတောင် သမ္မတ ဒေါ်နယ်ထရန့်က ထိုင်းဝန်ကြီးချုပ် ပရာရွတ်ကို ဖုန်းဆက်ဖို့ ပြင်ဆင်လုပ်ကိုင်ခဲ့တာနဲ့ပတ်သက်ပြီး ကြိုသိ/မသိဆိုတာဟာ ရှင်းရှင်းလင်းလင်းမရှိပါဘူး။

သမ္မတဒေါ်နယ်ထရန့်က မြောက်ကိုရီးယားနိုင်ငံအပေါ် ဒုတိယအဆင့် ပိတ်ဆို့ပစ်ခတ်မှုတွေ ပြုလုပ်ခဲ့ရင် အရှေ့တောင်အာရှရဲ့ ဘဏ္ဍာရေးဗဟိုအချက်အချာဖြစ်တဲ့ စင်ကာပူနိုင်ငံဟာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လာမှာပါ။ ဒုတိယအဆင့် ပိတ်ဆို့ဒဏ်ခတ်မှုရဲ့ သဘောက မြောက်ကိုရီးယားနိုင်ငံနဲ့ ဘဏ္ဍာရေးအရ အဆက်အဆံတွေရှိတယ်လို့ ဖော်ထုတ်တွေ့ရှိတဲ့ဘဏ်တွေနဲ့ ကုမ္ပဏီတွေကို အမေရိကန်ဘဏ္ဍာရေးစနစ်ထဲ ဝင်ရောက်အသုံးပြုခွင့်မရအောင် ပိတ်ပင်ဟန့်တားထားတာပါ။ New York Times သတင်းစာကြီးရဲ့ ဖေဖော်ဝါရီလအတွင်း ရေးသားဖော်ပြချက်အရ စင်ကာပူနိုင်ငံဟာ တရုတ်၊ ဟောင်ကောင်နဲ့ မကာအိုဒေသတွေနဲ့အတူ မြောက်ကိုရီးယားနိုင်ငံရဲ့ နိုင်ငံတကာငွေပေးငွေယူမှုတွေကို ပုန်းလျှိုးကွယ်လျှိုး ဆောင်ရွက်ရာနေရာတစ်ခုပါ။ ဒီလို ပုန်းလျှိုးကွယ်လျှိုး ငွေပေးငွေယူတွေကနေတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားနဲ့ ဒုံးပျံလိုစီမံကိန်းကြီးတွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေတာပါ။ New York Times သတင်းစာကြီးရဲ့ရေးသားချက်သာ မှန်ခဲ့ရင် စင်ကာပူမှာ မြောက်ကိုရီးယားခေါင်းဆောင်က ငွေပမာဏဘယ်ရွေ့ဘယ်မျှ ပုန်းလျှိုးကွယ်လျှိုး သိမ်းထားတယ်ဆိုတာကိုတော့ တိတိကျကျသိဖို့ မလွယ်ပါဘူး။

မြောက်ကိုရီးယားနိုင်ငံအခြေအနေကို အဓိကထားပြီး အာဆီယံခေါင်းဆောင်တွေဆီကို တစ်ဦးချင်း ဖုန်းဆက်ပြောဆိုခဲ့တဲ့ သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ခြေလှမ်းဟာ မဟာဗျူဟာမြောက် အနေအထားမှာရှိတဲ့ အာဆီယံဒေသနဲ့ပတ်သက်ပြီး တိကျတဲ့သံတမန်ရေး ချဉ်းကပ်မှုပုံစံကို ပုံဖော်နိုင်မယ့်အခွင့်အရေးကို သမ္မတ ဒေါ်နယ်ထရန့်ရရှိလာအောင် ဖန်တီးပေးနိုင်ပါ့မလားလို့ တချို့ကမေးခွန်းထုတ်ကြပါတယ်။ သမ္မတ အိုဘားမားဟာ တရုတ်နိုင်ငံရဲ့ ကြီးထွားလာနေတဲ့ ဩဇာအာဏာကို တုံ့ပြန်ထိန်းချုပ်နိုင်ဖို့ အရှေ့တောင်အာရှဒေသကို မဏ္ဍိုင်ဆုံချက်ထားပြီး စီးပွားရေးအရရော မဟာဗျူဟာအရပါ နီးကပ်တဲ့ဆက်ဆံရေးတွေထားရှိဖို့ မူဝါဒချမှတ်ခဲ့ပြီး ဒီမူဝါဒနှင့်အညီ အရှေ့တောင်အာရှခေါင်းဆောင်တွေနဲ့ ခိုင်မာတဲ့ဆက်ဆံရေးတွေ ထူထောင်ထားရှိခဲ့ပါတယ်။

သမ္မတဒေါ်နယ်ထရန့် အစိုးရအဖွဲ့ကတော့ သမ္မတ အိုဘားမားရဲ့ ဒီမဏ္ဍိုင်ဆုံချက်မူဝါဒကို အပြောသက်သက်သံတမန်ရေးလို့ နှိမ့်ချပြောဆိုခဲ့ပေမယ့် သူတို့ဟာ အရှေ့တောင်အာရှဒေသနဲ့ ပတ်သက်ပြီး ဘယ်လို ကွဲပြားတဲ့မူဝါဒမျိုး ပုံဖော်မယ်ဆိုတာကိုတော့ ရှင်းရှင်းလင်းလင်း တင်ပြခဲ့တာမျိုးတော့ မရှိသေးပါဘူး။ အရှေ့တောင်အာရှနိုင်ငံအတော်များများရဲ့ ကုန်သွယ်မှုလုပ်ငန်းစဉ်တွေမှာ အသက်ဝင်လှုပ်ရှားနေပြီဖြစ်တဲ့ သမ္မတ အိုဘားမားရဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်ရေး(Trans-Pacific Partnership - TPP)ကို သမ္မတဒေါ်နယ်ထရန့်က ရုပ်သိမ်းပယ်ဖျက်ခဲ့တဲ့အတွက် အရှေ့တောင်အာရှ ခေါင်းဆောင်တွေဟာ အာဆီယံဒေသနဲ့ ပတ်သက်လာရင် သမ္မတ ဒေါ်နယ်ထရန့်က ပူးပေါင်းဆောင်ရွက်ရေးထက် ထိပ်တိုက်ရင်ဆိုင်ရေးကိုပဲ လုပ်လေမလားလို့ စိုးရိမ်ပူပန်နေကြတာပါ။ ။

ကမ္ဘာ့ကြက်ခြေနီနေ့ဂုဏ်ပြုဆောင်းပါး

# ဟင်နရီဒူးနန့်နှင့် ကမ္ဘာ့ကြက်ခြေနီနေ့တို့အား ဂုဏ်ပြုသောအားဖြင့် . . .

## သန်းတင်အောင် (ကြေးမုံ)

**ကမ္ဘာ့ကြက်ခြေနီအဖွဲ့အစည်း၏ လူမှုအကျိုးပြုလုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်နေသူတို့ကလည်း အခကြေးငွေမယူသည့် စေတနာ့ဝန်ထမ်းသက်သက်သာဖြစ်ပေရာ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈၆ နိုင်ငံမှ စေတနာ့ဝန်ထမ်း ၉၇ သန်းကျော်ဖြင့် လူမှုရေးအကျိုးပြုလုပ်ငန်းရပ်များကို ယခုအချိန်အထိ ဆောင်ရွက်နေဆဲဖြစ်ပေသည်။**

မေ ၈ ရက်နေ့သည် ကမ္ဘာ့ကြက်ခြေနီနေ့ ဖြစ်သည်။ ၁၈၂၈ ခုနှစ် မေ ၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံတွင် မွေးဖွားသော ပြင်သစ်နွယ်ဖွား ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် ထိုနေ့ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ဟင်နရီဒူးနန့်သည် ဆွစ်ဇာလန်နိုင်ငံ၌ပင် အခြေချနေထိုင်ပြီး ဘဏ်ဒါရိုက်တာနှင့် ကုမ္ပဏီဒါရိုက်တာလူကြီးဖြစ်သည်။

ဟင်နရီဒူးနန့်လမ်းပြခဲ့သော မွန်မြတ်လှသည့် ရှေးဦးသူနာပြုစုနည်း၏ အဓိကရည်မှန်းချက်မှာ လူသားတို့၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရေးဟူ၍ ဖြစ်သည်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် လူမျိုးရေးခွဲခြားမှုမရှိဘဲ ကြားနေအဖွဲ့အစည်းအဖြစ် လွတ်လပ်၍ တက်ကြွစွာဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပေသည်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့အစည်း၏ လူမှုအကျိုးပြုလုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်နေသူတို့ကလည်း အခကြေးငွေမယူသည့် စေတနာ့ဝန်ထမ်းသက်သက်သာ ဖြစ်ပေရာ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈၆ နိုင်ငံမှ စေတနာ့ဝန်ထမ်း ၉၇ သန်းကျော်ဖြင့် လူမှုရေးအကျိုးပြုလုပ်ငန်းရပ်များကို ယခုအချိန်အထိ ဆောင်ရွက်နေဆဲ ဖြစ်ပေသည်။

ဟင်နရီဒူးနန့်အား ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်ပေါ်လာရသည့် နောက်ကွယ်တွင် ဟင်နရီဒူးနန့်၏ ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ်၊ ကရုဏာ၊ စေတနာ၊ စွန့်လွှတ်အနစ်နာခံမှုများသည် အံ့အားသင့်ဖွယ်ရာ မြင်တွေ့နိုင်ပေသည်။

ဒူးနန့် အသက် ၃၁ နှစ်အရွယ်ခန့် (၁၈၅၉ ခုနှစ် ဇွန်လ)တွင် ဩစတြီးယားတပ်များသည် အီတလီမြောက်ပိုင်းကို သိမ်းပိုက်ကျွန်ပြုထားသည်ဖြစ်ရာ ထိုဒေသရှိ ဆိုဖာရီနိုမြို့၌ ပြင်သစ်နှင့် ဆားဒီးနီးယားတို့က တစ်ဖက်၊ ဩစတြီးယားကတစ်ဖက် စစ်ဖြစ်ပွားလျက်ရှိသည်။ ဩစတြီးယားတပ်များကို ဖရန့်ဂျိုးဇက်ဘုရင်ကိုယ်တိုင်ကြီးမှူးကွပ်ကဲသည်။ ပြင်သစ်နှင့် ဆားဒီးနီးယားတပ်များကိုမူ တတိယမြောက် နပိုလီယံဘုရင်ကိုယ်တိုင်ကြီးမှူးကွပ်ကဲလျက်ရှိသည်။

အမှန်စင်စစ်အားဖြင့် ဒူးနန့်သည် ထိုနေရာသို့ စစ်ရေးအတွက် ရောက်ရှိလာခြင်းမဟုတ်ဘဲ စီးပွားရေးအတွက် ရောက်ရှိလာခြင်းသာ ဖြစ်သည်။ သူ၏ ကုမ္ပဏီသည် ထိုစဉ်က ပြင်သစ်ပိုင်ဖြစ်သော အယ်လ်ဂျီးရီးယားနိုင်ငံသို့ လေရဟတ်များ ရောင်းချရန်အတွက် ပြင်သစ်အစိုးရထံမှ ခွင့်ပြုချက်တောင်းခံခဲ့သည်။ ထိုတောင်းခံချက်ကို ပါရီမြို့ရှိ ကိုလိုနီဆိုင်ရာဌာနက ငြင်းပယ်လိုက်ခြင်းကြောင့် သူသည် အီတလီစစ်မြေပြင်၌ ရောက်ရှိနေသော နပိုလီယံဘုရင်ထံမှ ခွင့်ပြုချက်တောင်းခံရန် ရောက်ရှိလာခြင်းဖြစ်သည်။

ဒူးနန့်သည် ဆိုဖာရီနိုမြို့သို့ ရောက်ရှိသောအခါ လမ်းပိတ်ဆို့ထားသော ပြင်သစ်စစ်သားများကြောင့် ရှေ့ဆက်သွား၍ မရတော့ဘဲဖြစ်နေလေသည်။ သူသည် အခွင့်ရခိုက် စစ်တိုက်ခိုက်သည်ကို မတွေ့မြင်ဖူးသဖြင့် ကြည့်ရှုလေ့လာရန် လိုက်ပါသွားခဲ့သည်။ မကြာမီ သူသည် စစ်မြေပြင်သို့ ရောက်ရှိသွားသည်။ ဩစတြီးယားတပ်သားများသည် ရန်သူကိုတိုက်ခိုက်ရန် အသင့်ပြင်ပြီး ဖြစ်သည်။ ပြင်သစ်နှင့် ဆားဒီးနီးယား တပ်သားများသည်လည်း ရန်သူများရှိရာသို့ တစ်ဟုန်ထိုး ချီတက်လာကြသည်။ နှစ်ဖက်တပ်သား စုစုပေါင်းအင်အားမှာ သုံးသိန်းကျော်ရှိပေရာ ဒူးနန့်သည် ထိုတိုက်ပွဲကို စိတ်ဝင်စားစွာ ကြည့်ရှုနေသည်။ စစ်တပ်ကြီးနှစ်တပ် တွေ့ဆုံတိုက်ခိုက်ကြသောအခါတွင် အလွန်ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းလှသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရလေသည်။

ရှေးဦးစွာ အမြောက်သံများ၊ သေနတ်သံများကို နားကွဲလုမတတ် ကြားရသည်။ ထို့နောက် ခုတ်ကြထစ်ကြသော အသံများကို ကြားရသည်။ မရှေးမနှောင်းမှာပင် အော်ဟစ်ညည်းညူသံများကို ကြားရသည်။ စစ်မြေပြင်တစ်ခုလုံး ယမ်းငွေ့များ မှိုင်းဝေသွားပြီး ထိုယမ်းငွေ့များကြားတွင် လူသေကောင်များနှင့် ဒဏ်ရာရသူများကို မြင်မကောင်း၊ ရှုမကောင်း တွေ့မြင်ရသည်။ တိုက်ပွဲသည် ၁၅ နာရီမျှ ကြာမြင့်ခဲ့ပြီး နောက်ဆုံး၌ ဩစတြီးယားတပ်သည် အရေးနိမ့်ကာ ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားကြသည်။ စစ်မြေပြင်၌ ကျဆုံးသူနှင့် ဒဏ်ရာရသူများမှာ စုစုပေါင်း လေးသောင်းကျော်ရှိသည်။ ဒဏ်ရာရသူများသည် မိမိတို့လဲကျသည့် နေရာများတွင် သနားစဖွယ်အော်ဟစ်ညည်းညူကာ လူးလွန့်နေကြသည်။ ဒူးနန့်သည် ထိုရှုခင်းကို တွေ့ရသောအခါ ကြီးစွာသော တုန်လှုပ်ချောက်ချားခြင်း ဖြစ်ခဲ့သည်။ တစ်ဖန်တုန်လှုပ်ချောက်ချားရာမှ ကြီးစွာသော ကရုဏာ စေတနာလည်း ဖြစ်ပေါ်ခဲ့သည်။

ထိုလူနာများကိုကုသရန် လက်တစ်ဆုပ်စာမျှသာ ရှိသော စစ်ဘက်ဆိုင်ရာဆရာဝန်တို့သည်လည်း ခြေဖြတ်လက်ဖြတ်ရသောလုပ်ငန်းနှင့် ကြီးမားလှသည့် ဒဏ်ရာအပေါက်ကြီးများကို ဆို့ပိတ်ရသောလုပ်ငန်းများလောက်ကိုသာ လုပ်နိုင်သည်။ လူနာကလည်း များလွန်းသည်။ ဆရာဝန်ကလည်း နည်းလွန်းသည်။ ထို့ပြင် ဆေးဝါးပစ္စည်းကလည်း အလုံအလောက်မရှိပေ။ ဤအခြေအနေတွင် ဒူးနန့်သည် လူနာများကို အစွမ်းကုန်ကယ်ဆယ်မည်ဟူသော သန္နိဋ္ဌာန်ချလိုက်သည်။ သို့ဖြင့် သူသည် တပ်သားများခေါ်ဆောင်လာသည့် လူနာအချို့ကို ဘုရားရှိခိုးကျောင်းများ၊ စာသင်ကျောင်းများ၊ အိမ်များနှင့် တဲများတွင်ထား၍ သူ့တွင်ပါလာသော ငွေအားလုံးကို အီတလီရွာသားအချို့အား ပေးလိုက်ပြီး အနီးရှိမြို့သို့သွား၍ ဆေးဝါးနှင့် ပတ်တီးများ အမြန်ဝယ်ယူစေသည်။ ထို့ပြင် အနီးအနားရှိရွာများမှ အီတလီအမျိုးသမီးများကို စည်းရုံး၍ လူနာများကို ဝိုင်းဝန်းပြုစုစေသည်။ သူကိုယ်တိုင်လည်း ရေပုံးကိုထမ်းလျက် အနာများကို လိုက်လံဆေးကြော သုတ်သင်ပေးသည်။ ပတ်တီးစည်းပေးသည်။

ထို့ပြင် စစ်မြေပြင်၌ ကျန်ရှိနေသေးသည့် လူနာများကိုလည်း သယ်ဆောင်၍ နေရာချထားပေးသည်။လူနာများက သူ့အား "ဝတ်စုံဖြူနှင့်လူ"ဟူ၍ ခေါ်ကြသည်။ သို့ရာတွင် သူ့ဝတ်စုံဖြူမှာ လူနာများကို ပြုစုရသဖြင့် မဖြူတော့ဘဲ ညစ်ထည်းနေပြီ။ တစ်နေ့ သူသည် ပြင်သစ်တပ်သားလူနာများကို ပြုစုနေစဉ် ဩစတြီးယားတပ်သားလူနာနှစ်ယောက် ရောက်ရှိလာသည်။ ပြင်သစ်တပ်သားများက "ဟော့ ရန်သူတပ်သားတွေ ထွက်သွားကြ"ဟူ၍ အော်ဟစ်နှင်ထုတ်သည်။ ထိုအခါ ဒူးနန့်သည် ပြင်သစ်တပ်သားများ၏ အပြုအမူကို တားမြစ်ကာ၊ ဩစတြီးယားတပ်သား လူနာနှစ်ဦးကို ကောင်းစွာလက်ခံသည်။ "သည်နေရာမှာ ရန်သူဆိုတာ မရှိဘူး။ အားလုံး ညီရင်းအစ်ကိုတွေချည်းပဲ"ဟု ဒူးနန့်က ပြောဆိုသည်။ အစက အီတလီရွာသူရွာသားများသည် ပြင်သစ်နှင့် ဆားဒီးနီးယားတပ်သားလူနာများကိုသာ ပြုစုလိုကြသည်။ သူတို့ကို ကျွန်ပြုထားသော ဩစတြီးယားတပ်သားလူနာများကိုမူ မပြုစုလိုကြပေ။ သို့ရာတွင် ဒူးနန့်၏ ကြီးမားသော ကရုဏာစေတနာကို ခံစားသိရှိရသောအခါတွင် သူတို့သည်လည်း ရန်သူ၊ မိတ်ဆွေမရွေး ဒုက္ခရောက်သူ လူနာတိုင်းအပေါ် ကရုဏာထားတတ်ကြပေသည်။

စစ်ပွဲအပြီးတွင် ရန်သူနှင့် မိတ်ဆွေတို့သည် တစ်နေရာတည်းတွင် စုရုံးလျက် ဆင်းရဲဒုက္ခခံနေရရှာသည်။ ဒူးနန့်နှင့် အီတလီရွာသူရွာသားတို့သည် ထိုလူနာတို့ကို အစွမ်းကုန်ကူညီပြုစုစောင့်ရှောက်ကြသည်။ ငါတို့အားလုံးဟာ ညီအစ်ကိုအရင်းအချာတွေပဲ ဟူသော စကားသည် ဤကရုဏာရှင်များ၏ ရင်မှပေါ်ထွက်လာခဲ့ပေသည်။ ဒူးနန့်သည် ထိုအရပ်ဒေသ၌ ရက်ပေါင်းများစွာကြာအောင်ပင် လူနာများကို အစွမ်းကုန်ပြုစုစောင့်ရှောက်ခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံသို့ ပြန်လာခဲ့ပေသည်။

ဒူးနန့်သည် ထိုနေ့ထိုအချိန်မှစ၍ သူ၏ ကြွယ်ဝချမ်းသာမှုများနှင့် စီးပွားရေးလုပ်ငန်းများကို စိတ်မဝင်စားတော့ဘဲ လူနာများကို ကယ်တင်စောင့်ရှောက်ရေးလုပ်ငန်းကိုသာ စိတ်ဝင်စားတော့သည်။ လူနာများကို ကယ်ဆယ်ရန် စေတနာ့ဝန်ထမ်း ကရုဏာရှင်များ လိုအပ်သည့်နည်းတူ၊ ထိုကရုဏာရှင်များကိုလည်း သူနာပြုလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးရာတွင် သူနာပြုလုပ်ငန်းများကို မတတ်ကျွမ်းသဖြင့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရလေသည်။

ဒီလိုနှင့် သူသည် ဂျီနီဗာမြို့တွင်ရှိသော မိတ်ဆွေကြီးများဖြစ်သော ဗိုလ်ချုပ်ကြီးဒူဖိုး၊ ဂျီနီဗာ စေတနာ့ဝန်ထမ်းအသင်းကြီး၏ ဥက္ကဋ္ဌ ဂူစတေ့မိုနီယာ၊ ဒေါက်တာ အမွီယ၊ ဒေါက်တာသီအိုဒိုမောနေးတို့နှင့်အတူ ငါးဦးကော်မတီတစ်ရပ် ဖွဲ့စည်းလိုက်သည်။ လူနာများ ကယ်ဆယ်ပြုစုစောင့်ရှောက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ညီလာခံကြီးကို ဂျီနီဗာမြို့၌ ကျင်းပရန် ဆော်ဩဆောင်ရွက်ကြသည်။ ဒူးနန့်သည် ထိုညီလာခံကြီးဖြစ်မြောက်ရေးအတွက် မအိပ်မနေဆောင်ရွက်ခဲ့သည်။ ညီလာခံကြီးဖြစ်မြောက် အောင်မြင်ရေးအတွက် အရေးပါသော ပုဂ္ဂိုလ်ကြီးများကိုလည်း တွေ့ဆုံခဲ့သည်။

၁၈၆၃ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ အရေးပါအရာရောက်သော ကိုယ်စားလှယ်ကြီးများတက်ရောက်သော ပထမဦးဆုံးညီလာခံကို ဂျီနီဗာမြို့၌ ကျင်းပခဲ့သည်။ ၁၈၆၄ ခုနှစ်မှစ၍ ဒူးနန့်တောင့်တသော ကြက်ခြေနီအသင်းကြီး သန္ဓေတည်ခဲ့ပေသည်။ ကမ္ဘာအနှံ့ ပျံ့နှံ့သွားခဲ့သည်။ နောက်ဆုံး ကြက်ခြေနီလုပ်ငန်းသည် တစ်စတစ်စ တိုးတက်လာစဉ် ဒူးနန့်၏ စီးပွားရေးလုပ်ငန်းများမှာမူ တစ်စတစ်စ ဆုတ်ယုတ်ကျဆင်းလာခဲ့သည်။ သူသည် စီးပွားရေးလုပ်ငန်းများကို ဂရုမပြုဘဲ ကြက်ခြေနီလုပ်ငန်းများကိုသာ ဂရုပြုဆောင်ရွက်နေသောကြောင့် ဖြစ်သည်။ နောက်ဆုံး ၁၈၆၇ ခုနှစ်တွင် သူ၏စီးပွားရေးလုပ်ငန်းအားလုံး ဖရိုဖရဲပြိုကွဲပျက်စီးသွားလေသည်။ ထို့ကြောင့် ဒူးနန့်သည် နှစ်ပေါင်း ၃၀ ကျော်ကြာ ဂျီနီဗာမြို့မှ ပျောက်ကွယ်သွားခဲ့ပြီး ဟိုက်ဒင်အမည်ရှိ ဆွစ် တောင်ပေါ်ရွာလေးတစ်ရွာတွင် အခြေချနေထိုင်ခဲ့သည်။

၁၉၀၁ ခုနှစ်တွင် တည်ထောင်ခါစဖြစ်သော နိုဗယ်(လ်)ဆုချီးမြှင့်ရေးအဖွဲ့ကြီးက ပထမဆုံးသော ငြိမ်းချမ်းရေးဆိုင်ရာ နိုဗယ်(လ်)ဆုကြီးကို ဒူးနန့်နှင့် ပါစီတို့အား ခွဲဝေပေးလိုက်သည်။ ပါစီမှာ ငြိမ်းချမ်းရေးအသင်းကြီးကို တည်ထောင်သူ ပြင်သစ်လူမျိုး ဖရက်ဒရစ်ပါစီပင် ဖြစ်ပေသည်။ ၁၉၁၀ ပြည့်နှစ်တွင် ဒူးနန့်သည် ငြိမ်းချမ်းရေးနိုဗယ်(လ်)ဆုရရှိပြီး ကိုးနှစ်အကြာ အသက် (၈၂) နှစ်အရွယ်တွင် ဟိုက်ဒင်ရွာဆေးရုံလေးမှာပင် ကွယ်လွန်သွားခဲ့ပေသည်။ ၁၉ ရာစုနှစ်တွင် လူသားတို့အကျိုးကို ဆောင်ရွက်ဆုံးပုဂ္ဂိုလ်ကို ညွှန်ပြပါဆိုလျှင် ဟင်နရီဒူးနန့်ကို အများကပင် ညွှန်ပြကြပေသည်။

ဒူးနန့်ကဲ့သို့သော ထူးခြားမွန်မြတ်လှသည့် လုပ်ငန်းရပ်များဖြင့် ပြည်သူလူထု၏အကျိုးကို ရှေးရှုဖော်ဆောင်ခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည်လည်း ပြည်သူ့အကျိုးပြုလုပ်ငန်းရပ်များကို နှစ်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ပြည်သူတို့၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး၊ ရောဂါဘယ ကြိုတင်ကာကွယ်တားဆီးရေးနှင့် သဘာဝဘေးဒုက္ခများတွင် ကူညီဆောင်ရွက်ပေးရေးဟူသော လုပ်ငန်းကြီးသုံးရပ်ဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။

ထို့ကြောင့် ရှေးဦးသူနာပြုစုနည်းဖြင့် လူသားတို့၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရေး၊ လူမှုကရုဏာ စာနာရေး ဝိုင်းဝန်းလက်တွဲဖော်ဆောင်ပေးဆောင်ပုဒ်များနှင့်အညီ မြန်မာနိုင်ငံကြက်ခြေနီ အသင်းကြီးနှင့် ကမ္ဘာအရပ်ရပ်ရှိနိုင်ငံများမှ ကြက်ခြေနီအသင်းကြီးများ လူမှုအကျိုးပြုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေလ ၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပေသည်။ ။

**ကိုးကား-**

**၁။ နေ့သစ်များဆီသို့ blog-post (http://ntmst.blogspot.com/2010/03/blog-post_14.html)**
**၂။ မြဝတီရသစုံမဂ္ဂဇင်း**

## မိုးညိုမြို့နယ်အတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**မိုးညို မေ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်အတွင်းရှိ ပြည်သူများလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရွှေပြည်သာရပ်ကွက်၊ မြို့မရပ်ကွက်၊ ဇောတိကရပ်ကွက်၊ ရွှေဥဒေါင်းရပ်ကွက်၊ သခင်လှရှိန်ရပ်ကွက်တို့တွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ၆ ဒသမ ၃ မိုင်အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်မှူး ဦးမျိုးထိုက်ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ မေ ၁ ရက်တွင် လုပ်ငန်းများအားလုံးပြီးစီး၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းအားဖြင့် သာယာဝတီခရိုင် မိုးညိုမြို့နယ် မြို့ပေါ် ငါးရပ်ကွက်ဖြစ်သည့် ရွှေပြည်သာ၊ မြို့မ၊ ဇောတိက၊ ရွှေဥဒေါင်း၊ သခင်လှရှိန်ရပ်ကွက်တို့တွင် ယခင်က မီးသုံးသူ ၁၉၁၈ ဦးရှိခဲ့ရာမှ ယခုအခါ မီးသုံးသူ ၁၀၀၀ တိုးလာသဖြင့် စုစုပေါင်း ၂၉၁၈ ဦး ဓာတ်အားသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ (၄၉၇)

# ရခိုင်ပြည်နယ်အတွင်း ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေး ရွှေကျားရခိုင်ရက်ကန်းထည်အလုပ်ရုံ ဖွင့်လှစ်



**စစ်တွေ မေ ၇**

ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရကမတည်ငွေနှင့် ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ဦးဆောင်မှု၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဒေသခံအိမ်တွင်းလက်မှုလုပ်ငန်းဖြစ်သည့် ရွှေကျား ရခိုင်ရက်ကန်းထည်လုပ်ငန်းကို အလုပ်ရုံအဆင့်သို့ ယနေ့တိုးမြှင့်ဖွင့်လှစ်နိုင်ကြောင်း သိရသည်။

အဆိုပါ ရွှေကျားရခိုင်ရက်ကန်းထည်လုပ်ငန်း အလုပ်ရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလုပ်ရုံတည်ရှိရာ စစ်တွေမြို့ ကျားမသောက်ကျေးရွာ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရသစ်တာဝန်ယူခဲ့သည်မှာ တစ်နှစ်ကာလရှိခဲ့ပြီဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အားလုံး အချိုးညီစွာဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးမှုနည်းသော ပြည်နယ်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံသည် တည်ငြိမ်အေးချမ်းရေးဖြစ်ပြီး မိမိတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ယှဉ်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ရခိုင်ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယခုဖွင့်လှစ်သည့် ရက်ကန်းထည်လုပ်ငန်းသည် ရခိုင်ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ ယခုရှိရာရက်ကန်းစင် ၁၀၀ ထူထောင်နိုင်ခြင်းကြောင့် ရခိုင်ဒေသခံလူငယ် ၁၀၀ ခန့် အလုပ်အကိုင်ရရှိမည်ဖြစ်၍ ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပိုမိုလုပ်ကိုင်လာနိုင်ရန် ကြိုးစားကြစေလိုကြောင်း၊ အစိုးရအနေဖြင့်လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးလိုကြောင်း ပြောကြားပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရက်ကန်းထည်လုပ်ငန်းအလုပ်ရုံပိုင်ရှင်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် လုပ်ငန်းရှင်တို့သည် အလုပ်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေမြို့ မင်းကန်ချောင်းနွယ်ကျေးရွာသို့ သွားရောက်၍ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသူ ကျေးရွာသားများ၏ တင်ပြသည့် လမ်း၊ တံတားများကောင်းမွန်ရေး၊ သာမန်အချိန်တွင် စာသင်ကျောင်းအဖြစ်အသုံးပြုပြီး သဘာဝဘေးကျရောက်ချိန်တွင် ခိုလှုံရာ အဆောက်အအုံအဖြစ် အသုံးပြုနိုင်မည့် ဘက်စုံသုံးအဆောက်အအုံဆောက်လုပ်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဘေးကျရောက်ပါကအရေးပေါ်အသုံးပြုရန် လိုအပ်သောပစ္စည်းများ ဖြည့်ဆည်းပေးရေးကိစ္စရပ်များကို ဆွေးနွေးစီမံဆောင်ရွက်ပေးပြီး ကျေးရွာရှိကလေးများအား စားစရာနှင့် ကစားစရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိတ္ထီလာမြို့နယ်ရှိ ကျေးရွာများတွင် လျှပ်စစ်မီးလင်းရေးအောင်ပွဲကျင်းပ



**မိတ္ထီလာ မေ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု၊ ဆည်ကုန်းကျေးရွာ၊ ဆပ်ပြာကျင်းကျေးရွာ၊ အုပ်စုကြာကန်ကျေးရွာ၊ ကန်နီကျေးရွာအုပ်စု၊ လက်ခုပ်ပင်ကျေးရွာ၊ သာယာကုန်းကျေးရွာတို့၏ လျှပ်စစ်မီးလင်းရေးအောင်ပွဲကို ယနေ့နံနက် ၈ နာရီက ဆည်ကုန်းကျေးရွာ **(ယာပုံ)**နှင့် ကြာကန်ကျေးရွာတို့တွင် ကျင်းပသည်။

ရှေးဦးစွာဆည်ကုန်းကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအောင်ပွဲကိုကျင်းပရာ (၁၁/၀ ဒသမ ၄) ကေဗွီ (၂၀၀) ကေဗွီအေထရန်စဖော်မာအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လျှပ်စစ်မီးခလုတ်အား စတင်ပို့လွှတ်နိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်က စက်ခလုတ်နှိပ် ပို့လွှတ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ယခုကဲ့သို့ ကျေးရွာများလျှပ်စစ်မီးလင်းနိုင်အောင် ဆောင်ရွက်ခြင်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် အစိုးရအဖွဲ့တစ်ခုတည်းကိုအားကိုးနေ၍မရဘဲ ပြည်သူကလည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အစိုးရနှင့်ပြည်သူပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်က ဆည်ကုန်းကျေးရွာတွင် လျှပ်စစ်မီးလင်းပြီဖြစ်၍ လျှပ်စစ်မီးရရှိမှုအား စက်မှုလက်မှုလုပ်ငန်းကဲ့သို့ အကျိုးစီးပွားဖြစ်ထွန်းမည့်လုပ်ငန်းများအတွက် အသုံးချလုပ်ကိုင်ပြီး လျှပ်စစ်ဘေးအန္တရာယ် ကင်းရှင်းအောင် သတိပြုသုံးစွဲရန်လည်း လိုအပ်ကြောင်း၊ ဆည်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြသည့် ကျေးရွာဒေသခံများနှင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသူများအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

အလည်ရွာကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် အလည်ရွာကျေးရွာမှတစ်ဆင့် (၁၁)ကေဗွီအေခတ်အားလိုင်းသွယ်တန်းခြင်း၊ (၁၁/၀ ဒသမ ၄) ကေဗွီ (၂၀၀) ကေဗွီအေထရန်စဖော်မာတည်ဆောက်ခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် သိန်း ၇၉၀ အကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဆပ်ပြာကျေးရွာအုပ်စု ကြာကန်ကျေးရွာနှင့် ကန်နီကျေးရွာအုပ်စု လက်ခုပ်ပင်၊ သာယာကုန်း စုစုပေါင်း ကျေးရွာသုံးရွာ၏ လျှပ်စစ်မီးလင်းရေး အောင်ပွဲကို ကြာကန်ကျေးရွာတွင်ကျင်းပရာ အလှူရှင်က လှူဒါန်းသည့် ငွေကျပ် သိန်း ၈၀၀၊ ကျေးရွာဒေသခံများနှင့် အဝေးရောက်ကျေးရွာသူ ကျေးရွာသားများမှ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၂၅၀ စုစုပေါင်းငွေကျပ် သိန်း ၁၀၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည့် (၁၁) ကေဗွီအေခတ်အားလိုင်းအရှည် (၁ ဒသမ ၂၈) မိုင်ရှိသည့် (၁၁/၀ ဒသမ ၄) ကေဗွီ (၂၀၀) ကေဗွီအေထရန်စဖော်မာအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်၊ အလှူရှင် သီရိသုမေ္ဓမဏိဇောတဓရ ဦးဇေယျသူရမွန် (RGK + Z&A Group)၊ ကျေးရွာလျှပ်စစ်မီးလင်းရေကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကြာကန်ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်ထံ ပေးအပ်ကာ ကျေးရွာစာသင် ကျောင်းမှ ကျောင်းသားကျောင်းသူများ၏ ဘောလုံးအားကစားအတွက် ကျောင်းအုပ်ဆရာမထံသို့ ဘောလုံးငါးလုံးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပေးအပ်ပြီး ကျေးရွာဒေသခံများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ကြာကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်နှင့် သံဃာတော်များအားသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆက်ကပ်လှူဒါန်းပြီး ကျေးရွာရှိ သက်ကြီး ဘိုးဘွားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားသည်။ ကြာကန်ကျေးရွာအခြေပြု၍ လျှပ်စစ် မီးလင်းသည့်ကြာကန်ကျေးရွာတွင် အိမ်ထောင်စု ၆၅ စု၊ သာယာကုန်းကျေးရွာတွင် အိမ်ထောင်စု ၁၃ စု၊ လက်ခုပ်ပင် ကျေးရွာတွင် အိမ်ထောင်စု ၃၇ အိမ် စုစုပေါင်းအိမ်ထောင်စု ၁၁၅ စု ရှိသည်။

ယင်းနောက် နံနက် ၁၁ နာရီတွင် အလည်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ လျှပ်စစ်မီးလှူဒါန်းခြင်းကို ဆောင်ရွက်ပေးခဲ့သည့် အလှူရှင် သီရိသုမေ္ဓမဏိဇောတဓရ ဦးဇေယျသူရမွန်(RGK + Z&A Group) နှင့် ဇနီးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးခြင်းကို ယင်းကျောင်းတွင်ပြုလုပ်ရာ အလည်ရွာ ကျေးရွာလျှပ်စစ်မီးရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင် သီရိသုမေ္ဓမဏိဇောတဓရ ဦးဇေယျသူရမွန်ထံ ပေးအပ်သည်။

အလည်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများ ဘောလုံးကစားနိုင်ရန်အတွက် ဆရာမဒေါ်မြမြထံသို့ ဘောလုံးငါးလုံးကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကပေးအပ်ပြီး ကျေးရွာဒေသခံများကိုယ်စား ကျေးရွာလျှပ်မီးလင်းရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ အလည်ရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် မူလတန်းကြို ၃၀၊ မူလတန်း ၁၁၇ ဦး၊ အလယ်တန်း ၂၈၆ ဦး၊ အထက်တန်း ၂၄၆ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၆၈၀ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကင်းထောက်ဝတ်စုံများ လှူဒါန်း




**သီပေါ မေ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နွေရာသီကင်းထောက်သင်တန်းသို့ တက်ရောက်နေကြသည့် ကင်းထောက်လူငယ်မောင်မယ်များအတွက် ကင်းထောက်ဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို မေ ၇ ရက် မွန်းလွဲ ၁ နာရီက အလက(ခွဲ) အမက(၁) သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကင်းထောက်တပ်ခွဲမှူး ဦးသန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကျော်က ကင်းထောက်ဝတ်စုံလှူဒါန်းရခြင်းအတွက် မုဒိတာစကားပြောကြားသည်။

ထို့နောက် ကင်းထောက်လူငယ်မောင်မယ်များ ဝတ်စုံ ၁၀ စုံအတွက် ကျသင့်ငွေကျပ် ၁၀၀၀၀၀ ကျော်ကို ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကျော်က မြို့နယ်ကင်းထောက်တပ်ခွဲမှူး ဦးသန်းလွင်ထံ ပေးအပ်လှူဒါန်းပြီး ကင်းထောက်ကြီး ဦးစိုင်းသာလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ဆေးတက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော ဆေးပညာသင်ရိုးညွှန်းတမ်းများအား အဆင့်မြှင့်တင်ရေးအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် မေ ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၆ ရက် နံနက်ပိုင်းတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ မြန်မာနိုင်ငံဆေးကောင်စီမှကြီးမှူးကျင်းပသည့် ပြည်ပနိုင်ငံများမှ ဆေးပညာဘွဲ့ M.B.B.S နှင့် အလားတူဘွဲ့ရရှိပြီးသော မြန်မာနိုင်ငံသားဆရာဝန်များအတွက် ဆေးကုသခွင့်လိုင်စင်ထုတ်ပေးရေးအရည်အချင်းစစ်စာမေးပွဲ (၂၀၁၇) ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆေးတက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော ဆေးပညာသင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ရေးကိစ္စနှင့်ပတ်သက်သည့် အစည်းအဝေးသို့ တက်ရောက်သည်။

ယင်းအစည်းအဝေးတွင် ဆေးတက္ကသိုလ်များ၌ သင်ကြားလျက်ရှိသော ဆေးပညာသင်ရိုးညွှန်းတမ်းများအား အဆင့်မြှင့်တင်ရေးကိစ္စနှင့်ပတ်သက်၍ အမြဲတမ်းအတွင်းဝန်၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ကျွမ်းကျင်ပညာရှင်များပါဝင်သော ဆေးပညာသင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်ရေးအဖွဲ့၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြင့်မြင့်ခင်ဖောင်ဒေးရှင်း၏ ဒုတိယအကြိမ်သိပ္ပံစာပေဆုပေးပွဲ ကျင်းပ



**ရန်ကုန် မေ ၇**

မြင့်မြင့်ခင်ဖောင်ဒေးရှင်း၏ ဒုတိယအကြိမ် သိပ္ပံစာပေဆုပေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံ စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သက်ကြီးဆရာဝန်ကြီးများထောက်ကူရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်သိန်းသိန်းမြင့်၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ဒေါက်တာဦးသန်းစိန်တို့က မြင့်မြင့်ခင်ဖောင်ဒေးရှင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး သိပ္ပံစာရေးဆရာ ပါမောက္ခဒေါက်တာတင်လှိုင်(ဘိုးလှိုင်)နှင့် မြင့်မြင့်ခင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာမြင့်ဇံတို့က သိပ္ပံစာပေအကြောင်းနှင့် သိပ္ပံစာပေ(Scientific Literacy) လိုအပ်မှုအကြောင်းကို ဟောပြောကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား ပါမောက္ခ ဒေါက်တာမြင့်မြင့်ခင်၏ သား ဒေါက်တာမြင့်ဇံက မိခင်ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များကို အမှတ်တရလက်ဆောင်ပေးအပ်သည်။**(ဝဲပုံ)**

ထို့နောက် မြင့်မြင့်ခင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာမြင့်ဇံက Curiosity Science Magazine တည်ထောင်သူ ကိုသာထက်အောင်(မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)၊ ဒေါက်တာကျော်စွာလင်း(ဆေးတက္ကသိုလ်-၂ ရန်ကုန်)နှင့်အဖွဲ့ဝင်တို့အား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

ယင်းနောက် ဆုရရှိသူနှစ်ဦးက ကျေးဇူးတင်ရှိကြောင်း ပြောကြားကြသည်။

အဆိုပါ မြင့်မြင့်ခင်ဖောင်ဒေးရှင်း၏ ပထမအကြိမ်သိပ္ပံစာပေဆုပေးပွဲကို ၂၀၁၄ ခုနှစ် မတ် ၂၀ ရက်က ကျင်းပခဲ့ပြီး ဆရာကြီး ဗန်းမော်တင်အောင်နှင့် ဦးအေးမောင်(စာပေဗိမာန်)မိသားစုတို့အား ဆုချီးမြှင့်ခဲ့သည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်(၁၉၂၄-၂၀၁၄)သည် မန္တလေးဆေးတက္ကသိုလ် ဆေးပညာဌာနတွင် ဌာနမှူးအဖြစ် ၁၉၈၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံဆေးပညာဘာသာရပ်ထွန်းကားရေးတွင် ကျန်းမာရေး၊ ဆေးပညာစာပေများကို ရေးသားထုတ်ဝေခဲ့သည့်အပြင် ဆေးသိပ္ပံပညာဦးစီးဌာနက ပြုစုသည့် History of Medical Education in Myanmar စာအုပ်အတွက် ပူးတွဲကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ထို့အပြင် အငြိမ်းစားယူပြီးသည့် နောက်ပိုင်းတွင် ကျန်းမာရေးသုတေသနများကို ဂုဏ်ထူးဆောင်သုတေသနပညာရှင်အဖြစ်လည်းကောင်း၊ မလေးရှားနိုင်ငံဆေးတက္ကသိုလ်တွင် ခေတ္တအတိုင်ပင်ခံအရာရှိအဖြစ်လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသတွင် အချိန်ပိုင်းအဖြစ်လည်းကောင်းဆောင်ရွက်ခဲ့ပြီး ၎င်း၏ ကိုယ်ပိုင်ငွေဖြင့် ပညာရေး၊ ကျန်းမာရေး၊ သက်ကြီးရွယ်အိုများအတွက် ရည်ရွယ်၍ မြင့်မြင့်ခင်ဖောင်ဒေးရှင်း တည်ထောင်ကာ အဆင့်မြင့်သိပ္ပံပညာနှင့် ရင်းနှီးမှုရှိပြီး ကြွယ်ဝဖူလုံသော သိပ္ပံပညာကို လူငယ်များ အဆင့်မြင့်မြင့်တတ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် Scientific Literacy ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စာရေးဆရာကြီး လင်းယုန်မောင်မောင် ကွယ်လွန်ခြင်း (၁၅)နှစ်ပြည့်အခမ်းအနား ကျင်းပ



**ရန်ကုန် မေ ၇**

နာမည်ကျော်စာရေးဆရာကြီး လင်းယုန်မောင်မောင် ကွယ်လွန်ခြင်း (၁၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံဈေးရှိ Yangon Book Plaza ၌ ကျင်းပရာ စာရေးဆရာ၊ စာရေးဆရာမများ၊ စာပေချစ်မြတ်နိုးသူများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

စာရေးဆရာကြီး လင်းယုန်မောင်မောင်၏ သားကြီးဖြစ်သူ ဦးဇေယျ(စာရေးဆရာ သားကြီးမောင်ဇေယျ)က "ကျွန်တော့်ဖခင်ရဲ့အထိမ်းအမှတ်မှာ စာပေချစ်သူတွေ လာရောက်ဆုံတွေ့ကြလို့ဝမ်းသာပါတယ်။ ဖေဖေက ကျွန်တော်တို့အပေါ် ချုပ်ချယ်တာ မရှိခဲ့ဘူး။ မိမိခံယူချက်အတိုင်း ယုံယုံကြည်ကြည်နဲ့ ဖွဲ့ရှိရှိလုပ်ဆောင်စေခဲ့သူဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့အတွက် အကြီးမားဆုံး အခွင့်အရေးပါပဲ" ဟု ပြောသည်။

အခမ်းအနားတွင် စာရေးဆရာကြီးလင်းယုန်မောင်မောင်၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားသည်။ ထို့နောက် စာရေးဆရာ ထက်မြက်၊ စာရေးဆရာ လှကွန့်၊ ပန်းချီတင်မောင်ကြည် (ကံ့ကော်ရွာ)၊ စာရေးဆရာမရွှေကူမေနှင်း၊ စာရေးဆရာအဏ္ဏဝါစိုးမိုး၊ စာရေးဆရာမဒေဝီသန့်စင်နှင့် စာရေးဆရာမျိုးမြင့်ငြိမ်းအပါအဝင် တက်ရောက်လာကြသည့် စာရေးဆရာ၊ စာရေးဆရာမများက စာရေးဆရာကြီးလင်းယုန်မောင်မောင်နှင့်ပတ်သက်သည့် အမှတ်တရစကားများ ဂုဏ်ပြုပြောကြားကြသည်။

စာရေးဆရာထက်မြက်က "ဆရာကြီးလင်းယုန်မောင်မောင်ရေးသားခဲ့တဲ့ ကမ္ဘာကျော်တွေရဲ့အတ္ထုပ္ပတ္တိတော်တော်များများရေးသားရာမှာ သူကိုယ်တိုင် ဒါတွေနဲ့ သက်ဆိုင်တဲ့ စာအုပ်ပေါင်းများစွာကို ဖတ်ပြီးရေးသားတာဖြစ်တယ်။ ဒီလိုင်းကတော်တော်ပင်ပန်းတယ်။ ဒါကြောင့် သူ့စာအုပ်တွေက ကျွန်တော်တို့အတွက် ကိုးကားစရာ၊ အလေးထားစရာ၊ ပြောစရာမှတ်သားစရာတွေ များစွာရှိပါတယ်" ဟု ပြောသည်။

စာရေးဆရာကြီးလင်းယုန်မောင်မောင်ကို မုံရွာမြို့တွင် အဖဦးအောင်သိန်း၊ အမိ ဒေါ်လှကြည်တို့က ၁၉၂၅ ခုနှစ် ဧပြီ ၇ ရက်နေ့တွင် မွေးဖွားခဲ့သည်။ သားကြီးဖြစ်ပြီး ငယ်နာမည်မှာ မောင်ရွှေဖြစ်သည်။ ရန်ကုန်မြို့မကျောင်းတွင် အထက်တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ် တက်ရောက်ခဲ့သည်။ ထိုစဉ် ဖဆပလ အဖွဲ့ချုပ်ဦးဆောင်ခဲ့သော အထွေထွေသပိတ်ကြီးတွင် သပိတ်မှောက်ကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ကြောင်း၊ သို့ရာတွင် သပိတ်လှန်ရန် ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် တက္ကသိုလ်ဥပစာအထက်တန်းမှ ကျောင်းထွက်ခဲ့ကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက မုံရွာခရိုင် တို့ဗမာအစည်းအရုံးတွင် "သခင်ရွှေ"အဖြစ် လည်းကောင်း၊ ဂျပန်ခေတ် ၁၉၄၂-၄၅ တွင် မုံရွာခရိုင် အာရှလူငယ် အစည်းအရုံး အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၄၇-၅၇ ခုနှစ်များတွင် နိုင်ငံရေးသမားအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ထောင်ချခံခဲ့ကာ ၁၉၅၈ ခုနှစ်တွင် ထောင်မှလွတ်မြောက်ခဲ့ပြီးနောက် နိုင်ငံရေးလောကမှ လုံးဝအနားယူကာ စာပေလောကသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် စာရေးဆရာ ဗန်းမော်တင်အောင် ထုတ်ဝေသည့် လင်းယုန်ဂျာနယ်၌ ဒယ်ဒီတာအဖြစ် တာဝန်ယူခဲ့ရာ ၁၉၅၈-၅၉ ခုနှစ်တွင် ဆိုဗီယက်ဝတ္ထုများ ဘာသာပြန်ဆိုပြီးနောက် လင်းယုန်မောင်မောင် ကလောင်အမည်ရလာခဲ့သည်။

စာရေးဆရာကြီးလင်းယုန်မောင်မောင်သည် လင်းယုန်သတင်းစာ၊ လမ်းစဉ်သတင်းစာ၊ ဗိုလ်တထောင်သတင်းစာ၊ မော်ကွန်းသတင်းစာ၊ ချင်းတွင်းဂျာနယ်၊ ရှုထောင့်ဂျာနယ်၊ ရုပ်ရှင်သတင်းစဉ်၊ လုံမလေးမဂ္ဂဇင်း စသည်တို့တွင် အယ်ဒီတာအဖြစ် ၁၀ နှစ်ကျော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ရန်ကုန်မြို့နေအိမ်၌ ၂၀၀၂ ခုနှစ် မေ ၂၅ ရက်တွင် ကွယ်လွန်ခဲ့ကာ မကွယ်လွန်ခင်အချိန်အထိ လုံးချင်းစာအုပ် ၅၀ ကျော် ရေးသားခဲ့ပြီး ထင်ရှားသော စာအုပ်တချို့ဖြစ်သည့် အိုက်ခ်မန်း၏ငရဲခန်း၊ ဟစ်တလာ၊ ကပ်စထရို၊ သွေးစွန်းသောနေ့ရက်များ၊ ယနေ့ကမ္ဘာ၊ ချေဂွေဗားရား၊ ဟိုချီမင်းနှင့် အက်ဖ်ဘီအိုင်မှူခင်းများ စသည့် စာအုပ်များစွာ ရေးသားခဲ့ကြောင်း သိရသည်။

**သတင်း-မြတ်စန္ဒီ၊ ဓာတ်ပုံ-ရဲထွဋ်**

# မိဘအုပ်ထိန်းသူများ မသိအောင် နေအိမ်မှထွက်လာသူ နှစ်ဦးကို မိဘများထံ ပြန်လည်အပ်နှံ

**ကလော မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ တောင်ပဲ့ရွာမှ မိဘအုပ်ထိန်းသူများမသိအောင် နေအိမ်မှထွက်လာသူ မအေး(ခ) မအောင်နှင့်မဆွေတို့သည် မေ ၄ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ညောင်လေးပင်ဘူတာသို့ဆိုက်သည့် အမှတ်(၁၀) အစုန်ရထားပေါ်တွင် ပါရှိလာကြောင်း သတင်းအရ ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ တပ်စု(၁) ညောင်လေးပင်မှ တပ်စုမှူး ရဲအုပ်စိုးလေးအဖွဲ့က ညောင်လေးပင်ဘူတာရုံပိုင် ဦးစံဌေးအဖွဲ့နှင့် ပူးပေါင်းရှာဖွေ၍ ခေတ္တခေါ်ယူထားရှိပြီး မေ ၅ ရက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ညောင်လေးပင်ဘူတာရုံးခန်း၌ ညောင်လေးပင်ဘူတာရုံပိုင် ဦးစံဌေး၊ မြို့မ(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျင်ဆွေသောင်းတို့နှင့်အတူ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၏ လုံခြုံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပစဉ်။

✱ **ရှေ့ဖုံးမှ**

မြေယာကဏ္ဍဆိုင်ရာစာတမ်းအပေါ် သုံးသပ်ဆွေးနွေးကြသည်။

လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများကို ယနေ့မှ မေလ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ အတွင်းရေးမှူးအဖွဲ့အစည်းအဝေးများကို မေလ ၁၀ ရက်မှ ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် အကြောင်းအရာများအပေါ် အခြေခံ၍ စနစ်တကျစီမံဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ ငါးခုကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်တွင် ဖွဲ့စည်းခဲ့သည်။

**သူရဇော်၊ မိမွှေးသန့်(သတင်းစဉ်)**

■

# ရွှေစင်ရွှေသားရွှေပြား လှူဒါန်း

**ရန်ကုန် မေ ၇**

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင် ရွှေသား ရွှေပြား ကပ်လှူပူဇော်ရန်နှင့် အထက်ပစ္စယံ အရန်စေတီအမှတ်(၆၆)လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်တို့အတွက် အလှူတော်မင်္ဂလာနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အလယ်ပစ္စယာရှိ ဦးဖိုးစောတန်ဆောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခုနစ်ရက်သားသမီးအသင်းနှင့် ၁၉၇၉ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများမိသားစုက ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ရွှေစင် ရွှေသား ရွှေပြား သုံးကျပ်သား (တစ်ကျပ်သားလျှင် ကျပ် ၈၁၀၀၀၀) စုစုပေါင်း ကျပ် ၂၄၃၀၀၀၀ ကပ်လှူပူဇော်ခြင်းနှင့် အထက်ပစ္စယာ အရန်စေတီအမှတ်(၆၆) လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအတွက် အလှူငွေကျပ် သိန်း ၁၂၀ လှူဒါန်းပူဇော်ခဲ့သည်။

အခမ်းအနားတွင် ခုနစ်ရက်သားသမီးအသင်းနှင့် ၁၉၇၉ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများမိသားစု အလှူရှင်များအား အသင်း၏နာယကများနှင့်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ဆရာတော်များထံမှ တရားတော်နာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# ငါးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော် ကျင်းပမည်

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ အရိယာမဏ္ဍိုင်ကျောင်းတိုက်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မတည်ပြီး စေတနာရှင်၊ အလှူရှင်များ စုပေါင်းအင်အားဖြင့် သာသနာ့မျိုးဆက်သစ် ရဟန်းအပါး ၃၀၀ ကျော် စာချ၊ စာသင် သီတင်းသုံးနိုင်မည့် ဓမ္မစာရီ ငါးထပ်ကျောင်းဆောင်တော်ကြီးကို ဆောက်လုပ်ပြီးစီးပြီဖြစ်ရာ ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်ကို မေ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငါးထပ်ကျောင်းဆောင်တော်ကြီးသည် အလျားပေ ၁၁၀၊ အနံပေ ၄၀ ရှိပြီး ငါးထပ် RC အမျိုးအစားဖြစ်ကာ မြေညီထပ်တွင် ခန်းမကြီးရှိပြီး ပထမထပ်မှ စတုတ္ထထပ်အထိ အခန်းပေါင်း ၆၄ ခန်းရှိသည်။ တစ်ခန်းလျှင် သံဃာ ငါးပါးဖြင့် သံဃာအပါး ၃၀၀ ကျော် သီတင်းသုံးနိုင်ကြောင်းသိရပြီး အဆိုပါ ကျောင်းဆောင်တော်ကြီးအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မတည်ကာ စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းအင်အားဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

“ဘုန်းဘုန်းတို့ကျောင်းကို တိုင်းရင်းသား ကိုယ်တော်တွေ အတော်များများလာကြတယ်။ အများဆုံးကတော့ ရှမ်း၊ မွန်၊ ကရင်၊ ပလောင်တို့ကတော့ အများဆုံးဖြစ်ပါတယ်။ အရင်က ဒီကျောင်းမှာ သံဃာအပါး ၈၀ သာ စာလိုက်နိုင်တာပါ။ အခုတော့ ဒီငါးထပ်ကျောင်းဆောင်တော်ကြီး ပြီးစီးပြီဆိုတော့ အနယ်နယ်အရပ်ရပ်ကလာတဲ့ စာချ၊ စာသင် သံဃာအပါး ၃၀၀ ကျော်ဟာ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စတဲ့ ဓမ္မစရိယစာချတန်းတွေကို သင်ကြားမွေးထုတ်နိုင်မှာ ဖြစ်ပါတယ်။ သာသနာ့အာဇာနည်မျိုးဆက်တွေ ပေါ်ထွက်အောင် လေ့ကျင့်သင်ကြားနိုင်မှာဖြစ်လို့ ဒီငါးထပ်ကျောင်းဆောင်တော်ကြီး ဆောက်လုပ်လှူဒါန်းကြတဲ့ အလှူရှင်တွေရဲ့ စုပေါင်းအလှူဟာ အလွန်မွန်မြတ်ပါတယ်”ဟု အရိယာမဏ္ဍိုင်ကျောင်းတိုက် ဆရာတော် ဦးပညာလောကက မိန့်ကြားသည်။

ယခုအခါတွင် ထိုကျောင်းဆောင်တော်ကြီးသို့ မည်သည့် သာသနာ့မျိုးဆက်သစ် ရဟန်း သံဃာများမဆို စာချ/စာသင် ဓမ္မစာပေများလေ့လာလိုက်စားနိုင်ရန် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

✪ **ရန်ကုန်အသင်းမှ**

အခွင့်အရေးများရခဲ့သော်လည်း မာတူနာနှင့် ဆီဘန်စတန်တို့ အသုံးမချနိုင်ခဲ့ပေ။ ရန်ကုန်အသင်းသည် ချေပဂိုးကို မိနစ် ၈၀ တွင် ဧရာဝတီနောက်ခံလူ စံမျိုးဦး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်း ဖြစ်သည်။ ဧရာဝတီအသင်းသည် ယခုပွဲတွင် ကစားပုံကောင်းခဲ့သော်လည်း အနိုင်သုံးမှတ်နှင့် လွဲချော်ခဲ့သည်။

တောင်ငူကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ညီညီအောင်(၂)က ဟံသာဝတီအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ရခိုင်အတွက် ဒွေးကိုကိုချစ်က ချေပဂိုးနှင့် မက်သယူးက အနိုင်ဂိုးသွင်းခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ချင်းယူနိုက်တက်က နေပြည်တော်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချင်းအတွက် ဂိုးများကို ဆောင်လမန်၊ ကူဖီနှင့် ဘီဘီတို့က သွင်းယူခဲ့ပြီး နေပြည်တော်အတွက် ချေပဂိုးကို တာကူမူက သွင်းယူခဲ့သည်။

ပွဲစဉ်(၁၂) တတိယနေ့ကို မေ ၈ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

❖ **ကျောဖုံးမှ**

ပွဲစဉ်အလိုက် ပြိုင်ပွဲများကျင်းပရာ ၅၅ ကီလိုတန်းတွင် ပထမ အောင်ထွန်း(ဗဟန်း)၊ ဒုတိယ အုန်းကျော်(လှိုင်)၊ တတိယအောင်သူရ(တာမွေ)၊ ၆၀ ကီလိုတန်းတွင် ပထမ စိုးမြင့်(သာကေတ)၊ ဒုတိယ ဇော်မင်းထိုက်(ပန်းဘဲတန်း)၊ တတိယ အောင်နိုင်ဝင်း(VH)၊ ၆၅ ကီလိုတန်းတွင် ပထမ ထိန်ဝင်းအောင် (ကမာရွတ်)၊ ဒုတိယ ဝင်းမင်းဦး (စမ်းချောင်း)၊ တတိယ ဝဏ္ဏ(အင်းစိန်)၊ ၇၀ ကီလိုတန်းတွင် ပထမ ကျော်ထက်အောင်(ဗဟန်း)၊ ဒုတိယ အောင်ထွန်း(PBON)၊ တတိယ ကြည်နိုင်စိုး(အလုံ)တို့ ရရှိကြသည်။

အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲ ၅ ပေ ၃ လက်မအထက် ပထမ ချမ်းရတီအောင်(သန်လျင်)၊ဒုတိယ ယဉ်မင်းပိုင်(သာကေတ)၊ တတိယ မေသဲကို၊ ၅ ပေ ၃ လက်မအောက် ပထမ လင်းကြည်ဖြူအောင်၊ ဒုတိယ ရတီနိုင်ဦး (ဗဟန်း)၊ တတိယ အမရာ(သာကေတ)တို့ ရရှိကြသည်။

ဆုများကို မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ ဦးမင်းဇော်ဦး၊ ဒေါ်ခင်တင့်ဝေ၊ ရန်ကုန်အဝေးသင်တက္ကသိုလ် (ပါမောက္ခ/ဌာနမှူး) ဒေါက်တာသဇင်လွင်နှင့် မြောက်ဒဂုံ ကာယကြံ့ခိုင်မှုဆုရှင် ဒေါ်ဇင်မာတို့က ဆုများ အသီးသီးချီးမြှင့်ပေးကြသည်။ **(စောသိန်းဝင်း)**

လှိုင်ကော် အစုန်ရထားနှင့် တိုက်မိမှုကြောင့် ပျက်စီးသွားသည့် အငှားယာဉ်အား တွေ့ရစဉ်။ (ဓာတ်ပုံ-ခွန်အာကာစိုး)



# နောင်ဝိုးရထားလမ်းနှင့် ကားလမ်းဆုံထိပ်တွင် လှိုင်ကော်အစုန်ရထားနှင့် အငှားယာဉ်တို့ တိုက်မိ၊ သုံးဦးဒဏ်ရာရ

**ရန်ကုန် မေ ၇**

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် လုံးတင်ကျေးရွာအုပ်စု နောင်ဝိုးရထားလမ်းနှင့် ကားလမ်းဆုံထိပ်တွင် လှိုင်ကော်မှ သာစည်သို့မောင်းနှင်လာသော ရထားနှင့် အငှားယာဉ်တစ်စီးတို့ ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် တိုက်မိရာ ကလေးငယ်တစ်ဦးအပါအဝင် လူသုံးဦး ထိခိုက်ဒဏ်ရာ ရရှိကြောင်း သိရသည်။

အဆိုပါ နံနက်ပိုင်းက အောင်ပန်း-လှိုင်ကော်သွားရထားလမ်း မိုင်တိုင်အမှတ် (၄၄၁/၁၂)နှင့် (၄၄၁/၁၃)ကြား၊ အောင်ပန်း-လှိုင်ကော်သွားကားလမ်း မိုင်တိုင်အမှတ်(၅၉/၁၄) အနီးတွင် လှိုင်ကော်မှသာစည်သို့ ဦးအောင်ကျော်ဦး မောင်းနှင်လာသော စက်ခေါင်းအမှတ်(DF-1612) (၁၄၈)အစုန်ရထားနှင့် ရန်ကုန်မှလှိုင်ကော်သို့ ဦးမြင့်လှိုင်မောင်းနှင်လာသော BB/---- ပရိုဘောက်ခဲရောင်ယာဉ်နှင့်တိုက်မိရာ ယာဉ်ပေါ်တွင်လိုက်ပါလာသော ဦးထွန်းအောင်(၅၈)နှစ်၊ ကိုတင်ဝင်း(၂၇)နှစ်တို့ ပွန်းပဲထိခိုက်ဒဏ်ရာများရရှိပြီး မောင်စိုင်းနေထက်လင်း(၄)နှစ်၏ ညာဘက်ပေါင်ရိုးကျိုးသွားကာ ကျန်သုံးဦးဖြစ်သော ဦးစိုင်းမော်ဖ၊ ဦးစိုင်းနောင်နှင့် ယာဉ်မောင်းဦးမြင့်လှိုင်တို့ထိခိုက်ဒဏ်ရာမရခဲ့ကြောင်း သိရသည်။

ထိုသို့ရထားနှင့်ယာဉ်တိုက်မိသည့်အတွက် (၁၄၈)အစုန်ရထား၏ လေပိုက်ပေါက်ပြဲခဲ့ပြီး အငှားယာဉ်၏ ဝဲဘက်ရှေ့ခြမ်း ပိန်ချိုင့်သွားခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်း ဦးမြင့်လှိုင်အား ပင်လောင်းရဲစခန်းတွင် ရထားပို့ဆောင်ရေးဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

# စံကျ-ဂရက်တာမြောင်းမှ စိုက်ပျိုးမြေဧက ၂၃၈၀ အပါအဝင် သောက်သုံးရေနှင့်ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးပြုလျက်ရှိ



**နေပြည်တော် မေ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် မေ ၁ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီးတွင် ယခုနှစ် မိုးရာသီမတိုင်မီ ရေကြီးနစ်မြုပ်မှု သဘာဝရေဘေးကာကွယ်ရေးအတွက် တာတမံများ ပြုပြင်တည်ဆောက်မှုနှင့် အဆင့်မြှင့်တင်မှု၊ ချောင်းမြောင်းတူးဖော်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မအူပင်ခရိုင် ညောင်တုန်းမြို့နယ် တာဝ-ပါလဲ့-ကုက္ကိုဝတာ (တာမိုင် ၇/၀ - ၁၄/၀) အတွင်း တာထိပ်မြှင့်၊ တာခြေထောက်ခြင်း လုပ်ငန်းခွင်သို့ လည်းကောင်း၊ ပန်းတနော်မြို့နယ် ဇရပ်လှကြီးအုပ်စုရှိ စံကျ-ဂရက်တာမြောင်း အရှည် ၂ ဒသမ ၆ မိုင် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စံကျ-ဂရက်တာမြောင်းသည် စိုက်ပျိုးမြေဧက ၂၃၈၀ အပါအဝင် ဒေသ၏ သောက်သုံးရေနှင့် စိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးပြုလျက်ရှိသည်။

ထို့နောက် ကန်ကြီးထောင့်မြို့နယ် ညောင်ချောင်းကျေးရွာတွင် မြန်မာဆယ်မာအူးလ်အွန်ဒုံးကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း၏ ကျေးလက်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါ ကျေးလက်လမ်းအား မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဆယ်မာအူးလ်အွန်ဒုံးစီမံကိန်းမှ ငွေကျပ် ၅၇ သိန်း၊ ကျေးရွာလူထုမှ လုပ်အားနှင့် ငွေသား ထည့်ဝင်မှုငွေကျပ် ၅၄ ဒသမ ၆ သိန်းဖြင့် ယခင်မြေသားလမ်းပေါ်တွင် အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်လမ်းအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မေ ၂ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် လူထုဗဟိုပြု စီမံကိန်း၊ ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ရွေးချယ်ခြင်း၊ အကြံဉာဏ်ရယူခြင်းအစည်းအဝေးသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အနန်းကုန်းကျေးရွာ အနန်းကုန်း-အရှေ့ကုန်း-ဘူးအင်းလမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကမ်းနီဖျားကျေးရွာတွင် ဆယ်မာအူးလ်အွန်ဒုံးကျေးရွာသစ် စီမံကိန်းအရ ဒေသနေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သည့် အရှည်ပေ ၂၉၀၀၊ အကျယ် ၁၅ ပေရှိ ကွန်ကရစ်လမ်း (၁) နှင့် အရှည်ပေ ၉၃၀၊ အကျယ် ၁၀ ပေရှိ ကွန်ကရစ်လမ်း (၂)၊ အိမ်ခြေ ၂၄၈ အိမ်မှ လူဦးရေ ၁၆၀၈ ဦးတို့အား သောက်သုံးရေ ဖြန့်ဝေပေးမည့် ရေသန့်စက်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး သာပေါင်းမြို့နယ် သဲဖြူကျေးရွာ၌ လူထုဗဟိုပြုစီမံကိန်း (NCDDP)ဖြင့် ဆောင်ရွက်သည့် ကျောက်ချောလမ်းအား ကြည့်ရှုစစ်ဆေးသည်။

မေ ၃ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ခြောက်အိမ်တန်းကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ဒေသသောက်သုံးရေ (တွင်းနက်)တူးဖော်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် သဲကုန်းကျေးရွာတွင် ပြုလုပ်သည့် စနစ်ကျလယ်မြေဧက ၁၀၀ တွင် ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးကာ အရည်အသွေးကောင်း သီးနှံများကို ဒေသရေမြေနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးထုတ်လုပ်သွားနိုင်ရေး၊ တောင်သူအစုအဖွဲ့များဖြင့် မျိုးသန့်ဇုန်များမှ မျိုးစေ့ထုတ်လုပ်ငန်းများ တိုးတက်အကောင်အထည်ဖော်သွားနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ဝင်ငွေတိုးတက်လာတာနဲ့အမျှ ၂၀၂၅ ခုနှစ်မှာတော့ အစိုးရကပဲ အပြည့်အဝတာဝန်ယူရမှာ ဖြစ်ပါတယ်။
# အဲဒီအခါကျရင်တော့ အစိုးရအနေနဲ့ ကလေးတစ်ယောက်အတွက် ဒေါ်လာ ၅၀ နှင့်အထက် ကျခံသွားမှာဖြစ်ပါတယ်။



ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်း။

ပြည်သူလူထု ပိုမိုလက်လှမ်းမီစေရန်နှင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်ပေးရာတွင် အမြဲအသင့်ရှိစေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံ ၉၈ ရုံတွင် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်း စတင်ဆောင်ရွက်ခြင်း ဗဟိုအဆင့်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန် ကလေးဆေးရုံကြီး တိုးချဲ့အဆောင်(၂) အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့်ပတ်သက်၍ ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ သိရှိစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ အရင်ဆုံး ပုံမှန်ကာကွယ်ဆေးထိုးပေးတဲ့ အစီအစဉ် ပြောပြပေးပါခင်ဗျား။**

ဖြေ။ ။ ပုံမှန်အားဖြင့် ကျွန်မတို့ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို လစဉ်ဆောင်ရွက်ပါတယ်။ အဓိကဆောင်ရွက်တာကတော့ အခြေခံကျန်းမာရေးဝန်ထမ်းတွေလို့ခေါ်တဲ့ ရပ်ကွက်၊ ကျေးရွာတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ သားဖွားဆရာမတွေပါ။ များသောအားဖြင့် လတစ်လရဲ့ ပထမအပတ်မှာ သူတို့လုပ်ငန်းဆောင်ရွက်ပါတယ်။ ပထမတစ်ရက်နှစ်ရက်မှာတော့ ဆေးခန်းတွေမှာ ကာကွယ်ဆေးထိုး၊ တိုက်ပါတယ်။ ပြီးရင်တော့ ရွှေ့လျားစုရပ်လို့ခေါ်တဲ့ ရွာတွေကို ကွင်းဆင်းပါတယ်။ လေး၊ ငါးရက်လောက်ကြာတတ်ပါတယ်။ ဒါပေမယ့် တခြားကျန်းမာရေးစောင့်ရှောက်မှုတွေလည်း လုပ်ရပါတယ်။ အဲဒီအခါမှာ ကာကွယ်ဆေးက တစ်နိုင်ငံလုံးအနေအထားနဲ့ အနည်းဆုံး ၈၀ ရာခိုင်နှုန်း၊ အများဆုံး ကာကွယ်ဆေးတွေမှာ ၉၀ ရာခိုင်နှုန်းရှိတယ်ဆိုတော့ ၁၀ ရာခိုင်နှုန်းနဲ့ ၂၀ ရာခိုင်နှုန်းက နှစ်စဉ်မရပါဘူး။ မရတဲ့အခါမှာ ယေဘုယျအားဖြင့်ဆိုရင် အုပ်စုနှစ်စု ရှိပါတယ်။ တစ်ခုကတော့ ဝေးလံခက်ခဲတဲ့နေရာဒေသတွေမှာနေတဲ့၊ မငြိမ်းချမ်းတဲ့နေရာက ကလေးတွေရှိတယ်။ အဲဒီကလေးတွေကတော့ ကျွန်မတို့က သေချာသိတယ်။ ဘယ်နေရာမှာရှိတယ်ဆိုတာကိုပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အဲဒီနေရာက ကလေးတွေဆီရောက်ဖို့ လူအင်အား၊ ငွေအင်အား၊ နည်းဗျူဟာတွေနဲ့ ချဉ်းကပ်ပါတယ်။ ဒုတိယ အမျိုးအစားကတော့ မြို့ပေါ် ရပ်ကွက်တွေမှာပဲ၊ ဆင်ခြေဖုံးတွေမှာ ရွှေ့လျားနေတဲ့ အုပ်စုတွေ၊ အဲဒီလိုအုပ်စုတွေက ပြန်ဝင်လာလိုက်၊ ပြန်ထွက်သွားလိုက်နဲ့ဆိုတော့ ဆရာမတွေအနေနဲ့ အိတ်ပေါက်နဲ့ဖားကောက်သလို ကလေးတွေ ပြန်ဝင်တာလည်း မသိလိုက်၊ ပြန်ထွက်သွားတာလည်း မသိလိုက်နဲ့ ပျောက်နေတယ်။ သူတို့အနေနဲ့ မိဘတွေကိုယ်တိုင်က ကာကွယ်ဆေးထိုးပေးတဲ့နေရာကို လိုလိုလားလားလာရှာဖို့ နည်းလမ်းမရှိဘူး။ အဲဒီလို လူဦးရေက စောစောကပြောတဲ့ ခက်ခဲတဲ့ဒေသတွေက လူဦးရေထက် ပိုများတယ်။ အဲဒါဆို ကျွန်မတို့က မိဘတွေကို အချက်အလက်ပေးပြီး အကြောင်းကြားမယ်။ ကာကွယ်ဆေး ၁၀ မျိုးထိုးပေးနေတယ်။ အဲဒီကာကွယ်ဆေးတွေက သေစေလောက်တဲ့ ရောဂါမျိုးတွေကို ကာကွယ်ပေးတယ်။ အဲဒီလို ကာကွယ်ဆေးထိုးတဲ့အတွက် ကလေးတွေဟာ ရောဂါမဖြစ်ပွားဘဲ ပုံမှန်ကြီးထွားမယ်။ ဉာဏ်ပညာကောင်းမယ်။ နာတာရှည်မဖြစ်ဘူး။ အသက်မဆုံးရှုံးဘူး။ မိသားစုအတွက်လည်း ပိုပြီးတော့ အကျိုးရှိမယ်။ အဲဒီလို ပြည်သူလူထုက ကလေးတွေကို ဆေးထိုးဖို့ရှာတဲ့အခါမှာလည်း ဝန်ထမ်းတွေက အချိန်အပိုင်းအခြားနဲ့ အလုပ်လုပ်နေရတာဆိုတော့ သူတို့လာရှာတဲ့အချိန်မှာ အဆင်သင့်ထိုးပေးနိုင်ဖို့လိုပါတယ်။ အဲဒီအခါ ကျွန်မတို့က ဒေသန္တရတွေရှိတယ်။ မြို့နယ်ဆေးရုံတွေရှိတယ်။ များသောအားဖြင့်တော့ တစ်လမှာ နှစ်ပတ်၊ တစ်ပတ်မှာတစ်ရက် ထိုးပေးတာမျိုးရှိပါတယ်။

**မေး။ ။ တိုင်းဒေသကြီးနဲ့ပြည်နယ်မှာရှိတဲ့ ဆေးရုံ ၉၈ ရုံမှာ ဆေးရုံအခြေပြုကာကွယ်ဆေးထိုးလုပ်ငန်းနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

ဖြေ။ ။ အခုဟာကတော့ ခုတင် (၁၀၀) နဲ့အထက်ဆိုတော့ မြို့နယ်ဆေးရုံအဆင့်တော့ မဟုတ်ဘူး။ ခရိုင်ဆေးရုံနဲ့အထက်ပါ။ ခရိုင်ဆေးရုံတွေမှာတော့ ကာကွယ်ဆေးထိုးပေးတာမရှိဘူး။ မြို့နယ်ဆေးရုံတွေမှာတော့ ရှိပါတယ်။ ဒီမှာတကယ်တော့ လူနာတွေက အတော်များတယ်။ နေမကောင်းဖြစ်ပြီး ရောက်လာတဲ့ ကလေးတွေ တော်တော်များများက ကာကွယ်ဆေးထိုးမထားဘူး။ အဲဒီကလေးတွေကို ရေထဲကနေ ကုန်းပေါ်ကို တက်လာတဲ့ လိပ်ကလေးတွေလို ရေထဲပြန်မဆင်းသွားခင် ကျွန်မတို့က သူတို့ကို အမိအရဖမ်းပြီး အခွင့်အရေးပေးရပါမယ်။ ဒုတိယကတော့ ဆေးရုံတွေမှာ ကုသတာတင်မဟုတ်ဘဲ ကလေးတွေရဲ့ စောင့်ရှောက်မှုကိုပါ အပြည့်အဝပေးရမယ်။ ဥပမာ အာဟာရမကောင်းရင် အာဟာရပေးလိုက်နိုင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ။ ဖြစ်သင့်တဲ့အချိန်မှာ ကာကွယ်ဆေးမရရင် ကာကွယ်ဆေးပေးလိုက်နိုင်တဲ့ အခြေအနေမျိုးတွေ ဖြစ်သင့်ပါတယ်။ အဲဒီနည်းလမ်းနှစ်ခုနဲ့ ကျွန်မတို့က ဝန်ကြီးဌာနအနေနဲ့ ဆေးရုံတွေမှာ ကာကွယ်ဆေးထိုးပေးတဲ့ စုရပ်တွေ ဖွင့်ဖို့အတွက် ဆုံးဖြတ်ချက်ချပါတယ်။ တခြားနိုင်ငံတွေ တော်တော်များများလည်း ရှိပါတယ်။ ဒါက ကျန်းမာရေးဝန်ကြီးဌာနရဲ့ ပထမနှစ်ရဲ့ စီမံချက်ထဲမှာလည်း ပါပါတယ်။ ကျွန်မတို့အနေနဲ့ အင်တိုက်အားတိုက် လုပ်ရပါတယ်။ ခက်ခက်ခဲခဲလုပ်ရပါတယ်။ ဘာလို့လဲဆိုတော့ ဆေးရုံဆိုတာ တကယ်အလုပ်များတဲ့နေရာပါ။ နောက်ပြီးတော့ သူတို့ကို ဝန်ထုပ်ဝန်ပိုးလည်း မဖြစ်စေအောင် တကယ်ပဲ ကလေးတွေအတွက် အခွင့်အရေးရအောင်ပါ။ ပြည်ထောင်စုဝန်ကြီးရဲ့ မိန့်ခွန်းထဲမှာလိုပဲ ဆရာမတွေဟာ ကလေးတွေကို ဒီဆေးလေးထိုးပေးလိုက်တဲ့အတွက် ရောဂါပိုးတွေ ကာကွယ်ပေးလိုက်နိုင်ပြီဆိုတဲ့ ပီတိလေးတွေနဲ့လုပ်ပေးပါဆိုပြီး ဝန်ကြီးက မေတ္တာရပ်ခံပြောကြားခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ ပင်ပန်းပေမယ့်လည်း ရည်မှန်းချက်ဖြစ်တဲ့ ကလေးတွေအတွက် ရသင့်တဲ့အခွင့်အရေးတွေကို ဖန်တီးပေးတဲ့သဘောပါ။ ရန်ကုန်တိုင်းဒေသကြီးကတော့ အများဆုံးပါ။ စုစုပေါင်း ၁၄ ရုံ၊ ကျန်တဲ့ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ ခုတင် (၁၀၀) နှင့်အထက် (ဗဟို)ဆေးရုံတွေဖြစ်ပါတယ်။ အရိုးအကြောဆေးရုံတွေတော့ မပါပါဘူး။ ပထမတော့ တစ်နိုင်ငံလုံး ဆေးရုံ စုစုပေါင်း ၁၀၀ လို့ မှန်းထားတာပါ။ အခုကတော့ ၉၈ ရုံပါပဲ။ ဝန်ကြီးဌာနဆေးရုံတွေတော့ မပါသေးပါဘူး။ ဥပမာ-တပ်မတော်ဆေးရုံတို့၊ အလုပ်သမားဆေးရုံတို့တော့ မပါသေးပါဘူး။ ကျန်တာတွေကိုလည်း ဆက်ပြီးတော့ ဆောင်ရွက်သွားမှာပါ။ မြို့နယ်ဆေးရုံတွေမှာ အပတ်စဉ် ထိုးလို့ရအောင် ကျွန်မတို့ ကြိုးစားသွားမှာပါ။

**မေး။ ။ ကာကွယ်ဆေး ၁၀ မျိုးဆိုတော့ ဘယ်လိုကာကွယ်ဆေးတွေ ထိုးပေးမှာလဲ။**

ဖြေ။ ။ ထိုးပေးတဲ့ ကာကွယ်ဆေး ၁၀ မျိုးကတော့ BCG လို့ခေါ်တဲ့ မွေးစမှ နှစ်နှစ်အထိ တစ်ကြိမ်ပဲထိုးတာပါ။ နောက်တစ်ခါ သုံးကြိမ်ထိုးတာတွေရှိပါတယ်။ အဲဒါကတော့ ငါးမျိုးစပ်ပါ။ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါ၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်ရောဂါ အဲဒီခုနစ်မျိုးကို တစ်လ၊ လေးလ၊ ခြောက်လမှာ ထိုးပါတယ်။ နောက်တစ်ခါ ကိုးလနဲ့ ၁၁ လမှာ ဝက်သက်နဲ့ ဂျိုက်သိုး ထိုးပါတယ်။

**မေး။ ။ တစ်ပတ်ကို ကာကွယ်ဆေး ဘယ်နှရက်ထိုးပေးမှာလဲ။**

ဖြေ။ ။ အခြေခံကျန်းမာရေး ဝန်ထမ်းတွေအနေနဲ့ကတော့ ပုံမှန်ဆေးထိုးနေမှာပါ။ ကျန်တဲ့ရက်တွေမှာ ဆေးထိုးချင်လို့ လိုက်ရှာနေတဲ့ ကလေးတွေအတွက် တစ်နေရာရာကတော့ ဆေးထိုးဖို့ရှိနေတယ်ဆိုတဲ့ အချက်ပါပဲ။ သူတို့ကို ကျွန်မတို့ လှုံ့ဆော်မှာပါ။ မိဘတွေရဲ့ ဝတ္တရားဖြစ်ပါတယ်။ အဓိကကတော့ ဆေးထိုးဖို့ လိုက်ရှာနေတဲ့ ကလေးတွေအတွက် ဒီလိုမျိုးစီစဉ်ပေးတာပါ။ အဲဒါကြောင့် ဆေးရုံတွေက အကောင်းဆုံး စီစဉ်ပေးတဲ့ နေရာတွေပါပဲ။ ရန်ကုန်ကလေးဆေးရုံကြီးမှာတော့ ပုံမှန်တစ်ပတ်ကို တနင်္လာကနေ သောကြာအထိ ငါးရက် ထိုးပေးပါတယ်။ ဒါကတော့ ဆေးရုံတိုင်းမှာ စနစ်တကျတန်းတူ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ကျွန်မတို့ စဖွင့်တာပါ။ ကလေးတွေအလွန်များလာရင်တော့ ရက်ထပ်တိုးမလားဆိုတာ ရန်ကုန်ကလေးဆေးရုံကြီးရဲ့ စီမံအုပ်ချုပ်မှုအပိုင်းနဲ့ပဲ သက်ဆိုင်ပါတယ်။ ဗဟိုအမျိုးသမီးဆေးရုံကြီးဆိုရင်တော့ နေ့တိုင်းထိုးပါတယ်။

**မေး။ ။ ကလေးတစ်ယောက်ကာကွယ်ဆေးထိုးဖို့အတွက် အစိုးရအနေနဲ့ ကုန်ကျစရိတ် ဘယ်လောက်ရှိလဲ။**

ဖြေ။ ။ ကလေးငယ်တစ်ယောက်အတွက် ပျမ်းမျှအားဖြင့်ဆိုရင် တစ်ယောက်ကို ကာကွယ်ဆေး ၁၀ မျိုးအတွက် ဒေါ်လာ ၅၀ ကုန်ပါတယ်။ နိုင်ငံတော်အစိုးရက ၂၀၁၆-၂၀၁၇ ခုနှစ် ဘတ်ဂျက်အတွက်ကို ၆ ဒသမ ၇ ဒေါ်လာ သုံးစွဲပေးပါတယ်။ ကျန်တာကတော့ GARVI ဆိုတဲ့ အဖွဲ့ကလည်း သုံးပေးပါတယ်။ စုစုပေါင်း ၄၃ ဒေါ်လာလောက် သုံးပေးပါတယ်။ နိုင်ငံတော်ဝင်ငွေတိုးတက်လာတာနဲ့အမျှ ၂၀၂၅ ခုနှစ်မှာတော့ အစိုးရကပဲ အပြည့်အဝတာဝန်ယူရမှာ ဖြစ်ပါတယ်။ အဲဒီအခါ ကျရင်တော့ အစိုးရအနေနဲ့ ကလေးတစ်ယောက်အတွက် ဒေါ်လာ ၅၀ နဲ့အထက် ကျခံသွားမှာဖြစ်ပါတယ်။

**မေး။ ။ ကာကွယ်ဆေး ၁၀ မျိုးအပြင် ကာကွယ်ဆေးတိုးချဲ့ထိုးပေးသွားမယ့် အစီအစဉ်တွေရှိရင် ပြောပြပေးပါ။**

ဖြေ။ ။ ၂၀၂၀ ခုနှစ်မှာ ကာကွယ်ဆေး ၁၃ မျိုးဖြစ်ပါမယ်။ ၂၀၁၈ ခုနှစ်မှာ ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားလို့ရှိရင် သေဆုံးမှုရော နာတာရှည်ဖြစ်မှုပါ အလွန်ကြောက်စရာကောင်းတဲ့ ခြင်ကတစ်ဆင့်ကူးစက်တဲ့ရောဂါပိုးကို ကိုးလကနေ အသက် ၁၅ နှစ်အတွင်းမှာ တစ်နိုင်ငံလုံးကို ထိုးပေးမှာပါ။ ပြီးရင် ၂၀၁၈ ခုနှစ်မှာ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှာ အသက်ကိုးလမှာ တစ်ကြိမ်ထည့်ထိုးပါမယ်။ ၂၀၁၉ ခုနှစ်မှာတော့ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်စေတဲ့ ဗိုင်းရပ်(စ်)ကာကွယ်ဆေးထည့်ဖို့အတွက် အဆိုပြုထားပါတယ်။ နောက်ပြီး သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို ၁၀ ကျော်သက်တွေမှာ ထိုးသွားမှာပါ။ အဲဒါကတော့ မူအားဖြင့် နိုင်ငံတော်က သဘောတူထားပြီးဖြစ်ပါတယ်။ စုစုပေါင်း ကာကွယ်ဆေး ၁၃ မျိုးဖြစ်သွားပါမယ်။

**(ဇာနည်မောင်၊ အေးမင်းသူ)**

# ပုန်းတလုတ်ရေကန်ကြီး ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဇော်ဂျီရေထွက်မှ ရေသွယ်ယူခြင်းအောင်ပွဲအခမ်းအနားကျင်းပ




**ရန်ကုန် မေ ၇**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက အလှူငွေကျပ်သိန်း ၇၀၀ မတည်လှူဒါန်း ဆောင်ရွက်ပေးခဲ့သောဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ကျက်သရေဆောင် ပုန်းတလုတ်ရေကန်ကြီး ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဇော်ဂျီရေထွက်မှ ရေသွယ်ယူခြင်း အောင်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီခွဲက အဆိုပါဒေသရှိ Diamond Queen မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပုန်းတလုတ်ရေကန် ဆိုင်းဘုတ်ရှေ့၌ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲနိုင်တစ်လုံ၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ ဦးညီလေးချမ်း(ခ)ဦးညီညီ၊ ဒေါက်တာသန်းမင်းထွဋ်နှင့် ဖောင်ဒေးရှင်းမှ ဒေါ်စန္ဒာဝင်းတို့က ရေအောင်ပွဲအထိမ်းအမှတ် အခမ်းအနားတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အထိမ်းအမှတ်ကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ ဧည့်သည်တော်များနှင့်အတူ ပုန်းတလုတ်ရေကန်နှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီး ဦးစိုင်းရဲနိုင်တစ်လုံက အဖွင့်အမှာစကားပြောကြားပြီး ပုန်းတလုတ်ရေကန်ကြီး အောင်မြင်ခဲ့ခြင်းအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ကိုယ်စား ဒေသဦးစီးအဖွဲ့ဝင် ဦးညီလေးချမ်း(ခ)ဦးညီညီတို့က ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ ပုန်းတလုတ်ရေကန်ကြီး အောင်မြင်စွာတည်ဆောက်နိုင်ရန်အတွက် ထောက်ပံ့ကူညီလှူဒါန်းပေးခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယင်းနောက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ဖောင်ဒေးရှင်းအဖွဲ့ဝင် ဒေါ်စန္ဒာဝင်းက ရှင်းလင်းပြောကြားခဲ့ပြီး ပုန်းတလုတ်ရေကန်ပြုပြင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန်းမင်းထွဋ်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(၀၁၀)**

# အာမခံလျော်ကြေးပေးအပ်မှုများတွင် မော်တော်ယာဉ်အာမခံအတွက် အများဆုံးပေးလျော်ရ

**ရန်ကုန် မေ ၇**

အာမခံလျော်ကြေးငွေ မြန်မြန်ဆန်ဆန်ပေးလျော်နေမှုများကြောင့် အာမခံထားရှိမှုအပေါ် စိတ်ဝင်စားမှုရှိလာပြီး ပုဂ္ဂလိကအာမခံကုမ္ပဏီတို့အနေဖြင့် အာမခံလျော်ကြေးပေးအပ်မှုတွင် မော်တော်ယာဉ်အလုံးစုံအာမခံအတွက် အများဆုံးပေးလျော်လျက်ရှိကြောင်း သိရသည်။

ပုဂ္ဂလိကအာမခံကုမ္ပဏီများအနေဖြင့် တည်ထောင်ရပ်တည်လာမှု သုံးနှစ်ကျော်သို့ ရောက်ရှိလာပြီဖြစ်ပြီး အများပြည်သူများအကြား အာမခံအသိအမြင်များ ပျံ့နှံ့တွင်ကျယ်လာစေရန်အတွက် ထိရောက်သော အသိပညာပေးဟောပြောမှုများအပြင် အာမခံအပေါ် ယုံကြည်စိတ်ချမှုပိုမိုရှိစေရန်အတွက်လည်း ဖြစ်ရပ်များအပေါ် မြန်ဆန်စွာ လျော်ကြေးပေးအပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်ဟု Global World Insurance ကုမ္ပဏီ၏ လျော်ကြေးပေးအပ်ပွဲအခမ်းအနားမှ သိရသည်။

ပုဂ္ဂလိကအာမခံကုမ္ပဏီတစ်ခုဖြစ်သော Global World Insurance ကုမ္ပဏီ၏ အာမခံလျော်ကြေးပေးအပ်ပွဲအခမ်းအနားကို မေ ၄ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး မော်တော်ယာဉ်အလုံးစုံ အာမခံလျော်ကြေးငွေ၊ စုပေါင်းအသက်အာမခံလျော်ကြေးငွေတို့ကို ပေးလျော်ခဲ့ခြင်းဖြစ်သည်။



"ပုဂ္ဂလိကကုမ္ပဏီတွေ အများဆုံးဆောင်ရွက်ပေးနေရတဲ့ အာမခံအမျိုးအစားကတော့ မော်တော်ယာဉ်အာမခံ၊ ဒုတိယကတော့ မီးအာမခံပါ။ လျော်ကြေးပေးလျက်ရှိရာမှာ လျော်ကြေးရဲ့ ၇၀ ရာခိုင်နှုန်းလောက်က မော်တော်ယာဉ်အာမခံအတွက် ပေးရတာပါ။ ကျန်တဲ့ ကျန်းမာရေးအာမခံတို့ဆိုရင် အရောင်းလည်း နည်းပါသေးတယ်။ လျော်ရတာလည်း နည်းပါတယ်" ဟု Global World Insurance ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ပြောသည်။

မော်တော်ယာဉ်အလုံးစုံအာမခံသည် စက်တပ်ယာဉ်များ၊ မတော်တဆထိခိုက်မှုဖြစ်သည့် နစ်နာဆုံးရှုံးမှုများ၊ ယာဉ်မတော်တဆထိခိုက်မှုကြောင့် လူနှင့် သူတစ်ပါးပိုင် ပစ္စည်းတို့ကို ပေးလျော်သည့် အာမခံအမျိုးအစားဖြစ်ပြီး အာမခံသက်တမ်းအားဖြင့် သုံးလ၊ ခြောက်လ၊ တစ်နှစ်အထိ ထားရှိနိုင်ကြောင်း သိရသည်။ အာမခံထားငွေကို ယာဉ်၏ ကာလပေါက်ဈေးထက် မပိုသော တန်ဖိုးဖြင့် ထားရှိနိုင်ကြောင်း သိရသည်။

အဆိုပါလျော်ကြေးပေးအပ်ပွဲအခမ်းအနားတွင် မော်တော်ယာဉ်အလုံးစုံအာမခံအတွက် ယာဉ်မတော်တဆမှုဖြစ်ခဲ့သည့် ယာဉ်ပိုင်ရှင် ဦးတင်ထွန်းအောင်ပိုင်ယာဉ်အား ယာဉ်ထိခိုက်ပျက်စီးမှုအတွက် လျော်ကြေးငွေကျပ် ၂၆၂၀၀၀၀ ကို ပေးအပ်ခဲ့သည်။ ယင်းအပြင် မကွေး FC ဘောလုံးအသင်းမှ အားကစားသမား Mr.Oulai Hinako Jean Paul သည် ယခုနှစ် မတ် ၂၂ ရက်က ရေငန်းပူလောင်သောဒဏ်ရာကြောင့် မတ် ၂၂ ရက်မှ ဧပြီ ၅ ရက်အထိ နှစ်ပတ်ဆက်တိုက် ဆေးရုံတက် ဆေးကုသမှုခံယူခဲ့ရခြင်းအတွက် စုပေါင်းအသက်အာမခံ ဒဏ်ရာရရှိမှုလျော်ကြေးငွေကျပ် ၆၅၅၄၂၀ ကို ပေးလျော်ခဲ့သည်။ အလားတူ Royal Victory Services Co.,Ltd. သည် ၂၀၁၃ မှစတင်ကာ စုပေါင်းအသက်အာမခံကို နှစ်စဉ်ထားရှိခဲ့ပြီး ဝန်ထမ်းတစ်ဦးလျှင် အာမခံထားငွေကျပ် သိန်း ၅၀ ထားရှိပေးခဲ့သည်။ ယခုနှစ် မတ် ၁၉ ရက်တွင် အဆိုပါကုမ္ပဏီမှ လုံခြုံရေးဝန်ထမ်း ဦးဆန်းဝင်းသည် အဆုတ်ရောဂါဖြင့် မြစ်ကြီးနားဆေးရုံတွင် ကွယ်လွန်ခဲ့ရာ ၎င်းအတွက် စုပေါင်းအသက်အာမခံလျော်ကြေးငွေကျပ် သိန်း ၅၀ ကိုလည်း အဆိုပါအာမခံလျော်ကြေးငွေပေးအပ်ပွဲ၌ ပေးအပ်ခဲ့သည်။ **(၀၀၁)**



**ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲနယ်မြေ ဖက်တန်းရပ်တွင် မေ ၂ ရက်က နေအိမ်ခုနစ်လုံး မီးလောင်ခဲ့ရာ ပါဝင်ခဲ့သောမီးဘေးသင့်ပြည်သူများသို့ FNI အာမခံကုမ္ပဏီမှ တစ်အိမ်ထောင်လျှင် ကျပ် ၁၅၀၀၀၀ ဖြင့် အိမ်ထောင်စု ခုနစ်စုအတွက် ကျပ် ၁၀၅၀၀၀၀ ထောက်ပံ့ပေးအပ်စဉ်။**
မြင့်နိုင်(ပြည်)



**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မှူခင်းရဲတပ်ဖွဲ့ အမှတ်(၂)မှူခင်း တပ်ဖွဲ့ခွဲ (ရန်ကုန်)မိသားစုကလေးများ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို မေ ၅ ရက်က ကျင်းပစဉ်။**
(ကြေးမုံ)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ သုံးသပ်ဆွေးနွေးပွဲနှင့် စံပြဆုပေးပွဲကျင်းပ

**လယ်ဝေး မေ ၇**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ သုံးသပ်ဆွေးနွေးပွဲနှင့် စံပြဆုပေးပွဲကို မေ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော်တိုင်းဦးစီးမှူးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်က စီမံကိန်းလုပ်ငန်းများသုံးသပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်သည့် ကျေးရွာကော်မတီများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ် အားနည်းချက်၊ အားသာချက်များကို တာဝန်ရှိသူများနှင့် ရှင်းလင်းဆွေးနွေးကာ တိုင်းဦးစီးမှူးက သုံးသပ်ဆွေးနွေးခဲ့ပြီး မြစိမ်းရောင်ကျေးရွာ ၁၀ ရွာအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ စံပြဆုရရှိသည့် ဝင်တဲကူးကျေးရွာအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးရွာများအရောက် မှုခင်းအသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ပေါင် မေ ၇**

မွန်ပြည်နယ် ရဲမှူးကြီး ဘိုဘိုဦး၏လမ်းညွှန်မှုအရ ပေါင်မြို့နယ် ရင်းငြိမ်တောင်ကျေးရွာ မီးသတ်ရုံးရှေ့တွင် ပြည်သူများအနေဖြင့် မှုခင်းကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာများရရှိစေရန်အတွက် ကျေးရွာနေပြည်သူများအား ပေါင်မြို့နယ် ဒု-ရဲမှူးက မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတို့ ရှင်းလင်းပြောကြားခြင်း၊ ရဲကင်းစခန်း(ရင်းငြိမ်) ရဲအုပ်ကျော်နန္ဒအောင် ဦးစီးတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စု(၉) မော်လမြိုင်မှ ရဲအုပ်မောင်မောင်ဟန်က လူကုန်ကူးမှုအသိပညာပေးခြင်းကို မေ ၃ ရက် နံနက်ပိုင်းက အသေးစိတ်ရှင်းလင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၇၃ စီး၊ သွင်းကုန် ၅၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၇ စီး၊ သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၁၆ သန်းခန့်) ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာအနီးတွင် သတင်းအရ Hyundai မှန်လုံယာဉ်များအား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင် တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Cheers Beer 330 ml(1 × 24 Can) 250 Pkgs, Chang Beer 330 ml (1 × 24 Can) 180 Pkgs နှင့် သယ်ဆောင်သည့်ယာဉ် နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၆ သန်းခန့်)တို့ကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Cheers Beer, Chang Beer များနှင့် သယ်ဆောင်သည့် ယာဉ်များ။**

# မဟာပဏ္ဍိတပရဟိတအောင်တော်မူစေတီ၌ ကဆုန်ညောင်ရေသွန်းလောင်းမည်

**ပဲခူး မေ ၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနောက်ဘက်ကမ်းရွှေဘုံသာမုနိဘုရားအနီး ပရဟိတတောင်ပေါ်ရှိ မဟာပဏ္ဍိတ ပရဟိတစေတီတော်၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲကို မေ ၁၀ ရက် (ကဆုန်လပြည့်နေ့)တွင် ဦးကျော်သူဦးဆောင်၍ ပရဟိတအဖွဲ့ ပေါင်းစုံနှင့် ခုနစ်ရက်သားသမီးများက စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ညောင်ရေသွန်းလောင်းပွဲသို့ လာရောက်သူများအား စတုဒိသာအအေးများတိုက်ကျွေးမည်ဟု သိရသည်။

**(ခရေဇီ)**

# ဂျာမန်ဘာသာကျောင်းသားဟောင်းများအသင်း ဖွဲ့စည်း

**ရန်ကုန် မေ ၇**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဂျာမန်ဘာသာဖြင့် ဘွဲ့ရရှိခဲ့သော ကျောင်းသားဟောင်းများ စုစည်း၍ ဂျာမန်ဘာသာကျောင်းသားဟောင်းများအသင်း(German Old Students Association-GOSA)ဖွဲ့စည်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်အတွင်းရှိ My Garden Restaurent ၌ ကျင်းပရာ ဒေါက်တာသူရိန်နိုင်အောင်ဟိန်းက အသင်းစတင်ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားခဲ့ပြီး ဦးသန်းနိုင်အောင်က အသင်းဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသင်းဖွဲ့စည်းရေးအတွက် နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အလုပ်အမှုဆောင်စာရင်းများကို တက်ရောက်လာသည့် ကျောင်းသားဟောင်းများထံ တင်ပြပြီး တက်ရောက်လာသူများက ထောက်ခံအတည်ပြုပေးသဖြင့် ဥက္ကဋ္ဌ ဒေါက်တာသူရိန်နိုင်အောင်ဟိန်း၊ အတွင်းရေးမှူး ဦးသန်းနိုင်အောင်၊ အမှုဆောင်များနှင့် အဖွဲ့ဝင် ၂၈ ဦး ပါဝင်သောအသင်းကို စတင်ဖွဲ့စည်းခဲ့သည်။

ဂျာမန်ဘာသာကျောင်းသားဟောင်းများအသင်း အတည်ပြုဖွဲ့စည်းပြီးနောက် ဥက္ကဋ္ဌ ဦးသူရိန်နိုင်အောင်ဟိန်းက အသင်း၏ ရည်ရွယ်ချက်များဖြစ်သော ဂျာမန်ဘာသာဌာနနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကို အထောက်အကူဖြစ်စေရန်၊ ဂျာမန်ဘာသာကျောင်းသားဟောင်းများ(သင်ယူပြီး၊ သင်ယူဆဲ ဂျာမန်ဘာသာ ကျောင်းသားဟောင်းများ တက္ကသိုလ်တွင် သင်ကြားပေးနေသော ဆရာ၊ ပင်စင်စားများ)အကျိုးကိုဖြစ်ထွန်းစေရန်၊ အသင်းသားအချင်းချင်း၊ ကျောင်းသားဟောင်းများအချင်းချင်း ပူးပေါင်းဆက်သွယ်လုပ်ကိုင်မှုများ ခိုင်မာဖြစ်ထွန်းစေရန်နှင့် နိုင်ငံတော်အား တစ်ထောင့်တစ်နေရာမှ အကျိုးပြုနိုင်စေရန်တို့ဖြစ်ကြောင်းကို ရှင်းလင်းခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို တင်ပြကာ အသင်းဝင်လိုသူများအနေဖြင့် အသင်းတည်ရာ တိုက်(၆) ငါးလွှာ(A) စံရိပ်ငြိမ်(၁)လမ်း ကမာရွတ်မြို့နယ်သို့ လာရောက်ဆက်သွယ်နိုင်ပြီး ဖုန်း ၀၁-၅၃၈၅၇၉ နှင့် ၀၉-၄၂၀၉၀၂၄၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း ပြောကြားသည်။

**(ကြေးမုံ)**



# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အင်ဂျင်နီယာပညာရပ်ဆိုင်ရာလက်မှတ်များ ချီးမြှင့်

**ရန်ကုန် မေ ၇**

အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေးနှင့် အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင်များ လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက ကြီးမှူး၍ မေ ၇ ရက် နံနက်ပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

“ဒီပွဲက မြန်မာနိုင်ငံ အင်ဂျင်နီယာလောက တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပါတယ်။ ဒီပွဲမှာ ဒုတိယအကြိမ် ရန်ကုန်နည်းပညာတက္ကသိုလ် အရည်အသွေးစိစစ် အသိအမှတ်ပြုတဲ့လက်မှတ် ချီးမြှင့်တဲ့အခမ်းအနားရယ်၊ ပထမအကြိမ် ကုမ္ပဏီအဆင့်သတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ် ချီးမြှင့်မယ့်အခမ်းအနားနဲ့ ပဉ္စမအကြိမ် အာဆီယံ ပဋိညာဉ်လက်မှတ်(ACPE) ချီးမြှင့်မယ့်အခမ်းအနားရယ် ဒီသုံးရပ်ကိုပေါင်းပြီး ကျင်းပတာဖြစ်ပါတယ်” ဟု ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင် သိပ္ပံစာရေးဆရာ ကိုကိုအောင်က ပြောသည်။

ကုမ္ပဏီအဆင့်သတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ရခြင်းမှာ မြန်မာနိုင်ငံတွင်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းပြည်ပအတိုင်ပင်ခံ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ကိုင်သော ကုမ္ပဏီများတွင် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအပြင် လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံလိုက်နာဆောင်ရွက်မှု၊ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးကူညီဆောင်ရွက်မှု၊ နိုင်ငံတော်အပေါ် အခွန်ဘဏ္ဍာငွေပေးဆောင်မှု၊ လုပ်ငန်းများ ကောင်းမွန်ပြည့်စုံစွာပြီးစီးမှု၊ ပညာရှင်များအရည်အသွေးပြည့်ဝမှု၊ ယာဉ်၊ စက်ယန္တရားများနှင့် လုပ်သားများ၏ အရည်အသွေး ပြည့်ဝကောင်းမွန်မှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအစီအမံများ တိုးတက်ကောင်းမွန်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကုမ္ပဏီ ၂၆ ခုကို ပထမအကြိမ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့သည်ဟု သိရသည်။

ယခုနှစ် ပဉ္စမအကြိမ်တွင် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုမှုဆိုင်ရာအစီအမံအရ အရည်အချင်းသတ်မှတ်ချက် ပြည့်မီအောင် ဖြည့်ဆည်းပြီးသည့် အင်ဂျင်နီယာ ၁၀၀ ကျော်ကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အာဆီယံ ပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင်များ လက်မှတ် (ACPE) ကို ချီးမြှင့်ပေးအပ်ခဲ့သည်။

“အခု ACPE လက်မှတ် တက်ယူမယ့် ပုဂ္ဂိုလ်များဟာ မြန်မာနိုင်ငံမှာပဲ ဖြစ်ဖြစ်၊ အာဆီယံ ၁၀ နိုင်ငံတွင်းမှာပဲဖြစ်ဖြစ် ဘယ်မှာပဲအလုပ်လုပ်သူတို့ကို တကယ့်အင်ဂျင်နီယာ ကျွမ်းကျင်ပညာရှင်တစ်ယောက်အနေနဲ့ ဒီ ၁၀ နိုင်ငံက အသိအမှတ်ပြုထားပြီးသားဖြစ်ပါတယ်။ အင်ဂျင်နီယာကျွမ်းကျင်မှုအဆင့် လက်မှတ်ဖြစ်တဲ့အတွက် သူတို့အဖို့ အလားအလာကောင်းတွေ အများကြီးရရှိစေတယ်” ဟု သိပ္ပံစာရေးဆရာ ကိုကိုအောင်က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် စုစုပေါင်း ACPE လက်မှတ်ရရှိသူ ၂၇၀ ကျော်ရှိပြီး ဒေသတွင်း အာဆီယံနိုင်ငံများအကြား ACPE လက်မှတ်ရရှိပြီးသည့် ဦးရေမှာ တတိယအဆင့်၌ရှိသည်ဟု သိရသည်။

**(ခင်ဇာလီ)**




# လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ပိ၍ လူတစ်ဦး သေဆုံး

**လှိုင်ကော် မေ ၇**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် မေ ၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က လေပြင်းတိုက်ခတ်ပြီး မိုးကြိုးပစ်ခြင်း၊ မိုးသည်းထန်ခြင်း၊ မိုးသီးကြွေခြင်းများဖြစ်ပွားခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့်ဓာတ်တိုင်များကျိုးကျခြင်း၊ သစ်ပင်သစ်ကိုင်းများကျိုးကျလဲပြိုခဲ့ရာ လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက် နောင်ယားကန်အနီး ကားလမ်းပေါ်သို့ သစ်ပင်လဲကျသဖြင့် လမ်းမပေါ်ရှိ Light Truck ယာဉ်ပေါ်မှ ဦးသန်းစိုး(၄၆)နှစ် အငယ်တန်းအင်ဂျင်နီယာ အမှတ်(၂)ရေအား လျှပ်စစ်လောပိတနေသူသေဆုံးပြီး အတူပါလာသူ ဦးဆန်းတင့် (၄၉)နှစ်မှာ ခါးဒဏ်ရာရရှိ၍ လွိုင်ကော် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသလျက်ရှိကြောင်း သိရသည်။

ထို့အတူ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က လောပိတ ကန်နီကျေးရွာအနီး တောင်ယာခင်းတွင် မိုးကြိုးပစ်မှုကြောင့် ဒေါ်စူးမြာ(၃၉)နှစ်သည် ခေါင်းဒဏ်ရာရရှိ၍ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

အခင်းဖြစ်ပွားရာသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူနေသူများအား လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မန်စီးတီးတိုက်စစ်မှူး အဂူရိုကို ခေါ်ယူရန် မော်ရင်ဟို မျက်စိကျနေ



မန်ယူနည်းပြ မော်ရင်ဟိုက မန်ယူအသင်းတိုက်စစ်ပိုင်းတွင် မန်စီးတီးအသင်းတိုက်စစ်မှူးအဂူရိုကို ခေါ်ယူရန် မျက်စိကျနေသည်ဟု The Sun သတင်းဌာန၏ဖော်ပြချက်အရ သိရသည်။ တိုက်စစ်မှူး အီဗရာဟီမိုဗစ်မှာ ပြင်းထန်တဲ့ ဒူးအရွတ်ကြော ဒဏ်ရာကို ခွဲစိတ်ကုသခဲ့ရသည့်အတွက် ထိပ်တန်းခြေစွမ်းမျိုးပြန်ရရန် မလွယ်ကူနိုင်ဟု မော်ရင်ဟိုက ယူဆသောကြောင့် အသင့်အသုံးပြုနိုင်မယ့် ထိပ်တန်းအဆင့် ခြေစွမ်းပိုင်ရှင် တိုက်စစ်ကစားသမားသမားတစ်ဦးကို အစားထိုးရန် ပစ်မှတ်ထားနေပြီး အဂူရိုမှာ အဆိုပါစာရင်းတွင် ပါဝင်နေခြင်းဖြစ်သည်။

မန်စီးတီးအသင်းသို့ လူငယ်တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်စ်ရောက်ရှိလာခဲ့ပြီးနောက် အဂူရိုမှာ နည်းပြ ဂွါဒီယိုလာရဲ့ ဒုတိယဦးစားပေးတိုက်စစ်ကစားသမားဖြစ်နေရာ ယင်းအခြေအနေကို အကောင်းဆုံးအခွင့်အရေးယူရန် မော်ရင်ဟိုက အကွက်ချပြင်ဆင်လာခြင်းဖြစ်သည်။ မော်ရင်ဟိုက အဂူရိုအတွက် ပြောင်းရွှေ့ကြေး ပေါင် ၅၅ သန်း အသုံးပြုရန် ရည်မှန်းထားပြီး ပွဲထွက်ကစားခွင့်ပေးမယ်ဆိုတဲ့ အာမခံချက်ဖြင့်ပါ စည်းရုံးသွားရန် ရှိနေသည်။ အဂူရိုသည် ၂၀၁၁ ခုနှစ် အက်သလက်တီကိုမှ မန်စီးတီးသို့ ရောက်ရှိခဲ့သည့် ကာလအတွင်း ၁၇၈ပွဲဝင်ရောက်ကစားခဲ့ပြီး သွင်းဂိုး ၁၂၀ အထိ သွင်းယူထားနိုင်သူဖြစ်သည်။

၂၀၀၉ခုနှစ်တွင် မန်ယူတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်မှာ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် မည်သည့် မန်ယူ၊ မန်စီးတီး ကစားသမားကမျှ မြို့ခံပြိုင်ဘက်အသင်းသို့ ပြောင်းရွှေ့ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် အဂူရိုသာ မန်ယူအသင်းသို့ ပြောင်းရွှေ့မည်ဆိုပါက ကားလို့စ်တီဗက်စ်၏ နောက်မြို့ခံပြိုင်ဘက်အသင်းသို့ ပြောင်းရွှေ့သည့် ပထမဆုံး ကစားသမားဖြစ်လာမည်ဖြစ်သည်။

မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်က ပိုမို ကြံ့ခိုင်တဲ့ ပုံစံခြင့် ပြန်လာမည်ဟု ပြောကြားခဲ့သော်လည်း အသက်(၃၅) နှစ်ကျော် ကစားသမားတစ်ဦးအနေဖြင့် ထိပ်တန်းခြေစွမ်းပြသနိုင်ရေးအပေါ် မော်ရင်ဟိုက သံသယရှိနေခြင်းဖြစ်သည်။ သို့သော် အဂူရိုကို ရီးယဲလ်မက်ဒရစ်ကလည်း ခေါ်ယူမည်ဟု သတင်းထွက်ခဲ့သေးရာ မန်ယူအနေဖြင့် ရီးယဲလ်ကို နောက်ကောက်ချကာ ကစားသမားတစ်ဦးကို အောင်မြင်စွာ ခေါ်ယူနိုင်မည်လားဆိုသည်မှာလည်း စိတ်ဝင်စားစရာပင် ဖြစ်သည်။

## ရှိုင်ယန်ဂစ် နဲ့ ပေါလ်စခိုးလ် တို့ကဲ့သို့ မန်ယူတစ်သင်းတည်းတွင်သာ ကစားသည့် ကစားသမားဖြစ်ရန် ရည်မှန်းထားကြောင်း ရက်ရှ်ဖို့ဒ် ပြောကြား

မန်ယူလူငယ်တိုက်စစ်မှူး မားကပ်စ်ရက်ရှ်ဖို့ဒ်က ရှိုင်ယန်ဂစ်၊ ပေါလ်စခိုးလ်နှင့် ဂယ်ရီနဗီးလ်တို့ကဲ့သို့ မန်ယူအသင်းတစ်သင်းတည်းအတွက်သာ ကစားသမားဘဝအစမှအဆုံးထိ ကစားခဲ့တဲ့ ကစားသမားဖြစ်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အစောပိုင်းကာလတွင် မန်ယူနည်းပြမော်ရင်ဟိုက မန်ယူတိုက်စစ်ပိုင်းအတွက် အီဗရာဟီမိုဗစ်၊ လင်းဂတ်တို့ကိုသာ ပုံမှန်ပွဲထွက်ခွင့်ပေးလေ့ရှိပြီး ကျန်တိုက်စစ်ကစားသမားများကို အလှည့်ကျ ပွဲထွက်စေရာ မန်ယူမှ ရက်ရှ်ဖို့ဒ် ထွက်ခွာတော့မည်ဟု သတင်းများထွက်လာခဲ့သည်။

သို့သော် အီဗရာဟီမိုဗစ် ဒဏ်ရာ ပြဿနာကြုံခဲ့ရပြီးနောက် မန်ယူတိုက်စစ်ပိုင်းတွင် ရက်ရှ်ဖို့ဒ် ခြေစွမ်းပြကစားလာခဲ့ရာ ဥရောပအသင်းကြီး အချို့က ပုံမှန်ပွဲထွက်ခွင့်ပေးမည်ဟူသော ကတိစကားဖြင့် ရက်ရှ်ဖို့ဒ်ရရှိရေး ကြိုးပမ်းလာချိန်တွင် ရက်ဖို့ဒ်၏ ယခု တုံ့ပြန်စကားက မန်ယူပရိသတ်များအတွက် သတင်းကောင်းပင်ဖြစ်သည်။

ရက်ရှ်ဖို့ဒ်မှာ မန်ယူလူငယ်အကယ်ဒမီမှ ပေါ်ထွက်လာသည့် ကစားသမားဖြစ်သလို သူ့အနေဖြင့် ဘဝ တစ်လျှောက်လုံး မန်ယူစီနီယာကစားသမားများ၏ ခြေစွမ်း ကို ကြည့်ရှုပြီး ကြီးပြင်းခဲ့ရသဖြင့် မန်ယူမှ ဘယ်လိုအကြောင်း နှင့်မှ ထွက်ခွာမည်မဟုတ်ကြောင်း




ကတိပြုခဲ့သည်။

မန်ယူအသင်းသည် ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့တွင်လည်း ရက်ရှ်ဖို့ဒ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးဖြစ်ရာ ဗိုလ်လုပွဲ တက်ရောက် ရေးအလားအလာကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပြီးဖြစ်သည်။

## ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်းဒက်စ်တို့ ပေါင်သန်း ၈၅၀ ကျော်တန်ဖိုးရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း ဘွတ်ဘောလိဒ်စ်ဖော်ထုတ်ခဲ့

ဂျာမန်နာမည်ကြီး အားကစားကုမ္ပဏီ အက်ဒီးဒက်စ်နှင့် စပိန်အင်အားကြီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် ခုနစ်နှစ်တာကာလအတွက် ပေါင်သန်း ၈၅၀ကျော် တန်ဖိုးရှိစာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း ဘွတ်ဘောလိဒ်စ်ကဖော်ထုတ်ခဲ့သည်။ ဘွတ်ဘောလိဒ်စ်ဆိုသည်မှာအားကစားလောကတွင်း လျှို့ဝှက်ချက်များကို ထုတ်ဖော်ပေးနေသည့် ဝက်ဘ်ဆိုက်တစ်ခု ဖြစ်သည်။ ဘွတ်ဘောလိဒ်စ်၏ ထုတ်ဖော်ချက်တွင်ရီးယဲလ်အနေဖြင့် အက်ဒီးဒက်စ်မှ ပေါင် ၅၉ သန်း ရရှိမည်ဖြစ်ပြီး ရီးယဲလ်အမှတ်တံဆိပ်ပစ္စည်းများရောင်းချရမှုအပေါ် မူတည်ကာရောင်းချမှုပမာဏ၏ ၂၂ ဒသမ၅ရာခိုင်နှုန်း အကျိုးခံစားခွင့်ရရှိဦးမည်ဖြစ်သည်။

ထို့ပြင်ရီးယဲလ်အနေဖြင့်လာလီဂါ ချန်ပီယံအဖြစ်အောင်ပွဲခံနိုင်ပါကအပိုကြေး ၂ ဒသမ ၁ သန်း ရရှိဦးမည်ဖြစ်သလိုငွေကြေးဖောင်းပွမှုအတွက်လည်း ၂၀၂၀ ခုနှစ်နောက်ပိုင်းတွင် ပေါင် ၃ သန်း တိုးမြှင့်ခံစားခွင့်ရှိမည်ဖြစ်သည်။ အက်ဒီးဒက်စ်အနေဖြင့် ရီးယဲလ်သာ ချန်ပီယံလိဂ်ဖလား ထပ်မံဆွတ်ခူးခဲ့ပါကပေါင် ၄ ဒသမ၂သန်းမှ ပေါင် ၅ ဒသမသ ၉ သန်းအထိ ပေးချေရန်ရှိနေသည်။ အဆိုပါ ဂျာမန်ကုမ္ပဏီသည်ရီးယဲလ်၏ အောင်ပွဲခံဖလားကြိုဆိုရေး အခမ်းအနားမျိုးတွင်လည်း ကျခံမည်ဟူသောသဘောတူညီချက်ကိုလည်း စာချုပ်တွင်ထည့်သွင်း ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ထို့ကြောင့်ဘွတ်ဘောလိဒ်စ်က ရီးယဲလ်မက်ဒရစ်အသင်း၏ ခြေလှမ်းတိုင်းကငွေကြေးဆီကိုဦးတည်နေပြီး လာမည့်ရာသီမန်ယူအသင်း၏ ကမ္ဘာ့အချမ်းသာဆုံး ကလပ်အသင်းနေရာကိုရီးယဲလ်ပြန်လည်သိမ်းပိုက်နိုင်မည်လား စောင့်ကြည့်ရမည်ဖြစ်သည်။

## မက်ဆီရဲ့ အယူခံအောင်မြင်ခဲ့ခြင်းအပေါ် ဗီဒယ်လ်ဝေဖန်

မက်ဆီရဲ့ လေးပွဲပယ်ပြစ်ဒဏ်အယူခံ အောင်မြင်ခဲ့ခြင်းက ဘောလုံးလောက အတွက် သတင်းကောင်းဖြစ်သော်လည်း ချမှတ်ထားသော စည်းမျဉ်းများမှာ အားလုံး တစ်သားတည်းဖြစ်စေလိုကြောင်း ချီလီကွင်းလယ်လူ ဗီဒယ်လ်က ဝေဖန်စကားဆိုခဲ့သည်။

မက်ဆီရဲ့ ပြစ်ဒဏ်ကို ပယ်ဖျက်ပေးခြင်းနှင့် ပတ်သက်၍ အေအင်န်ဒီရေဒီယိုက ဗီဒယ်လ်အား မေးမြန်းခဲ့ရာ "ကျွန်တော်ကတော့ စည်းမျဉ်းဥပဒေတွေကို အားလုံးအတွက် တစ်သား တည်း ဖြစ်တာကိုပဲအလိုရှိပါတယ်။ ဒါက အာဂျင်တီးနားအတွက် မက်ဆီအတွက် ဘောလုံးလောကအတွက် ကောင်းပါတယ်။ မက်ဆီနိုင်ငံအသင်းအတွက် ဝင်ရောက်ကစားတာက တကယ်ကို ကြည့်လို့ကောင်းပါတယ်။ ဒါပေမယ့် စည်းမျဉ်းဆိုတာ အားလုံး အတွက် ညီတူညီမျှ ဖြစ်နေတာကိုပဲ အလိုရှိပါတယ်" ဟု မှတ်ချက်ပြုပြောကြားခဲ့သည်။

မက်ဆီမှာ မတ်၃၁ရက် ချီလီအသင်းနှင့် ရင်ဆိုင်ခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွင်း လက်ထောက်ဒိုင်ကို စော်ကားမော်ကားပြောကြားမိခဲ့ခြင်းအတွက် လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ယှဉ်ပြိုင်ပြီးစီးခဲ့သည့် ဘိုလီဗီးယားနှင့်ပွဲစဉ်အပါအဝင်စုစုပေါင်း လေးပွဲပယ်ပြစ်ဒဏ်ကျခံရန် ရှိနေသည်။

မက်ဆီကိုယ်စား အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က ယင်းပြစ်ဒဏ်ကို ဖီဖာအယူခံကော်မတီတွင် အယူခံဝင်ခဲ့ရာ ဖီဖာက ပြစ်ဒဏ်ကို ပယ်ဖျက်ပေးခဲ့သည်။ သို့သော် လက်ထောက်ဒိုင်အပေါ် လေးစားမှုလျော့နည်းသည့် စကားရပ်အတွက်မူ ဒဏ်ငွေ ဆွစ်ဖရန့် ၁၀၀၀၀(ပေါင် ၈၁၀၀) ဒဏ်ရိုက်ခံရမည်ဖြစ်သည်။ မက်ဆီသည် ပွဲပယ်ပြစ်ဒဏ်ကြောင့် ဘိုလီ ဗီးယားအသင်းကို အရေးနိမ့်ခဲ့သည့် ပွဲစဉ်ကို လွဲချော်ခဲ့ပြီးဖြစ်သော်လည်း အာဂျင်တီးနားအသင်းရဲ့ ကမ္ဘာ့ဖလား လက်ကျန်ပွဲစဉ်များတွင် အချိန်မီ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

အာဂျင်တီးနားအသင်းသည် တောင်အမေရိကဇုန်တွင် အဆင့်(၅)နေရာအထိ ရောက်ရှိနေသည့်အတွက် ၂၀၁၈ ကမ္ဘာ့ဖလား တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရန် ခက်ခဲနေသည့် အနေအထားကို ရင်ဆိုင်နေရသည်။ အာဂျင်တီးနားအသင်းသည် လက်ရှိကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသော်လည်း ကမ္ဘာ့ဖလားခြေစစ်ပွဲအတွင်း ရလဒ်ဆိုးများကြောင့် နည်းပြနုတ်ထွက် ထားသည့် နည်းပြ လက်မဲ့အသင်း ဖြစ်နေသည်။



မေလှဲ့သင်း - စုစည်းသည်

# စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်း

**ပြည်သူများလေ့လာသိရှိအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

၄၈။ ပုဒ်မ ၁၆ အရ သတ်မှတ်သော မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ခြင်း မပြုလျှင်-

(က) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းတို့သည် အကျိုးသက်ရောက်မှုမရှိစေရ။

(ခ) ကိတ္တိမသားသမီး မွေးစားခြင်းအတွက် တရားဝင်အထောက်အထား သက်သေခံချက် မဖြစ်စေရ။

(ဂ) စာချုပ်စာတမ်းပါပစ္စည်းနှင့် သက်ဆိုင်သည့် သို့မဟုတ် အခွင့်အာဏာပေးအပ်ချက်သည် တရားဝင်အထောက်အထား သက်သေခံချက် မဖြစ်စေရ။

၄၉။ ပုဒ်မ ၁၆ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့်(ဇ)တို့ ပါ စာချုပ်စာတမ်းများနှင့် ပုဒ်မ-၁၇ (က)၊ (ခ)နှင့်(ဂ)တို့ပါ စာချုပ်စာတမ်းများကို မှတ်ပုံတင်ထားလျှင် ယင်းစာချုပ်စာတမ်းပါပစ္စည်းနှင့် သက်ဆိုင်သော ကတိပြုချက်နှင့် စည်းကမ်းချက်များသည် တရားဝင်ဖြစ်သည်။

## အခန်း (၁၁)
## မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅၀။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) စာချုပ်စာတမ်းများကိုမှတ်ပုံတင်ရန် တင်ပြပါကအောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) မှတ်ပုံတင်ရန်တင်ပြသည့် နေ့ရက်၊ အချိန်၊ နာရီနှင့် နေရပ်တို့ကို ယင်းစာချုပ်စာတမ်းတွင် ရေးမှတ်၍ မှတ်ပုံတင်ရန် တင်ပြသူ၏လက်မှတ်ကိုရေးထိုးစေခြင်း၊

(၂) စာချုပ်စာတမ်းလက်ခံရရှိကြောင်း ပြေစာလက်မှတ်ကို မှတ်ပုံတင်ရန်တင်ပြသူအားထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်ပြုသည့် စာချုပ်စာတမ်းကို သက်ဆိုင်သည့် မှတ်ပုံတင်စာအုပ်၌ ကြန့်ကြာခြင်းမရှိစေဘဲ အစဉ်အတိုင်း မှတ်တမ်းတင်ခြင်း၊

(ခ) ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်စာအုပ်ကို မှတ်ပုံတင်ရန်တင်ပြသည့်စာချုပ်စာတမ်းနှင့် တိုက်ဆိုင်စစ်ဆေးပြီးလက်မှတ်ရေးထိုးရမည်။

၅၁။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) တရားရုံးဒီကရီ သို့မဟုတ် အမိန့်မိတ္တူကို ဖြစ်စေ၊ ပုဒ်မ ၈၄ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရပေးပို့သောမိတ္တူများမှတစ်ပါး ကျန်စာချုပ်များကို ဖြစ်စေ မှတ်ပုံတင်ရန် လက်ခံသည့်အခါ စာချုပ်စာတမ်းများတွင် အောက်ပါ ထပ်ဆင့်ရေးမှတ်ချက်များကို ရေးမှတ်ရမည်-

(၁) စာချုပ်ချုပ်ဆိုကြောင်းဝန်ခံသည့်စာချုပ်စာတမ်းချုပ်ဆိုသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားပြုသူ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်၏ လက်မှတ်နှင့်ဆက်လက်ရေးသားသော အချက်များ၊

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ စာချုပ်စာတမ်းနှင့် စပ်လျဉ်း၍ စစ်ဆေးခံရသူတို့၏ လက်မှတ်နှင့် ဆက်လက်ရေးသားသောအချက်များ၊

(၃) စာချုပ်စာတမ်းချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ ငွေဖြစ်စေ၊ ကုန်စည်ဖြစ်စေ ပေးအပ်ခြင်းနှင့် သက်ဆိုင်သော အဖိုးစားနားအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းလက်ခံရရှိကြောင်း မိမိ ရှေ့မှောက်တွင် ဝန်ခံချက်များ။

(ခ) စာချုပ်စာတမ်း ချုပ်ဆိုသူက ပုဒ်မခွဲ(က) ပါ ဝန်ခံချက်များကို စာချုပ်စာတမ်းတွင် ထပ်ဆင့်ရေးမှတ်ချက်မပြုလိုကြောင်း ငြင်းဆိုလျှင် ယင်းသို့ ငြင်းဆိုချက်ကို စာချုပ်စာတမ်းမှတ်ပုံတင်ပြီးချိန်တွင် မှတ်တမ်းတင်ထားရမည်။

၅၂။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ တစ်နေ့တည်း၌ ဆောင်ရွက်သော ပုဒ်မ၅၀ နှင့် ၅၁ တို့အရ ဆောင်ရွက်ချက်များကို ယင်းစာချုပ်စာတမ်းတွင် ရက်စွဲတပ်၍ လက်မှတ်ရေးထိုးရမည်။

၅၃။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ခွင့်ပြုရန် တင်ပြသည့်စာချုပ်စာတမ်းများကို မှတ်ပုံတင်ပြီးသည့်အခါ ယင်းစာချုပ်စာတမ်းများမှတ်ပုံတင်ထားသည့် မှတ်ပုံတင်စာအုပ်အမှတ်နှင့် စာမျက်နှာအမှတ်များကို စာချုပ်စာတမ်းတွင်ရေးသား၍ မှတ်ပုံတင်ပြီးကြောင်းထပ်ဆင့်ရေးမှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ထပ်ဆင့်ရေးမှတ်ချက်များကို ရုံးတံဆိပ်ရိုက်နှိပ်ခြင်း၊ ရက်စွဲနှင့်အတူ လက်မှတ်ရေးထိုးခြင်းတို့ဆောင်ရွက်ပြီးလျှင် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းပြီးမြောက်သည်။

၅၄။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) စာချုပ်စာတမ်းများကိုစစ်ဆေးရာ၌လိုအပ်ပါက တရားရုံး၏ ကျမ်းကျိန်လွှာကိုတင်ပြ စေနိုင်သည်။

(ခ) လိုအပ်လျှင် စစ်ဆေးမေးမြန်းခံရသူတစ်ဦးချင်းအလိုက် ထွက်ဆိုချက်များကိုရေးမှတ်၍ မှတ်တမ်းတင်ထားနိုင်သည်။

(ဂ) စစ်ဆေးမေးမြန်းခံရသူတို့၏ထွက်ဆိုချက်များကို ပြန်လည်ဖတ်ပြပြီး ထွက်ဆိုသူက ဟုတ်မှန်ကြောင်း ဝန်ခံလျှင် ယင်းထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးရမည်။

(ဃ) မိမိလက်မှတ်ရေးထိုးထားသော ထွက်ဆိုချက်ပါ အချက်အလက်များကိုထင်ရှားပြီးသော အကြောင်းအရာများအဖြစ် သတ်မှတ်နိုင်သည်။

၅၅။ (က) ပုဒ်မ ၇ နှင့် ပုဒ်မ ၈တို့ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ခရိုင်စာချုပ်စာတမ်းမှတ်ပုံတင်စစ်ဆေးရေးမှူး၏ ကြီးကြပ်မှုကို ခံယူဆောင်ရွက်ရမည်။

(ခ) ခရိုင်စာချုပ်စာတမ်း မှတ်ပုံတင်စစ်ဆေးရေးမှူးသည် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍တိုင်ကြားလျှင် လိုအပ်သလိုစစ်ဆေး၍ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၏ ဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များရှိပါက အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်၊ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည်ခရိုင်စာချုပ်စာတမ်းမှတ်ပုံတင်စစ်ဆေးရေးမှူး၏ တင်ပြချက်ကိုစိစစ်၍ လိုအပ်သလို ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါကိစ္စရပ်များ ဆောင်ရွက်ရန်လိုအပ်ပါက ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်-

(က) ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် မလိုအပ်သည့် စာရွက်စာတမ်းများဖျက်ဆီးခြင်း၊

(ခ) ဒဏ်ကြေးကင်းလွတ်ခွင့်ပြုခြင်း၊

၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မိမိလက်အောက်ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများကို စည်းကမ်းတကျဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် တာဝန်ယူကြီးကြပ်ရမည်။

၅၈။ ညွှန်ကြားရေးမှူးချုပ်သည်မှတ်ပုံတင်ခအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုရန်တင်ပြသည့်ကိစ္စနှင့်စပ်လျဉ်း၍ဝန်ကြီး၏သဘောတူညီချက်ဖြင့်ခွင့်ပြုနိုင်သည်။

## အခန်း(၁၂)
## မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် အယူခံခြင်း

၅၉။ ပုဒ်မ၇နှင့် ပုဒ်မ ၈ တို့ပါစာချုပ်စာတမ်း မှတ်ပုံတင် အရာရှိသည် -

(က) မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်း ကို ပုဒ်မ ၃၄ ပါကိစ္စရပ်များကြောင့် မှတ်ပုံတင်ရန်ငြင်းပယ်လျှင် မည်သည့်အတွက် ငြင်းပယ်ကြောင်းကို သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်းတင်ထားရမည့်ပြင် စာချုပ်စာတမ်း၌လည်း ငြင်းပယ်ကြောင်း ဖော်ပြရမည်။

(ခ) ပုဒ်မခွဲ(က)အရငြင်းပယ်သည့် စာချုပ်စာတမ်းနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ ယင်းစာချုပ်စာတမ်းပါ သက်ဆိုင်ကြောင်းအဆိုရှိသူကဖြစ်စေ၊ငြင်းပယ်သည့်အမိန့်ကိုထုတ်ပေးရန်လျှောက်ထားလျှင် သတ်မှတ်ထားသည့် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်းတင်ထားသည့် အကြောင်းအရာများကို မိတ္တူမှန် အခမဲ့ ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(က) အရ ငြင်းပယ်သည့် စာချုပ်စာတမ်းကို ထုတ်ပေးရန် လိုအပ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၏အမိန့်အရသာ မှတ်ပုံတင်ပေးရမည်။

၆၀။ ပုဒ်မ ၇ နှင့်ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ဆုံးဖြတ်သော အောက်ပါအချက်များကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ် သည့်နေ့မှရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ အယူခံဝင်ရောက်ခွင့်ရှိသည်-

(က) စာချုပ်ချုပ်ဆိုခြင်းမပြုကြောင်း ငြင်းဆိုချက်အရမှတ်ပုံတင်ရန် ငြင်းပယ်ခံရခြင်း၊

(ခ) စာချုပ်စာတမ်းပါပစ္စည်းသည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ စီရင်ပိုင်ခွင့်ရှိသော နယ်နိမိတ်အတွင်းမကျရောက်သည့် အကြောင်းကြောင့်မှတစ်ပါး အခြားအကြောင်း တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း။

၆၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက် မိတ္တူနှင့်အတူ အယူခံလျှောက်ထားချက်ကို သတ်မှတ်ရက်အတွင်း လက်ခံရရှိလျှင် ဥပဒေနှင့်အညီ စိစစ်ရန်ခရိုင် စာချုပ်စာတမ်းမှတ်ပုံတင်စစ်ဆေးရေးမှူးအား တာဝန်ပေးအပ်နိုင်သည်။

၆၂။ ခရိုင်စာချုပ်စာတမ်းမှတ်ပုံတင်စစ်ဆေးရေးမှူးသည် ပုဒ်မ ၆၁ အရ တာဝန်ပေးအပ်ချက်ကို လက်ခံရရှိလျှင် အောက်ပါတို့ကိုဆောင်ရွက်ပြီး တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှ ၁၅ ရက် အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တွေ့ရှိချက် အစီရင်ခံစာ ပြန်လည်တင်ပြရမည်-

(က) စာချုပ်စာတမ်းမှတ်ပုံတင်ရန် တင်ပြသူများ၊ စာချုပ်စာတမ်းချုပ်ဆိုသူများနှင့်သက်သေများကို ရုံးသို့ ဆင့်ခေါ်ခြင်းနှင့်စစ်ဆေးခြင်း၊

(ခ) လိုအပ်သော အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်သူများထံမှတောင်းခံရယူခြင်း။

၆၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ခရိုင်စာချုပ်စာတမ်း မှတ်ပုံတင်စစ်ဆေးရေးမှူး၏တင်ပြချက်ကိုစိစစ်ပြီးယင်းတင်ပြချက်ရရှိသည့်နေ့မှ ခုနှစ်ရက်အတွင်း သက်ဆိုင်ရာ ပုဒ်မ ၇ နှင့်ပုဒ်မ ၈ တို့ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်ကို အတည်ပြုသည့်အမိန့် သို့မဟုတ် ပြင်ဆင်သည့် အမိန့်ချမှတ်ရမည်။

၆၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ်စာ တမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ မှတ်ပုံတင်ခွင့်မပြုကြောင်းဆုံးဖြတ်ချက်ကို ပြင်ဆင်သည့် အမိန့်ချမှတ်ပါက စာချုပ်စာတမ်းမှတ်ပုံ တင်ခွင့်ပြုရန် အယူခံတင်သွင်းသူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ခွင့်ပြုရန် ထပ်မံတင်ပြနိုင်သည်။

၆၅။ ပုဒ်မ၆၄ နှင့်အညီ တင်ပြချက်အရ မှတ်ပုံတင်ခွင့်ရရှိသော စာချုပ်စာတမ်းကို ကနဦးလျှောက်ထားသည့်နေ့ရက်တွင် မှတ်ပုံတင်သကဲ့သို့ မှတ်ယူရမည်။

၆၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ပုဒ်မ ၇ နှင့်ပုဒ်မ ၈တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ မှတ်ပုံတင်ရန် ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကိုအတည်ပြုလျှင် အယူခံဝင်ရောက်သူသည် အတည်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်းကို မှတ်ပုံတင်စေသည့် တရားရုံး ဒီကရီ သို့မဟုတ် အမိန့်ထုတ်ပြန်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တရားရုံးသို့လျှောက်ထားနိုင်သည်။

(ခ) အယူခံဝင်ရောက်သူသည် စာချုပ်စာတမ်းကိုမှတ်ပုံတင်ရန် တရားရုံး၏အမိန့်၊ ဒီကရီရရှိပါက ယင်းအမိန့်ချမှတ်သည့် နေ့ရက် မှ ရက်ပေါင်း၃၀ အတွင်း ပုဒ်မ ၇ နှင့်ပုဒ်မ ၈ တို့ပါ စာချုပ် စာတမ်းမှတ်ပုံတင်အရာရှိထံ စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် လျှောက်ထားရမည်။

၆၇။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ၆၆၊ ပုဒ်မခွဲ(ခ) အရ တင်ပြသည့် စာချုပ်စာတမ်းကို ဥပဒေနှင့် အညီ မှတ်ပုံတင်ပေးရမည်။

## အခန်း(၁၃)
## မှတ်ပုံတင်ခ၊ ရှာဖွေခနှင့် မိတ္တူရေးကူးခများ

၆၈။ ဝန်ကြီးဌာနသည်အောက်ပါကိစ္စရပ်များအတွက် ပေးဆောင်ရမည့် အခကြေးငွေများကို သတ်မှတ်ပြီးသတ်မှတ်သည့် အခကြေးငွေနှုန်းထားများကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာရမည့်ပြင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများရှိ အများပြည်သူ မြင်သာသည့်နေရာ၌ ထင်ရှားစွာ ဖော်ပြထားရန် ညွှန်ကြားရမည်-

(က) စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်း၊

(ခ) မှတ်ပုံတင်စာအုပ်နှင့် အညွှန်းမာတိကာများကိုရှာဖွေကြည့်ရှုခြင်းနှင့် မိတ္တူရေးကူးခြင်း၊

(ဂ) ကော်မရှင်နာ ခန့်အပ်ခြင်း၊

(ဃ) စာချုပ်စာတမ်းချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက် ဆောင်ရွက်ခြင်း၊

(င) ဘာသာပြန်ချက်များ တွဲထားခြင်း၊

(စ) ချိတ်ပိတ်သေတမ်းစာများကို ထိန်းသိမ်းခြင်း၊ ဖွင့်ပေးခြင်းနှင့် ပြန်အပ်ခြင်း၊

(ဆ) မှတ်ပုံတင်သည့်စာချုပ် စာတမ်းကိုဖြစ်စေ၊ မှတ်ပုံတင်ရန်ငြင်းပယ်သော စာချုပ်စာတမ်းကိုဖြစ်စေ၊ ထုတ်ယူခြင်းမရှိ၍ လုံခြုံစွာ ထိန်းသိမ်းထားခြင်း၊အခြားကိစ္စရပ်များဆောင်ရွက်ခြင်း။

၆၉။ စာချုပ်စာတမ်းမှတ်ပုံတင်ပေးရန်တင်ပြသူသည် ပုဒ်မ ၆၈ အရ သတ်မှတ်ကြေညာထားသော အခကြေးငွေနှုန်းထားများပါ စာချုပ်စာတမ်း မှတ်ပုံတင်ခကိုမှတ်ပုံတင်သည့်အချိန်တွင် ပေးဆောင်ရမည်။

## အခန်း(၁၄)
## မှတ်ပုံတင်ပြီးဖြစ်သည်ဟု မှတ်ယူရသည့် စာချုပ်စာတမ်းများ

၇၀။ အောက်ပါစာချုပ်စာတမ်းများ သို့မဟုတ် မြေပုံများသည် ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(က) မြေခွန်နှုန်း သတ်မှတ်သည့်အရာရှိသို့မဟုတ်ပြင်ဆင်သတ်မှတ်သည့် အရာရှိကထုတ်ပေးသော သို့မဟုတ် လက်ခံထားသော စာချုပ်စာတမ်းများနှင့် မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးထားသည့် စာချုပ်စာတမ်းများ၊

(ခ) နိုင်ငံတော်အစိုးရက မြေတိုင်းတာရန် တာဝန်ပေးအပ်သည့် အရာရှိက ထုတ်ပေးသော သို့မဟုတ် လက်ခံသောစာချုပ်စာတမ်းနှင့်မြေပုံများ၊ ယင်းအရာရှိတို့က မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့် စာချုပ်စာတမ်းနှင့် မြေပုံများ၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ရုံးသို့ မှန်မှန်ပေးပို့ရသည့် ကျေးရွာစာရင်းနှင့် သက်ဆိုင်သောစာချုပ်စာတမ်းများ၊

(ဃ) နိုင်ငံတော်အစိုးရအတွက် မြေပေါ်၊ မြေအောက် အကျိုးစီးပွားအတွက် လွှဲပြောင်းပေးအပ်သော စာချုပ်စာတမ်းများ။

၇၁။ ပုဒ်မ ၇၀ ပါ စာချုပ်စာတမ်းနှင့် မြေပုံများကို မည်သူမဆို သတ်မှတ်ထားသည့် အခကြေးပေးသွင်း၍ ကြည့်ရှုခွင့်နှင့် မိတ္တူ ရယူခွင့်ရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**

# နှစ်(၈၀)ပြည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း

ကောင်းစည်သူ

အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်း၏ အသင်းခွဲတစ်ခုအဖြစ် ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၁၉၃၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှခွဲထွက်၍ သီးခြားအသင်းတစ်ခုအဖြစ် ရပ်တည်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၈၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထို့အတူပင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ကို ထူထောင်ခဲ့ပြီး ကမ္ဘာ့ကြက်ခြေနီလုပ်ငန်း၏ဖခင်ကြီးဟု တင်စားခံရသူ ဟင်နရီဒူးနန့် (Henry Dunant) ကို ၁၈၂၈ ခုနှစ် မေလ ၈ ရက်တွင် မွေးဖွားခဲ့သဖြင့် ယခုအခါ နှစ်ပေါင်း ၁၈၉ နှစ် ကြာမြင့်ခဲ့ပြီဖြစ်ပေသည်။ ဟင်နရီဒူးနန့်သည် ၁၉၁၀ ပြည့်နှစ် အောက်တိုဘာလ ၃၀ ရက်တွင် ကွယ်လွန်ခဲ့သည်။

လူသားချင်းစာနာထောက်ထားလျက် မေတ္တာနှင့် စေတနာတရားကို မဏ္ဍိုင်ပြုသည့် ကမ္ဘာ့အကြီးမားဆုံး လူမှုအဖွဲ့အစည်းကို ထူထောင်ခဲ့သူ ဟင်နရီဒူးနန့်၏ မွေးနေ့ဖြစ်သည့် မေလ ၈ ရက်နေ့ကို ကမ္ဘာ့ကြက်ခြေနီနေ့ဟုသတ်မှတ်ကာ ၁၉၄၈ ခုနှစ်မှစ၍ ကမ္ဘာအနှံ့ နိုင်ငံအသီးသီးတွင် နှစ်စဉ်ကျင်းပလျက်ရှိပြီး ၁၉၈၄ ခုနှစ်မှစ၍ ကမ္ဘာ့ကြက်ခြေနီနှင့် လခြမ်းနီနေ့ (World Red Cross and Red Crescent Day) ဟု သတ်မှတ်ခဲ့သည်။

မိတ်ဆွေရန်သူ ခွဲခြားမှုမရှိဘဲ လူသားများ၏ ဘေးဒုက္ခမျိုးစုံကို ကူညီကယ်ဆယ်ရန် ကြက်ခြေနီလူမှုအဖွဲ့အစည်းကို ထူထောင်ခဲ့သူ ဟင်နရီဒူးနန့်သည် ၁၉၀၁ ခုနှစ်တွင် ကမ္ဘာ့ပထမဆုံး ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ရရှိခဲ့သည်။ ထို့အတူ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည်လည်း ၁၉၁၇ ခုနှစ်၊ ၁၉၄၄ ခုနှစ်နှင့် ၁၉၆၃ ခုနှစ်တို့တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို သုံးကြိမ်ရရှိခဲ့သည်။

ကမ္ဘာ့သမိုင်းတစ်လျှောက် လူသားများ၏ပယောဂများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဘေးဒုက္ခမျိုးစုံဖြစ်ပွားခဲ့ရာ ရှောင်လွှဲ၍မရသည့် အန္တရာယ်များသည် လူသားများကို အမြဲတစေ ခြိမ်းခြောက်နေပေသည်။ နိုင်ငံရေးပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ စစ်ပွဲများ၊ မတော်တဆဖြစ်ပွားမှုများ၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ လေပြင်းမုန်တိုင်းကျရောက်ခြင်း၊ ရေကြီးရေလျှံခြင်း စသည့်အန္တရာယ်မျိုးစုံနှင့် ကြုံတွေ့ကြရသည့်အချိန်များတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် မြင့်မြတ်သော ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ပြုလျက် လူသားများကို ကူညီစောင့်ရှောက်မှုပေးကြသည့် ကြက်ခြေနီ မောင်မယ်များသည် လူမျိုးဘာသာမရွေး ဖြူစင်သော နှလုံးလှပိုင်ရှင်များဖြစ်ကြပေသည်။

**ကမ္ဘာ့ကြက်ခြေနီသမိုင်း**

ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ သမိုင်းသည် ပြင်သစ်နှင့် ဩစတြီးယားတို့ တိုက်ပွဲဖြစ်ပွားခဲ့သည့် ယခု အီတလီနိုင်ငံမြောက်ပိုင်းရှိ ဆိုဖာရီနို (Solferino) ကျေးရွာသို့ ၁၈၅၉ ခုနှစ် ဇွန်လ ၂၄ ရက် ညနေပိုင်းတွင် ဟင်နရီဒူးနန့်ရောက်ရှိလာခြင်းမှ အစပြုခဲ့သည်။

ဟင်နရီဒူးနန့်သည် ထိုနေ့ညနေက စစ်မြေပြင်တွင် ဒဏ်ရာရရှိနေသူ ၂၃၀၀၀ ကျော်အပါအဝင် သေအံ့မူးမူးဖြစ်နေသူများ၊ သေဆုံးနေကြသူများကို သွေးပျက်ဖွယ်တွေ့ရှိခဲ့ကာ များစွာတုန်လှုပ်ခြောက်ခြားခဲ့သည်။ ဟင်နရီဒူးနန့်သည် စစ်မြေပြင်တွင် ဒုက္ခသည်များအား ဆေးဝါးကုသ၊ ကူညီစောင့်ရှောက်မှုပေးခြင်းကို မတွေ့ရှိရသဖြင့် ဒဏ်ရာရရှိနေသည့် စစ်သားများ၊ နေမကောင်းဖြစ်နေသည့် စစ်သည်များကို ကူညီပြုစုရန် အမျိုးသမီးများနှင့် မိန်းကလေးများအား အဓိကထား၍ ဒေသခံရွာသူ၊ ရွာသားများအား မေတ္တာရပ်ခံခဲ့သည်။ သို့သော် လုံလောက်မှုမရှိသည့် ဆေးဝါးနှင့်ဆေးပစ္စည်းများကို ဟင်နရီဒူးနန့်ကိုယ်တိုင်ဝယ်ယူခဲ့ပြီး ယာယီဆေးရုံများကို ဖွင့်လှစ်ပေးခဲ့သည်။

ဆွစ်လူမျိုး ဟင်နရီဒူးနန့်သည် မိမိနိုင်ငံ ဆွစ်ဇာလန်သို့ ဇူလိုင်လအစောပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ပြီးနောက် စစ်မြေပြင်အတွေ့အကြုံများကို ဆိုဖာရီနိုအောက်မေ့ဖွယ် (A Memory of Solferino) အမည်ဖြင့် စာအုပ်ရေးသားခဲ့ပြီး ၁၈၆၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဟင်နရီဒူးနန့်သည် သူ၏စာအုပ်တွင် စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများကို ပြုစုစောင့်ရှောက်နိုင်ရန် သူနာပြုများပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့များကို ငြိမ်းချမ်းသောကာလတွင် ဖွဲ့စည်းထားရန်နှင့် စစ်ဘက်ဆိုင်ရာ ဆေးတပ်ဖွဲ့များအား ကူညီရန် ဆင့်ခေါ်ထားသည့် စေတနာ့ဝန်ထမ်းများအား အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုတစ်ရပ်ဖြင့် အသိအမှတ်ပြုပြီး အကာအကွယ်ပေးရန်ဟူသည့်အချက်များကို မီးမောင်းထိုးပြခဲ့သည်။ ဟင်နရီဒူးနန့်သည် မိမိရေးသားသည့်စာအုပ်များကို ဥရောပတိုက်မှ ထင်ရှားသော နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များထံ ပေးပို့ခဲ့ပြီး မိမိ၏စိတ်ကူးကို အကောင်အထည်ဖော်နိုင်ရန် ဥရောပနိုင်ငံများသို့ သွားရောက်ခဲ့သည်။

သူ၏ကြိုးပမ်းချက်များကြောင့် ဂျီနီဗာ ပြည်သူ့လူမှုဖူလုံရေးအသင်း (Geneva Society for Public Welfare) သည် ဟင်နရီဒူးနန့်၏ အကြံပြုချက်များကို သုံးသပ်ဆွေးနွေးလျက် ယင်းတို့ကို အကောင်အထည်ဖော်ရန် ၁၈၆၃ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်တွင် ငါးဦးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ဟင်နရီဒူးနန့်ကို အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်စေခဲ့သည်။ ငါးဦးကော်မတီက အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross) ကို ထိုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်တွင်ဖွဲ့စည်းခဲ့သည်။

၁၈၆၃ ခုနှစ် အောက်တိုဘာလတွင် ကော်မတီ၏ စီစဉ်မှုဖြင့် နိုင်ငံ ၁၄ နိုင်ငံ တက်ရောက်သည့် အပြည်ပြည်ဆိုင်ရာညီလာခံတစ်ရပ်ကို ကျင်းပခဲ့ကာ ဒဏ်ရာရစစ်သည်များအား ပြုစုစောင့်ရှောက်မှုလုပ်ငန်း တိုးတက်လာစေရေးကို ဆွေးနွေးခဲ့ကြသည်။ နောက်တစ်နှစ်အကြာ ၁၈၆၄ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် ဆွစ်ဇာလန်နိုင်ငံလွှတ်တော်၏ စီစဉ်မှုဖြင့် သံတမန်များညီလာခံကျင်းပခဲ့ပြီး ပထမအကြိမ် ဂျီနီဗာကွန်ဗင်းရှင်းကို နိုင်ငံ ၁၂ နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ညီလာခံအစည်းအဝေးက ဆွစ်ဇာလန်နိုင်ငံ၏ နိုင်ငံတော်အလံမှအရောင်များကို ယူ၍ အဖြူရောင်အောက်ခံတွင် အနီရောင်လေးထောင့်အပေါင်းလက္ခဏာပါရှိသည့်သင်္ကေတကို ကြက်ခြေနီကော်မတီတံဆိပ်အဖြစ် အသုံးပြုရန် ရွေးချယ်ခဲ့ရာမှ ကြက်ခြေနီဟူ၍ ဖြစ်ပေါ်လာခဲ့သည်။ အနီရောင်အပေါင်းလက္ခဏာသင်္ကေတကို ကြက်ခြေနီအမှတ်တံဆိပ်အဖြစ် အသုံးပြုရန် ၁၈၆၄ ခုနှစ်တွင် ဂျီနီဗာမြို့၌ကျင်းပခဲ့သည့် ပထမအကြိမ်ညီလာခံက သဘောတူညီခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၏ အခြေခံမူဖြစ်သည့် ဂျီနီဗာသဘောတူညီချက်အရ ယင်းတံဆိပ်ကို ယနေ့တိုင် အသုံးပြုလျက်ရှိရာ ကမ္ဘာအနှံ့ ကြက်ခြေနီသင်္ကေတအဖြစ် အသိအမှတ်ပြုထင်ရှားလာခဲ့သည်။ ၁၈၆၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသည် ယခုအချိန်တွင် နိုင်ငံပေါင်း ၈၈ နိုင်ငံတွင် ဝန်ထမ်း ၁၃၀၀၀ ဖြင့် လူမှုကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းကြီးအဖြစ် ရပ်တည်လျက်ရှိနေသည်။



မျက်မှောက်ကာလတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖြင့် ဖွဲ့စည်းထားသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

မြန်မာနိုင်ငံကြက်ခြေနီအသင်းကို အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်း၏ အသင်းခွဲတစ်ခုအဖြစ် ၁၉၂၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲခဲ့ပြီးနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် Burma Red Cross Society ဟု သီးခြားအသင်းအဖြစ် ရပ်တည်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက အမျိုးသားအဆင့်အသင်းအဖြစ် ၁၉၃၉ ခုနှစ်တွင် အသိအမှတ်ပြု လက်ခံခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အဖွဲ့ဝင်အသင်းတစ်သင်း ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကို ၁၉၅၉ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၆၄ ခုနှစ်၊ ၁၉၇၁ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင် ပြင်ဆင်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေက အသင်းကြီးကို လူသားချင်းစာနာသည့်လုပ်ငန်းများနှင့် လူသားများ၏ ဘေးဒုက္ခများကို သက်သာလျော့ပါးစေရန် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းခဲ့သည်။

ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေသစ်ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် ပြဋ္ဌာန်းခဲ့ရာ ဥပဒေပုဒ်မ ၄ တွင် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်သည်ဟု သတ်မှတ်ခဲ့ပေသည်။

ဥပဒေအသစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လွတ်လပ်စွာ စေတနာအလျောက် ကူညီဆောင်ရွက်ပေးသော အသင်းတစ်ရပ်ဖြစ်၍ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်တွင် နိုင်ငံတော်၏ အရန်အင်အားဖြစ်ကြောင်း၊ အသင်းသည် နိုင်ငံတော်ကထုတ်ပြန်ထားသော ဥပဒေများနှင့်အညီ ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုထားသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အမြဲတမ်း လိုက်နာလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထည့်သွင်းရေးဆွဲခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဦးတည်ချက်သည် လူသားများ၏ ဆင်းရဲဒုက္ခများ လျော့ပါးသက်သာစေရေးဖြစ်ပြီး ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးများမှ ကာကွယ်တားဆီးရန်နှင့် ဘေးဒုက္ခကျရောက်နေသူများအား ကူညီပေးရန်ဟူသည့် ဦးတည်ချက်သုံးရပ် ချမှတ်ခဲ့သည်။ အဖွဲ့၏ အခြေခံမူများသည် လူသားချင်းစာနာခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေ၍ ဘက်လိုက်မှုမရှိခြင်း၊ လွတ်လပ်စွာဆောင်ရွက်ခြင်း၊ စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်း၊ စည်းလုံးခြင်း၊ တစ်ကမ္ဘာလုံး တန်းတူရည်တူလုပ်ကိုင်ခြင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ထူထောင်ခဲ့ချိန်မှစ၍ ခေတ်အဆက်ဆက် လူငယ်မောင်မယ်များသည် ကြက်ခြေနီတပ်ဖွဲ့ဝင်များအဖြစ် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြသည်။ လူမျိုး၊ ဘာသာ၊ နေရာဒေသ၊ ကျားမ မရွေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်က ကြက်ခြေနီမောင်မယ်များ၏ ဆောင်ရွက်ချက်များသည် များစွာထင်ရှားခဲ့ပေသည်။

**ဟင်နရီဒူးနန့်ဆုနှင့် မြန်မာကြက်ခြေနီလူငယ်**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသည် ဖွဲ့စည်းခဲ့မှုနှစ် ၁၀၀ ပြည့်မြောက်သည့် ၁၉၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီကို ထူထောင်ခဲ့သူ ဟင်နရီဒူးနန့်အား ဂုဏ်ပြုသည့် ဆုတံဆိပ်တစ်မျိုးကို တီထွင်ချီးမြှင့်ရန် စဉ်းစားခဲ့ကြသည်။

ထို့ကြောင့် ၁၉၆၅ ခုနှစ်တွင် ဗီယင်နာမြို့၌ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီညီလာခံက ကမ္ဘာတစ်လွှားမှ ကြက်ခြေနီလုပ်ငန်းကို ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ခဲ့သူများကို ဟင်နရီဒူးနန့်ဆုတံဆိပ် ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသည် ဟင်နရီဒူးနန့်ဆုတံဆိပ် စံနှုန်းများသတ်မှတ်ပြီး ဆုငါးဆုကို နှစ်နှစ်တစ်ကြိမ်ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ပြီး ပထမဆုံး ဟင်နရီဒူးနန့်ဆုတံဆိပ်ကို ၁၉၆၉ ခုနှစ်တွင် Pierre Tacier အား ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သမိုင်းတစ်လျှောက်တွင် စွန့်လွှတ်စွန့်စားကာ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သည့် ကူညီကယ်ဆယ်မှုလုပ်ရပ်များသည် အမြောက်အမြားရှိခဲ့သည်။ စွန့်လွှတ်စွန့်စား ကြက်ခြေနီများကို ပေးအပ်ချီးမြှင့်သည့် ကမ္ဘာ့အမြင့်ဆုံး ဟင်နရီဒူးနန့်ဆုကို မြန်မာနိုင်ငံမှ ကြက်ခြေနီလူငယ် စိုင်းအောင်လှိုင်မြင့် ဆွတ်ခူးရရှိခဲ့ကာ မှတ်တမ်းဝင်ခဲ့သည်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ခတ်ချိုကျေးရွာအနီး၌ ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် တပ်မတော်မော်တော်ယာဉ်တစ်စီးသည် ဧရာဝတီမြစ်အတွင်းသို့ ထိုးကျသွားခဲ့ရာ ကားနှင့်အတူ ယာဉ်မောင်းသူပါ နစ်မြုပ်သွားခဲ့သည်။ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် စိုင်းအောင်လှိုင်မြင့်သည် ရေခဲတမျှအေးစက်နေသည့် ဧရာဝတီမြစ်အတွင်းသို့ဆင်း၍ မြစ်အတွင်း မော်တော်ယာဉ်နှင့်အတူ နစ်မြုပ်နေသည့် ယာဉ်မောင်း တပ်သားခင်မောင်အေးကို သက်စွန့်ဆံဖျားကယ်တင်ခဲ့သည်။ ကုန်းပေါ်သို့ရောက်ရှိချိန်တွင် စိုင်းအောင်လှိုင်မြင့်သည် ရဲဘော်ခင်မောင်အေးကို ရှေးဦးသူနာပြုစုစောင့်ရှောက်မှုပေးခဲ့ကာ သေမည့်ဘေးမှ ကူညီနိုင်ခဲ့သည်။

မိမိ၏အမျိုးအဆွေလည်းမဟုတ်၊ အသိအကျွမ်းလည်းမဟုတ်သော်လည်း ဒုက္ခရောက်ကာ သေဘေးနှင့်ရင်ဆိုင်နေရသူတစ်ဦးအား မိမိအသက်ကို မငဲ့ကွက်ဘဲ ကူညီစောင့်ရှောက်ခဲ့သည့်လုပ်ရပ်ကြောင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင် စိုင်းအောင်လှိုင်မြင့်ကို ၁၉၇၇ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင်ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီညီလာခံတွင် ဟင်နရီဒူးနန့်ဆုတံဆိပ် ချီးမြှင့်ခဲ့သည်။

နှစ် ၈၀ ပြည့်ပြီဖြစ်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူသားချင်းစာနာထောက်ထားမှုကို အရင်းတည်လျက် မေတ္တာ၊ ကရုဏာ၊ စေတနာပြည့်ဝသော အသင်းဝင်များဖြင့် လူမှုရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ယနေ့တိုင်ဆောင်ရွက်လျက်ရှိပေသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင်သာမက လူထုအခြေပြု လူမှုအကျိုးပြုလုပ်ငန်းများတွင်လည်း နှစ်ပေါင်း ကြာရှည်စွာ ဆက်လက်ပါဝင် ဆောင်ရွက်နေဦးမည်သာဖြစ်ပေသည်။

# နိုင်ငံတကာအဆင့်မီ လက်ကားဈေးတည်ဆောက်ရန် စီစဉ်

**ပဲခူး မေ ၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မေ ၅ ရက် နံနက် ၉ နာရီခွဲက ပဲခူးမြို့ ကလိကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းနှင့် မြို့ရှောင်လမ်းထောင့်တွင် နိုင်ငံတကာအဆင့်မီ လက်ကားဈေး (Whole Sale Center) တည်ဆောက်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အဆိုပါအခမ်းအနား၌ ဝန်ကြီးချုပ်က ပဲခူးမြို့သည် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကြောင့် ကုန်စည်စီးဆင်းမှုများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ လူဦးရေများပြားခြင်းနှင့်အတူ ယာဉ်ကြောကြပ်တည်းမှုများ မဖြစ်ပေါ်စေရေးတို့အတွက် နိုင်ငံတကာအဆင့်မီ ဈေးသစ်ကြီးများအား မြို့ပြင်ဘက်တွင် ကြိုတင်နေရာပေး စီစဉ်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း၊ နိုင်ငံတကာ အဆင့်မီ လက်ကားဈေးဆောက်လုပ်မည့် ကုမ္ပဏီသည် ရန်ကုန်မြို့တွင်း၌ အဆင့်မြင့်ဈေးများ၊ Super Market များ ဆောက်လုပ်လျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်၍ အတွေ့အကြုံများစွာရှိနေကြောင်း၊ ပဲခူးမြို့အတွက် အမှန်တကယ်လိုအပ်သည့် ဈေးသစ်ကြီးတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လက်ကားဈေးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က Grand Style Co., Ltd က အဆိုပြုတင်ပြလာသည့် ဈေးတည်ဆောက်မည့် ဒီဇိုင်းပုံစံနှင့်ပတ်သက်ပြီး စည်းကမ်းချက်များကိုလည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက ဈေးသစ်ကြီးတည်ဆောက်ရာတွင် စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ Express Gate များ၊ ယာဉ်ရပ်နားစခန်းငယ်များလည်း ထည့်သွင်းစေလိုကြောင်း၊ Grand Style Co., Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေလင်းဦးနှင့် ဒုတိယဒါရိုက်တာ ဦးမြတ်သူတို့က နိုင်ငံတကာအဆင့်မီ လက်ကားဈေး(Whole Sale Center) တည်ဆောက်မည့် အဆောက်အအုံပုံစံများ၊ ဆိုင်ခန်းများအတွက် ပံ့ပိုးပေးထားသည့် အပိုင်းများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။



ပဲခူးမြို့ ကလိကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းနှင့် မြို့ရှောင်လမ်းထောင့်တွင် နိုင်ငံတကာအဆင့်မီ လက်ကားဈေး (Whole Sale Center) နှစ်ထပ်အဆောက်အအုံအား ၁၈ လနှင့် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ၁၅ ပေ × ပေ ၄၀ (၁၂) ခန်းတွဲ ၁၉ လုံး၊ ၁၅ ပေ× ပေ ၄၀ (၁၀) ခန်းတွဲ နှစ်လုံး၊ ၁၅ ပေ× ပေ ၄၀ ၂၄ ခန်းတွဲ တစ်လုံး စုစုပေါင်း ဆိုင်ခန်း ၂၇၂ ခန်း ပါဝင်မည် ဖြစ်သည့်အပြင် ယာဉ်အစီးရေ ၇၀၀ ထိ ရပ်နားနိုင်သော Car Parking တစ်ခုလည်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**တင်စိုး(ပဲခူး)**

# သာသနာ့အာဇာနည်အရှင်မြတ်များအား ဂုဏ်ပြုပူဇော်

**ကျောက်တန်း မေ ၇**

သာသနာ့အာဇာနည်အရှင်မြတ် လေးပါးအားဂုဏ်ပြုပူဇော်သည့် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ (၁) ရပ်ကွက် အလယ်ကျောင်းတိုက်တွင် မေ ၇ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အပူဇော်ခံ သာသနာ့အာဇာနည်အရှင်မြတ်များမှာ သက်တော် (၄၂) နှစ် သိက္ခာတော် (၂၂) ဝါရ ဒေါက်တာအရှင်ဝဏ္ဏိသရ (ရွှေမေတ္တာ) (PhD, Buddhism, International University, KoKa, India)၊ သက်တော် (၃၁) နှစ် သိက္ခာတော် (၁၀) ဝါရ အရှင်ပညာဝံသ သာသနဓဇဓမ္မာစရိယ (B.A Buddhism, M.A Buddhism)၊ သက်တော် (၃၂) နှစ် သိက္ခာတော် (၁၀) ဝါရ အရှင်ဝိသာလာလင်္ကာရ သာသနဓဇဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂရေ၊ သက်တော် (၃၃) နှစ် သိက္ခာတော် (၁၃) ဝါရ အရှင်သောဘိတ သဒ္ဓမ္မဇောတိကဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ စာချကထိကတို့ဖြစ်ကြပြီး တံတားမြို့အလယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိထံတွင် သာမဏေဝတ်၍ ဆရာတော်မှပင် ဥပဇ္ဈာယ်ပြုကာ သာသနာ့ဘောင်တွင်ချီးမြှောက်ထားသူများဖြစ်ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# အငှားယာဉ်(ဆိုက်ကား)လုပ်ငန်းလိုင်စင်သက်တမ်းတိုး

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) မေ ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံးဝင်းအတွင်း၌ မေ ၂ ရက် မှ ၆ ရက်အထိ မြို့နယ်အတွင်းရှိ အငှားယာဉ်(ဆိုက်ကား)စီးရေ (၄၆၈)စီးကို ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် စည်ပင်ဝန်ထမ်းများက လုပ်ငန်းလိုင်စင်သက်တမ်းတိုးစာရွက်စာတမ်းများ ထုတ်ပေးခြင်းနှင့် ဆိုက်ကားကိုယ်ထည် ဆေးအသစ်သုတ်ထားခြင်းနှင့် သံပေါင်နံပါတ်၊ မီးခေါင်း မီးချောက်၊ ရောင်ပြန်နံပါတ်ပြား တပ်ဆင်ထားခြင်း ရှိ-မရှိတို့ကို နေ့ချင်းပြီး လုပ်ငန်းစစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**၅၁၂**

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



**တပ်ကုန်း မေ ၇**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအုပ်စု သံပုရာကုန်းကျေးရွာတွင် နေပြည်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဆောင်ရွက်သော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ ပညာပေးအခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာရှိ ဘုရားကုန်းတော်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က သံပုရာကုန်းကျေးရွာအုပ်စု အနေဖြင့် ဆင်သေချောင်း နံဘေးရှိ အိမ်ထောင်စုများ မိမိတို့၏ ဝမ်းစာအဖြစ် သိုလှောင်ထားရှိသော စပါး၊ ဆန်၊ နှမ်း၊ မြေပဲများကို ကုန်းမြင့်ပိုင်းရှိသည့် ဆွေမျိုးသားချင်းဝိုင်းခြံများ၌ ကြိုတင်ပြင်ဆင်ထားရှိစေလိုကြောင်းပြောကြားပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းလင်းသည်။

ထို့နောက် နေပြည်တော်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်နှင့်ဝန်ထမ်းများက ရေဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ နေပြည်တော်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ အိုင့်ကျယ်ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးနှင့်ကျန်းမာရေးဆရာ၊ ဆရာမများ စုစုပေါင်းအင်အား ၃၀၀ ခန့်ဖြင့် သဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

ယင်းကျေးရွာအုပ်စုသည် ၂၀၁၆ ခုနှစ် ဩဂုတ်လ နောက်ဆုံးပတ်က ဆင်သေချောင်းရေကြီးရေလျှံဖြစ်ပွားမှုကြောင့် လူနေအိမ်အချို့ လဲပြိုပျက်စီးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ပြည်နယ်ဝန်ကြီးချုပ် မြို့တွင်းလမ်းတိုးချဲ့ရေး စီမံကိန်းများကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား မေ ၇**

မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အများပြည်သူသွားလမ်းမကြီးများတွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မြို့တွင်း လမ်းများတိုးချဲ့ဆောင်ရွက်ရာတွင် လူသွားလမ်းပလက်ဖောင်းနှင့် ရေနုတ်မြောင်းများ စနစ်တကျရှိစေရေး မေ ၆ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သီတာရပ်ကွက်၌ လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မြစ်ကြီးနား-မန်ခိန်လမ်း တိုးချဲ့၍ လူသွားလမ်းနှင့် ရေနုတ်မြောင်းတူးဖော်မှုနေရာတွင် လမ်းဧရိယာနှင့် မလွတ်ကင်းသည့် နေအိမ်အဆောက်အအုံများအား အဆင်ပြေစွာ ညှိနှိုင်းဆောင်ရွက်နိုင်ရေးနှင့် အင်ဂျန်းခချောင်းအတွင်း အမှိုက်များစွန့်ပစ်နေမှုကို ရှင်းလင်းဆောင်ရွက်ရေး ပြည်သူများအား ပွင့်လင်းမြင်သာစွာချပြအသိပေး၍ အဆင်ပြေချောမွေ့စွာဆောင်ရွက်သွားကြရန် သက်ဆိုင်ရာ ဌာနဆိုင်ရာများအား မှာကြားသည်။

ယင်းနောက် မြို့သစ်ကြီးရပ်ကွက် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြို့သစ်ကြီးတံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် တံတားချဉ်းကပ်လမ်းနှင့် လူသွားလမ်းတို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပင်မရေနုတ်မြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် မြို့သစ်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရိပ်သာ ဆောက်လုပ်နိုင်ရန် စီစဉ်လျာထားသည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပြည်နယ်ပြန်/ဆက်**



&xm;&wyf;U rSL;2 wyf oCefuef;wyfrS;'krS;oefO;ifonfar 5&ufeHuf9 em&DoCefuef;&xm;&pcef;ppf&;jyuif;wyf tqif;jy;&pmar;yaj;zqe;rLuuD;yf aqmif;ufchuif;fo&onf owif;ESifhwyfkaumif;

# ကမ္ဘာ့ကြက်ခြေနီနေ့ မိုးညှင်း၌ကျင်းပ

**မိုးညှင်း မေ ၇**

မိုးညှင်းခရိုင်နှင့် မြို့နယ်ကြက်ခြေနီအသင်းမှ ကြီးမှူး၍ ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက မိုးညှင်းမြို့ရှိ မိုးညှင်းခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပရာ မိုးညှင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မြသူက ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ထို့နောက် မိုးညှင်းခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဦးစီးမှူး(ဒုတိယတန်း) ခရိုင်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဦးမြင့်ဦးငယ်က မိုးညှင်းခရိုင်အတွင်း ကြက်ခြေနီလှုပ်ရှားမှုများအား ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများက ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဖိတ်ကြားထားသူများ ခရိုင်နှင့်မြို့နယ်အဆင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ အင်အား(၅၀)ကျော်တက်ရောက်ကာ ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "လူတိုင်းအတွက်အမြဲကူညီ နေရာတိုင်းမှ ကြက်ခြေနီ" ဟူ၍ ဖြစ်ကြောင်းသိရသည်။

**သူရိန်စိုး (ကချင်မြေ)**



# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**





## အချိန်ကိုအသုံးချနည်း

လူငယ်လူရွယ်များ အတွေးအခေါ်မြင့်မားရေးကို ရေးသားလေ့ရှိသည့် စာရေးဆရာ ဆရာချစ်နိုင်(စိတ်ပညာ)၏ "အချိန်ကိုအသုံးချနည်း"စာအုပ် ဒုတိယအကြိမ်ထွက်ရှိလာသည်။

ဆရာသည် လူငယ်လူရွယ်များ၏ အတွေးအခေါ်အမူအကျင့်တို့ကို ခေတ်နှင့်အညီ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆွေးနွေးအကြံပေး ရေးသားလေ့ရှိရာ ယခုစာအုပ်၌ လူ့ဘဝတွင်အရေးအကြီးဆုံးအလေးထားရမည့် အချိန်နှင့်ပတ်သက်သည့် အသုံးချနည်းကို ဆရာ၏စာရေးသက် နှစ်သုံးဆယ်အတွင်း လေ့လာဆည်းပူးဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကိုအခြေခံကာ တင်ပြထားသည်။ ခေါင်းဆောင်မှုကောင်းမွန်ရေး၊ ကိုယ်ကျင့်သီလတန်ဖိုးထားရေးတို့ကို ဦးစားပေးရေးသားခဲ့ရာမှ ယခုအချိန်နှင့်ပတ်သက်၍ ထပ်မံသိမှတ်ဖွယ်ရာများ ဖတ်ရှုရမည်ဖြစ်သည်။ ၂၀၁၀ ခုနှစ်က ထုတ်ခဲ့ပြီးဖြစ်သောစာအုပ်ကို လူငယ်လူရွယ်များ ထပ်မံဖတ်ရှုနိုင်ရန်အတွက် ဒုတိယအကြိမ်ထုတ်ဝေထားခြင်းဖြစ်သည်။ အနောက်နိုင်ငံမှ တက်ကျမ်းများကို တိုက်ရိုက်ဘာသာပြန်ဆိုထားခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံ၏ယဉ်ကျေးမှုဓလေ့ထုံးစံပတ်ဝန်းကျင်နှင့် အနောက်တိုင်းစိတ်ပညာ သီအိုရီများကို မှတ်သားနားလည်လွယ်ကူအောင် စီစဉ်ထားသည်။ "အချိန်ကိုအသုံးချနည်း"စာအုပ်သည် အနုပညာရသပါသော စိတ်ပညာဆိုင်ရာအကြံပေး စာအုပ်အမျိုးအစားဟု ဆိုချင်ပါသည်။

**အဆိုပါစာအုပ်ကို နိုင်စာပေ၊ အမှတ်(၁၅၀)၊ ရတနာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုး ကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။**



## ဒလိဒ္ဒလာတို့၏ဖြူန်းဖြင်းဆန်ခတ်များ

ဉက္ကလာဝင်းကြည် ရေးသားပြုစုသည့် "ဒလိဒ္ဒလာတို့၏ဖြူန်းဖြင်းဆန်ခတ်များနှင့်လွမ်းသူ၏ ရှင်လိပ်ပြာနှင့်အခြားကဗျာများ" စာအုပ်ထွက်ရှိလာသည်။

စာအုပ်အမည်မှာ ဆန်းပြားသလို သမိုင်းကြောင်းရာဇဝင်တို့ကို နောက်ခံပြု၍ လူ့ဘုံလောကသားတို့၏ ရှုပ်ထွေးပွေလီဖြစ်စဉ်များကို တင်ပြထားသည်။ ကမ္ဘာဦးကာလ ကျောက်ခေတ်မှအစပြု၍ ကြီးနိုင်ငယ်ညှဉ်းစရိုက်များ စတင်ဖြစ်တည် ဆက်လက်ရှင်သန်လာပုံ။ ကျွန်သဘောက်ဘဝမှသည် ပါလီမန်ဒီမိုကရေစီခေတ်ကာလအထိ တွေ့ကြုံဆုံကြ၊ ကြားကြမြင်ကြ၊ ခံစားကြရသော နင်းပြားများဘဝတစ်စိတ်တစ်ပိုင်း။ တစ်နေ့လုပ်မှ တစ်နေ့စားဖြင့် လူ့ဘဝအလယ်တွင် သိမ်ငယ်စွာဖြင့် အခွင့်မသာ မျက်နှာငယ်ရရှာသူများကို အကြောင်းပြု၍ ဒလိဒ္ဒလာ(သူဆင်းရဲ)တို့၏ ဖြူန်းဖြင်းဆန်ခတ်(ကစဥ့်ကလျား)ဖြင့် မျက်ကလဲဆန်ပျာ(ထိတ်ထိတ်ပျာပျာ)၊ ရှုန်းရင်းဆန်ခတ်(ရှုပ်ထွေးပွေလီ)လျက် လူးလာဆန်ခတ်(ခေါက်တုံ့ခေါက်ပြန်)၊ ကစို့ကရွား(ဆင်းရဲပင်ပန်းစွာ)ဖြင့် ရှင်သန်ကြသော ကျောမွဲလူတန်းစားတို့၏အကြောင်းကို တစ်စွန်းတစ်စ တင်ပြထားသည့်အပြင် ကဗျာအဖွဲ့အနွဲ့များဖြင့်လည်း နောက်ပိုင်းကဏ္ဍအဖြစ်ဖော်ပြထားသည်။ ကျေးရွာရပ်ကွက်များအတွင်းမှ ကာမဘုံသား သံသရာခရီးသွားများ၏ ဖြူန်းဖြင်းဆန်ခတ် ကမောက်ကမအဖြစ်များကို စာရှုသူတို့ခံစားသိမြင်နိုင်ရန် မီး မောင်းထိုးတင်ပြထားသည်။ **အဆိုပါစာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ်(၂၇၄ ဘီ/ဘီ)၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉၇၃၂၀၁၅၈၆က တန်ဖိုးကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။**

## မြင်လည်းလွမ်းမမြင်လည်းလွမ်း



သောကြာဟာသစာစောင်တွင် ဖော်ပြခဲ့သော မင်းဆက်ပိုင်ရေးသားသည့် သောကြာဝတ္ထုတိုများကို စုစည်းကာ "မြင်လည်းလွမ်း မမြင်လည်းလွမ်း" ဝတ္ထုတိုပေါင်းချုပ်စာအုပ်ထွက်ရှိလာသည်။

စာရေးဆရာမင်းဆက်ပိုင်သည် အချစ်၊ အလွမ်း၊ အဆွေးများကိုသာ ဦးစားပေးရေးသားလေ့ရှိသော်လည်း ယခုသောကြာစာစောင်တွင် အထေ့အပြုံးများဖြင့် ရေးသားထားသည်ကိုတွေ့ရသည်။ ဆရာသမား မိဘဘိုးဘွားနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ ကျောင်းနေဖက်သူငယ်ချင်းများ၊ စာပေနယ်မှ မိတ်ဆွေအပေါင်းအသင်းများ၊ စာဖတ်ပရိသတ်များ စသည့်ရင်းနှီးကျွမ်းဝင်ခဲ့ကြသူများအား သတိရသောအားဖြင့် ဝတ္ထုစုစည်းမှုခေါင်းစဉ်ကို မြင်လည်းလွမ်း၊ မမြင်လည်းလွမ်းဟူ၍ အမည်ပေးထားသည်။ စာအုပ်တွင် အလွမ်းအသော၊ အရယ်အမောများဖြင့် ငါစွဲ၊ အသက်မကြီးသေးပေါင် ရှင်တို့ရယ်၊ ဖန်ပြားခွက်နဲ့ကျောက်စက်ရေ၊ အမောပြေအောင် တိုက်လိုက်ချင်တယ်၊ နန်းတွင်းဆေးဆရာနှင့် ကုလားပဲအောင်စိန်၊ ၇ ပုလင်းအောင်ဇော်၊ အမှန်လွဲ၊ ရှက်ရှက်ရှိုးရှိုးပဲကျင့်တော့မယ်၊ နည်းနည်းတော့လွဲနေပြီ၊ မြင်လည်းလွမ်း မမြင်လည်းလွမ်း စသည့်ဟာသရသများကို ရေးသားဖော်ကျူးထားရာ စာဖတ်ပရိသတ်များ ပေါ့ပေါ့ပါးပါးနှင့် စိတ်နှလုံးရွှင်လန်းချမ်းမြေ့စေမည့် စာအုပ်ဖြစ်သည်။


**အဆိုပါစာအုပ်ကို ရသစာပေတိုက်၊ ဒေါ်မိမိလေး၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၄၀၉၃၂၂က တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။**

## ဝိပဿနာနှင့်ဆိုင်ရာစာစုများ



ဖေ့ဘွတ်ခ်အင်တာနက်စာမျက်နှာပေါ်မှ ခန္ဓာ ငါးပါးတစ်ဦး ပြုစုဖော်ပြထားသော စာမူများကိုစုစည်း၍ "ဝိပဿနာနှင့်ဆိုင်ရာ စာစုများ" အား စာအုပ်အဖြစ် ထုတ်ဝေလိုက်သည်။

ဤစာအုပ်၏ ပြုစုသူအမည်မှာ "ခန္ဓာ ငါးပါးတစ်ဦး"ဖြစ်ပြီး အကြောင်းအရာသဘောကို အမည်အခေါ်အဝေါ်သက်သက်ပြုထားခြင်းဖြစ်သည်။ စာပြုသူက ရေးသားခဲ့သော စာစုများသည် ဆရာတော်၊ သံဃာတော်များ ဟောကြားခဲ့သော၊ ရေးသားခဲ့သော တရားများမှ ကောက်နုတ်ပြီး အကိုးအကားများတကွ ရေးသားဖော်ပြထားသည့် တရားဓမ္မများဖြစ်သည်ဟု ဝန်ခံထားသည်။ စာပြုသူသည် ဆရာသမားများ၏ ဆုံးမ သွန်သင်မှုကြောင့် ဝိပဿနာအကျင့်မြတ်ကို ကျင့်ကြံအားထုတ်ရင်း ကြားနာဖူးခဲ့သည့်တရားများ၊ ဖတ်ရှုခဲ့ရသည့် ဆရာတော်၊ သံဃာတော်တို့၏ အဆုံးအမများကို မျှဝေဓမ္မဒါနပြုလိုရင်းဖြင့်လည်းကောင်း၊ အင်တာနက်စာမျက်နှာများပေါ်မှ ထိုတရားဓမ္မစာစုများကို ဖတ်ရှုကြသော ဓမ္မမိတ်ဆွေအပေါင်းတို့က စာအုပ်တစ်အုပ်အဖြစ် စုစည်းထုတ်ဝေရန် အကြံပြုလာသောကြောင့်လည်းကောင်း ဝိပဿနာနှင့်ဆိုင်ရာစာစုများ စာအုပ်ဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါစာစုများကို ဖတ်ရှုခြင်းအားဖြင့် ဝိပဿနာတရားသဘောများ၊ ကျင့်ကြံအားထုတ်နိုင်သည့် အလုပ်သဘောများ၊ မြတ်ဗုဒ္ဓ၏ တရားဒေသနာများ၊ သံသရာဝဋ္ဋဆင်းရဲမှ လွတ်ကင်းနိုင်သည့် ချမ်းသာခြင်းအစစ်အမှန် တရားအကြောင်းတရားများကို ထင်ရှားသိမြင်လာနိုင်ပေသည်။ **အဆိုပါစာအုပ်ကို နန်းဒေဝီစာပေ၊ အမှတ်(၂၀၀)၊ ပထမထပ်၊ (၃၆) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၃၀၂၅ က တန်ဖိုးကျပ် ၃၅၀၀ ဖြင့်ဖြန့်ချိထားသည်။**



## ဧရာဝတီမှ ယန်စီသို့

ဆရာတက္ကသိုလ်မြတ်သူ တရုတ်နိုင်ငံခရီးစဉ်မှတ်တမ်း လေးခုကို ရေးသားပြုစုထားသည့် "ဧရာဝတီမှ ယန်စီသို့" နိုင်ငံရပ်ခြားခရီးသွားစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ဆရာတက္ကသိုလ်မြတ်သူကိုယ်တိုင် သတင်းသမားဘဝဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၉၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကာလများက တရုတ်နိုင်ငံရောက်အတွေ့အကြုံများကို မှတ်တမ်းအဖြစ် ရေးသားထားခြင်းဖြစ်သည်။ ဆရာက တရုတ်နိုင်ငံအကြောင်းကို ကိုယ်တိုင်သွားရောက်လေ့လာခဲ့ရာတွင် သမိုင်းကြောင်းထင်ရှားကြီးမားလှသည့် နိုင်ငံသမိုင်းကိုပါ ထည့်သွင်းဖော်ပြထားသည်။ ဆရာသည် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေး တော်လှန်ရေးကာလမတိုင်မီ အစောပိုင်းကာလကတည်းက တရုတ်နိုင်ငံအား လေ့လာခွင့်ရခဲ့သည်။ တရုတ်နိုင်ငံကို ချမ်းသာကြွယ်ဝပြီး အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံအဖြစ်သို့ရောက်လာသည်အထိ ကြားကာလအတွင်း ကာလလေးပိုင်းတွင် ဆရာအနေဖြင့် လေးကြိမ်သွားရောက်လေ့လာသိရှိခွင့်ရခဲ့သဖြင့် တရုတ်နိုင်ငံကြီး အဆင့်ဆင့်ပြောင်းလဲတိုးတက်လာပုံကို ပြတ်ပြတ်ထင်ထင် ရှင်းလင်းစွာတင်ပြနိုင်ခဲ့သည်။ ခရီးသွားအတွေ့အကြုံနှင့်ဗဟုသုတဖြစ်ဖွယ်တို့ကို စာအုပ်တွင် ရှင်းလင်းစွာ တင်ပြထားသဖြင့် လေ့လာဖတ်ရှုသင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။ မော်စီတုံးလက်ကာလမှ မျက်မှောက်ကာလအထိ တရုတ်နိုင်ငံကြီးဖွံ့ဖြိုးတိုးတက်လာမှုများကို ဆရာ၏ စုစည်းတင်ပြထားမှုများကို ဖတ်ရှုရမည်ဖြစ်သည်။ **အဆိုပါစာအုပ်ကို အမေ့သားစာပေ၊ အခန်း(၀၂)၊ မြေညီထပ်၊ တိုက်(၆/၁)၊ ရန်အောင်လမ်းသွယ်(၃)၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကင်း မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၈၀၈၄ ကတန်ဖိုးကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။**



## အဘိဓမ္မာဒေသနာနည်းလာ ဓာတ်ပညာအဖွင့်

အမျိုးသားစာပေဆုရှင် ဒေါက်တာမောင်ဖြေ၊ စာရေးဆရာဝိသဇ္ဇက(ပဲခူး) ရေးသားပြုစုသော "အဘိဓမ္မာဒေသနာနည်းလာ ဓာတ်ပညာအဖွင့်" ကျမ်းငယ်စာအုပ် ထွက်ရှိလာသည်။

မြန်မာတိုင်းရင်းဆေးပညာသာမက ဗုဒ္ဓစာပေ၊ ယဉ်ကျေးမှုစာပေများကို ရေးသားခဲ့ပြီး စာပေဗိမာန်ဆုများနှင့် အမျိုးသားစာပေဆု ရရှိခဲ့သည့် ဆရာကြီး ဒေါက်တာမောင်ဖြေ၊ စာရေးဆရာ ဝိသဇ္ဇက(ပဲခူး)က ယခု အဘိဓမ္မာဒေသနာနည်းလာ ဓာတ်ပညာအဖွင့် ဆေးကျမ်းငယ်ကို ရေးသားပြုစုထုတ်ဝေလိုက်သည်။ စွမ်းအင်စုကြီးသည် သဘာဝနိယာမအတိုင်း ပုံစံအမျိုးမျိုးဖြင့် စကြဝဠာအတွင်း၌ ဖြစ်ပေါ်လျက်ရှိသည်။ စွမ်းအင်များသည် လူတို့အား ထူးခြားသည့်စရိုက်လက္ခဏာများ ဖြစ်ပေါ်စေသည်ကို ဓာတ်ကြီးငါးပါးက တစ်ပါးနှင့်တစ်ပါး ပေါင်းစပ်ပုံ အနည်း အများ၊ အချိုးအစားအလိုက် စွမ်းအင်အမျိုးမျိုးဖြစ်ပေါ်လာရသည်။ စကြဝဠာဖွဲ့စည်းဖြစ်ပေါ်မှုနှင့်အတူ လူ့ခန္ဓာကိုယ်နှင့်အခြားသောပစ္စည်းများ ဖွဲ့စည်းဖြစ်ပေါ်လာခြင်းမှာ စွမ်းအင်များကြောင့်ဖြစ်သည်ဟု ရူပဗေဒသဘောကို အဘိဓမ္မာဒေသနာက လက်ခံယုံကြည်ထားသည်။ လူသည် စွမ်းအင်အမျိုးမျိုးပေါင်းစုရောထွေတည်ရှိနေသည့် စကြဝဠာအတွင်း၌ ရပ်တည်လျက် လှုပ်ရှားနေသော စွမ်းအင်အစုငယ်များသာဖြစ်သည်ကို "အဘိဓမ္မာဒေသနာနည်းလာ ဓာတ်ပညာအဖွင့်"တွင် ရှင်းရှင်းလင်းလင်းဖွင့်ဆိုပြထားသည်။ ဆရာဒေါက်တာမောင်ဖြေ ရေးသားပြုစုထားသည့် ဓာတ်ပညာအဖွင့်ကျမ်းငယ်မှာ ဆေးပညာလောကအတွက် လိုအပ်သည့်ကျမ်းတစ်ဆူဟု ဆိုရမည်ဖြစ်သည်။ **အဆိုပါစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ ရန်ကုန်ဘူတာကြီး အမှတ်(၁)စကြံ၊ ပန်းဆိုးတန်းခုံးကျော်တံတားအောက်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၂၀၁၉၂၂ က တန်ဖိုးကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။**

## ခေတ်မီစီးပွားရေးသုံး အင်္ဂလိပ်စာ



နေမင်းရာဇာအယ်ဒီတာအဖွဲ့ကထုတ်ဝေသည့် အောင်မြင်လိုသူတိုင်းအတွက် ခေတ်မီစီးပွားရေးသုံး အင်္ဂလိပ်စာ စာအုပ်ထွက်ရှိလာသည်။ စီးပွားရေးသုံး အင်္ဂလိပ်စာသည် တစ်စတစ်စ တိုးတက်အသုံးပြုလာရာ လေ့လာရလွယ်ကူစေရန်နှင့် အလွယ်တကူအသုံးပြုနိုင်စေရန်အတွက် စတင်လေ့လာသူများနှင့် လုပ်ငန်းခွင်အတွင်း လက်တွေ့လုပ်ဆောင်နေရသူများအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ထားသည်။

အထူးအနေဖြင့် စီးပွားရေးလုပ်ငန်းသုံး တင်ဆက်ခြင်းဆိုင်ရာများနှင့် အစည်းအဝေးကျင်းပရာတွင် အသုံးပြုသည့် လုပ်ငန်းသုံး ပုံစံများကိုပါ ဗဟုသုတရရှိစေရန်နှင့် လက်တွေ့လုပ်ဆောင်တတ်စေရန် စုစည်းတင်ပြထားသည်။

**စာအုပ်ကို မဈေမစာပေ ဖုန်း ၀၁၃၉၂၈၃၅ အမှတ် ၂၃၇ ပထမထပ် (ဝဲ) ၃၉လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ်မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေသည်။**

## စီမံခန့်ခွဲမှုပညာ




ဆရာဟိန်းလတ်၏ စီမံခန့်ခွဲမှုပညာ စာအုပ်ထွက်ရှိလာသည်။

စာရေးဆရာ ရစ်ချက်တင်ပဝါပ်၏ The Rules of Management ကို မြန်မာဘာသာပြန်ဆိုထားသည်။ နိုင်ငံတကာတွင် အရောင်းရဆုံးစာအုပ် ၁၀ အုပ်စာရင်းဝင်သည်။ စီမံခန့်ခွဲမှုဘာသာရပ်တွင် အောင်မြင်စေရန် ဥပဒေသ ၁၀ မျိုးထည့်ထားသည်။ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးနယ်ပယ်အသီးသီးတွင် စီမံအုပ်ချုပ်ခေါင်းဆောင်လုပ်မည့်သူတိုင်း မဖတ်အဖြစ် ဖတ်ရမည့်စာအုပ်ဖြစ်သည်။

**စာအုပ်ကို မဈေမစာပေ ဖုန်း ၀၁၃၉၂၈၃၅ အမှတ် ၂၃၇ ပထမထပ် (ဝဲ) ၃၉လမ်းအပေါ်ဘလောက် ကျောက်တံတားမြို့နယ်မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ထုတ်ဝေသည်။**

# ဂုဏ်ယူဝမ်းမြောက်ခြင်း







**၂၀၁၇ခုနှစ်အတွက် International Star for Leadership in Quality Award လက်ခံရရှိခဲ့သော Jasmine Palace Hotel, Yangon, Myanmar အတွက် အထူးဂုဏ်ဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆတက် ထမ်းပိုးတိုး၍ ဆောက်ရွက်နိုင် ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။**

Brighter Future Myanmar
ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း

---

## အများသိစေရန်ကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်(ရွှေသောင်ယံမြို့)၊ ချောင်းသာကျေးရွာအုပ်စု ကွင်းအမှတ်-၁၉၉၀(ပြင်)၊ ချောင်းသာ(ပြင်)၊ ဦးပိုင်အမှတ် N-၁၈၆၊ မြေကွက်အမှတ်-N ၉၃၊ မြေဧက- ၁၁. ၀၂ ဧကရှိ ဂရန်မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးမင်းကျော်ဦး[၁၂/အစန(နိုင်)၀၄၆၁၂၉]ကိုင်ဆောင်သူထံမှ ၎င်းပိုင်ဆိုင်သည့်မြေ၏ သုံးပုံနှစ်ပုံ(မြောက်ဘက်ခြမ်း)၇. ၃၅ဧကအား ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်များအရ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ရုံးချိန်အတွင်း လာရောက်တင်ပြကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်ဦးမြင့် LL.B,D.I.L,C.B.L,Dip.in Global English DL-DIP (101,302) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၆၅/၂၀၁၄)**
**အမှတ်-၅၀၊ အခန်း(၁၈)အေ၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၆၉၂၃၊ ၀၉-၇၉၅၂၇၉၅၂၃**

## ‘သွာနုတ္တ’သားဖြစ်၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ(၃)လမ်း၊ (၃၆၆)နေ ဒေါ်ညွန့်ရီ[၁၂/အစန(နိုင်)၀၇၈၂၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာလိုက်သည်။

တစ်ဦးတည်းနေထိုင်ရပြီး ကျန်းမာရေးမကောင်းသည့် မုဆိုးမမိခင် ဒေါ်ညွန့်ရီ၏သား ကိုထွန်းအောင်ကျော်[၁၂/အစန(နိုင်)၁၅၇၉၆၅]သည် မိခင်အပေါ် မပြုစုမစောင့်ရှောက်ဘဲ ပစ်ထားမှုပြုသည့်အပြင် မိခင်အား ရန်မူခြင်း၊ အရှက်ရစေရန် မူးယစ်ရမ်းကား၍ အော်ဟစ်သောင်းကျန်းခြင်း၊ အမွေတောင်းခြင်း၊ အဖိုးတန်ပစ္စည်းများအား အတင်းရယူခြင်း၊ ပျက်စီးအောင်ပြုလုပ်ခြင်း၊ မဖွယ်မရာ ကြမ်းတမ်းစွာ ပြောဆိုခြင်းတို့ဖြင့် ရန်သူသဖွယ် အကြိမ်ကြိမ်စိတ်ဆင်းရဲစေရန် ပြုလုပ်၍ ၎င်းအား‘သွာနုတ္တ’သားဖြစ်ကြောင်းနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ညွန့်ရီ**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်သန်း(စဉ်-၁၆၇၀) တရားလွှတ်တော်ရှေ့နေ**
**B.A(Law),LL.B**
**၂၈၄၊ မာလာမြိုင်လမ်း၊ ပေါက်တော၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## ဆိုင်ခန်းငှားရန်ရှိသည်(ပွဲစားမလို)

တစ်လသိန်း(၃၀)၊ အဆောက်အအုံပါပြီး၊ စားသောက်ဆိုင်ဖွင့်ရန်အသင့်၊ City Mart မျက်နှာချင်းဆိုင်၊ နေရာအလွန်ကောင်း၊ ပင်လုံလမ်း၊ မြောက်ဒဂုံ။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၁၉၃၁၉၈၊ ၀၉-၇၃၁၀၆၃၉၂၊ ၀၉-၉၇၃၇၆၉၅၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅-E၊ မြေကွက်အမှတ်- ၆၂D/၁၊ မြေဧရိယာ (၀.၀၁၅)ဧကရှိ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် (၉၆)ဟုခေါ်တွင်သော မြေပိုင်ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်သော ဦးတင်ထွန်းဦး(၁၂/လမတ(နိုင်)၀၂၁၈၅၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောတရားဝင်စာချုပ်စာတမ်း မူရင်းများနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဝင်အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မြတ် (B.Sc, H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၇၆၃၂)**
**အမှတ်- ၂၆၄(A-2) ပထမထပ်၊ စကားဝါလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၄၃၁၁၇၀၉၆ ၊ ၀၉- ၂၅၄၀၆၃၈၈၇၈**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ တိုက်(၃၂)၊ အခန်း(၃၀၁)၊ C-Block၊ (၂)လမ်း၊ ယုဇနဥယျာဉ်မြို့တော်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက်

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ဆွေဆွေလှိုင်ဦးက အမည်ပေါက် ပိုင်ရှင် ဦးထွန်းလှအောင်[၁၄/တပန(နိုင်)၀၀၅၄၇၀]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားနှင့်တကွ ကြေညာပါပြီး (၄)ရက်အတွင်း နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဆွေဆွေလှိုင်ဦး[၁၃/တကန(နိုင်)၂၁၉၄၁၇]**
**ဖုန်း-၀၉-၇၈၀၃၄၇၇၀၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၂)လမ်း၊ အမှတ်(၁/ခ)၊ (၁၁'X၄၀')အကျယ်အဝန်းရှိ မှန်ခန်း(ခေါင်းရင်းခြမ်း)ဟု ခေါ်တွင်သော ရေ၊ မီး အစုံပါဝင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်ယမင်းလတ်[၁၂/သဃက(နိုင်)၁၃၉၁၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်မိုး[၁၄/မမက(နိုင်)၁၄၀၇၂၄]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်ကျော်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၇၇)**
**အမှတ်(၂၄၃)၊ ဒုတိယထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

# KBZ BANK

## (၄၅၈)ဘဏ်မြောက်
## ကျုံ့ပျော်မြို့ဘဏ်ခွဲ

အမှတ်(၆၈၇)၊ မြဝတီလမ်း၊ မြဝတီရပ်ကွက်၊ ကျုံ့ပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း(၀၄၆)၅၆၆၇၃၊ ၅၆၆၇၄၊ ဖက်စ်(၀၄၆)၅၆၆၇၇၊ ၅၆၆၇၈

## (၄၅၉)ဘဏ်မြောက်
## လွိုင်လင်မြို့ဘဏ်ခွဲ

အမှတ်(၂/၂၉)၊ ဂေါ်ရခါးကျောင်းလမ်း၊ (၂)ရပ်ကွက်၊ လွိုင်လင်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။
ဖုန်း(၀၈၁)၃၁၀၀၇၅၊ ၃၁၀၀၇၆၊ ဖက်စ်(၀၈၁)၃၁၀၀၇၉၊ ၃၁၀၀၈၀

## (၄၆၀)ဘဏ်မြောက်
## ချောင်းသာကမ်းခြေဘဏ်ခွဲ

အမှတ်(က-၆၄)၊ ဗိုလ်ချုပ်လမ်း၊ ချောင်းသာကမ်းခြေ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း(၀၄၂)၄၂၄၀၁၊ ၄၂၄၀၂၊ ဖက်စ်(၀၄၂)၄၂၃၉၅၊ ၄၂၃၉၆

## (၄၆၁)ဘဏ်မြောက်
## (၆၁)လမ်းဘဏ်ခွဲ(သီပွံ့လမ်း)
### မန္တလေးဘဏ်ခွဲ(၄၃)

အမှတ်(၄)၊ သီပွံ့လမ်းနှင့်(၆၁)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၂)၂၈၄၈၁၃၄၊ ၂၈၄၈၁၃၅၊ ဖက်စ်(၀၂)၂၈၄၈၁၃၆၊ ၂၈၄၈၁၃၇

## (၄၆၂)ဘဏ်မြောက်
## ဗိုလ်ရာညွန့်လမ်းဘဏ်ခွဲ
### ရန်ကုန်ဘဏ်ခွဲ(၁၁၉)

တိုက်အမှတ်(၃၂) မြေညီထပ်၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၃၈၈၅၈၃၊ ၃၈၈၈၁၃၊ ဖက်စ်(၀၁)၃၈၈၆၄၀၊ ၃၈၈၄၃၀

**တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

## ကြော်ငြာ

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးကိုကိုလေး-ဒေါ်အေးအေးလှိုင်တို့၏ တစ်ဦးတည်းသောသား

**မောင်နေမျိုးအောင် (B.Sc Physics)**
**(Finance Department) Atlantis The Palm**
**Dubai Hotel, UAE**

**နှင့်**

ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းဝင်း၊ ကျောက်စိမ်း (၆)လမ်းနေ အလ်ဟာဂ်ျ ဦးခင်မောင်သန်း-အလ်ဟာဂျာ ဒေါ်ခင်မာချို(ချို-သံကြွပ်ပန်းနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏ တစ်ဦးတည်းသော သမီး

**အလ်ဟာဂျာ မခင်ရတနာမောင် B.A(English), LCCI (UK), Diploma in ESL (USA)**

တို့၏ ၂၁-၄-၂၀၁၇ရက် Central Hotel တွင် ကျင်းပသော နိကာဟ်မင်္ဂလာညည့်ခံပွဲနှင့် ၂၃-၄-၂၀၁၇ရက် SKY STAR HOTEL တွင် ကျင်းပပြုလုပ်ခဲ့သော ဝလီမာမင်္ဂလာညည့်ခံပွဲ အခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာဦးမျိုးဝင်း (ဂုဏ်ထူးဆောင်ပါမောက္ခ)ဆေးတက္ကသိုလ်(၁)ရန်ကုန်နှင့်ဇနီး ဒေါ်မိမိထွန်း (အကြီးတန်း အင်ဂျင်နီယာ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးညီလင်းကို၊ မင်္ဂလာပန်းကြဲပေးသော မောင်ကြယ်စင်မင်းမောင်၊ မယွန်းအင်ကြင်းပိုင်နှင့် မစိုးသန္တာသန့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မဟေဇာသက်နိုင်၊ မင်္ဂလာသတို့သားနှင့် သတို့သမီးအရံဖြစ်သော မောင်မင်းကိုကိုမောင်၊ မောင်မင်းပိုင်ပိုင်ခန့်၊ မဝေမာသက်နိုင်၊ မယုသန္တာဝင်း၊ မယုနန္ဒာဝင်းနှင့် မခင်သဉ္ဇာမောင်၊ မင်္ဂလာဝတ်စုံ FOREVER နှင့် နီနီဖက်ရှင်အဖွဲ့သားများ၊ မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးပါသော ကိုမာနှင့်အဖွဲ့၊ မိတ်ကပ် ကျော်ကျော်ဦးနှင့်အဖွဲ့၊ Video နှင့် ဓာတ်ပုံ ကိုဂျော်နီနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာကို လှပစွာဆောင်ရွက်ပေးပါသော အဏ္ဏဝါရွက်တိုင် ကိုကျော်နိုင်နှင့်အဖွဲ့၊ SKY STAR HOTEL မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော မိသားစုဝင်များအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့်မင်္ဂလာလက်ဆောင်များ ပေးပို့ကြသော မိတ်ဆွေများ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မင်္ဂလာဖိတ်စာများ အချိန်မီမရောက်ရှိခဲ့ခြင်းနှင့် ညည့်ဝတ်မကျေပွန်မှုများရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးပါရန် အထူးတောင်းပန်အပ်ပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်နေမျိုးအောင်-မခင်ရတနာမောင်**

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ရွှေအိုးကြီး
မြဝတီ၊ မဲဆောက်၊ ဖယော်၊ ဘားအံ၊ဘုရားစုံနှင့် ချစ်သူ့မြို့င်
Hotel (Visa) (75000)
ပြည်၊ အကောက်တောင် May-9 (30000)
09421073634, 777636630

သိုးရာသီ မဗ္ဗဒါန
ထမင်းကျွေး/ကား၀ (၄၀၀၀ဝိ/-)
ကျောက်ကလပ် - ၂၅၀၀ဝိ/-
May-9,12,19
420144148, 421153797

# (၉၅)နှစ်မြောက် မွေးနေ့မင်္ဂလာဆုတောင်း

၁၃၇၉ခုနှစ်၊ ကဆုန်လဆန်း(၁၃)ရက်၊ ၂၀၁၇ခုနှစ်၊ မေလ(၈)ရက်(တနင်္လာနေ့)တွင် မွေးရက်၊ မွေးနေ့(၃)မျိုးစလုံးတိုက်ဆိုင်သော မေမေ/ဘွားဘွား/ဘွားဘွားကြီး **ဒေါ်သိန်းညွန့်**၏ (၉၅)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား အရုဏ်ဆွမ်းနှင့် နဝကမ္မအလှူငွေကပ်လှူပြီး သီလရှင်များအား ဆွမ်းဆန်စိမ်း၊ နဝကမ္မနှင့် လှူဖွယ်ပစ္စည်းများကပ်လှူ၍ အမျှပေးဝေခဲ့ပါသည်။ မွေးနေ့မင်္ဂလာရက်မြတ်မှသည် အသက်(၁၂၀)ကျော်တိုင်အောင် သားသမီး၊ မြေး၊ မြစ်များနှင့်အတူ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်းနှင့်ပြီးပြည့်စုံစွာနေနိုင်ပြီး လောကီ လောကုတ္တရာ တရားများပွားများနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ချစ်သားသမီးများ**

၁။ ဦးအောင်သန်း-ဒေါ်ခင်အေးရီ
၂။ ဦးသန်းအောင်-ဒေါ်ခင်မြင့်အေး
၃။ ဒေါက်တာမြအောင်-ဒေါက်တာခင်အေးသီ
၄။ (ဒေါက်တာဝင်းမောင်)-ဒေါ်ခင်အေးကြွယ်
၅။ (ဦးဖေသန်း)-ဒေါ်သန်းသန်းတင့်
၆။ ဦးဝင်းဖေ-ဒေါ်ထွေးထွေးခိုင်
၇။ ဒေါက်တာနိုင်ဝင်း-ဒေါက်တာခင်သန္တာစု
နှင့်မြေး၁၈ဦး၊ မြစ်(၁၄)ဦးတို့မိသားစု




# စာရင်းသင်တန်းများဖွင့်လှစ်မည်

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းတွင် (၂၆၈)ကြိမ် စာရင်းရေးပညာသင်တန်းကို ၂၁-၅-၂၀၁၇ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး (၁၆၄)ကြိမ် အခြေခံစာရင်းကိုင် ပညာသင်တန်းကို ၂၃-၇-၂၀၁၇ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အောက်ပါလိပ်စာသို့ စာရင်းသွင်းတက်ရောက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လိပ်စာ-အမှတ် ၉၁/၉၃၊ (၄၉)လမ်းအလယ်**
**ပုဇွန်တောင်မြို့နယ်၊**
**ဖုန်း-၀၁-၂၉၁၈၂၆၊ ၀၉-၉၆၆၈၅၇၁၁၀**

## မွေးနေ့သက္ကရာဇ်အမှန်

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အထက(၇) နဝမတန်းမှ မဆန်းဆန်းဦး၏ မွေးနေ့ သက္ကရာဇ်အမှန်သည် (၁၉-၈-၂၀၀၃) ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကိုဘိုဘိုဟန် ၆/လလန(နိုင်) ၀၇၅၇၉၀ပိုင်ဆိုင်သော တိုက်(A) အခန်း(၅၅)၊ မုဒိတာ(၂) အခန်းနှင့် ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်**
**ဖုန်း- ၀၉-၇၈၄၀၃၅၁၆၃**

ဆရာရှင်မင်း(B.A)
အကြားအမြင် မနောရွှင်းအား
09-421164758,09-974088891

IGCSE (Edexcel/Cambridge)
Accounting, Business Studies, Economics, Maths A B, Pure Maths, Additional Maths, Physics, Chemistry, ICT, Computer Science.
Taught by UK Graduate, Master Degree Holder teacher who has been working as a lecturer at Singapore Business Schools and International Colleges. Ph: 09-799242431

အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊
အိမ် ခြံ မြေနှင့် ပတ်သက်သူတိုင်း လက်ကိုင်ထားရမည့် လက်စွဲ
အလင်းသစ် စာအုပ် ...
လူတိုင်းအတွက်
အိမ် ခြံ မြေ လမ်းညွှန် (ဒုတိယတွဲ)
[ရောင်းနည်း၊ ဝယ်နည်း၊ ငှားရမ်းနည်း၊ အကျိုးဆောင်နည်း]
ဇော်မြင့်ဦး (GEOG)
ဆိုင်များတွင်ရပြီ
အလင်းသစ်စာပေတိုက်၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၇၇၀၃၇၄၇






# တော်ဝင်မိသားစု ဧကုဒိဿအလှူ

TAW WIN CENTRE

TAW WIN FAMILY CO.,LTD

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊ မေလ (၁၀) ရက်၊ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့)၊

နံနက်(၁၀ း ၀၀)အချိန် တော်ဝင်စင်တာတွင် ကြာဖံချက် နှင့် အအေး ကုသိုလ်ယူကျွေးမွေးလှူဒါန်းခြင်း၊

ညနေ (၅ း ၃၀)အချိန် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်တွင် အအေးနှင့်မုန့်များ ကုသိုလ်ယူလှူဒါန်းမည်ဖြစ်ပါ၍

မည်သူမဆို လာရောက် သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ၊ တော်ဝင်စင်တာမိသားစု၊ တော်ဝင်ဂါးဒင်းဟိုတယ်မိသားစု


## TALENT STAR EDUCATION CENTRE

အထက်တန်း သင်ကြားပည့်ဆရာ၊ဆရာမများ

မြန်မာ ★ ဂုဏ်ထူးဦးသိန်းနိုင် ၊ ဦးငွေးနိုင်

အင်္ဂလိပ်စာ ★ Dr. D ၊ ဦးဇေရန်နောင်

သင်္ချာ ★ ဦးဇော် ၊ သချာကျော်သာ

ဓာတုဗေဒ ★ ဦးဇော်လင်းအောင်

ရူပဗေဒ ★ ဦးအေးကျော်စိုး ၊ ဦးဇော်လွင်

ဇီဝဗေဒ ★ ဦးနိုင်ဝင်းလတ် ၊ ဒေါ်ကေသီလွင်

ဘောဂဗေဒ ★ ဦးထွန်းမြင့်အောင် ၊ ဦးရွှေလှိုင်ဝင်း

Hotline
09 765 411 979
09 420 033 765
09 250 813 512

မိဘများ လိုလားနေသော အကောင်းဆုံး ပညာသင်ကြားမှု၊ လေ့ကျင့်မှု များဖြင့် ထူးချွန်ထက်မြက်သူများကို နှစ်စဉ် မွေးထုတ်ပေးနေသည့်...

INSPIRATION-LEADERSHIP-CREATIVITY
TALENT STAR EDUCATION CENTRE

# T.S.E.C

ကိုယ်ပိုင်အထက်တန်းကျောင်း ❖ အဆင့်မြင့်ဘော်ဒါ

(မူလတန်း၊အလယ်တန်း၊အထက်တန်း)

အထူးလေ့ကျင့်မှုများအတွက် ရိုးရိုး Training Camp ရှိပါသည်။

အပိုထပ်ဆောင်းသင်ကြားမှု ★ International Curriculum ( GCE 'O' Level - Singapore )
English Four skills ( Audio Visual Learning )
Basic Computing
Talent Maths Test
Art & Music

စနေ၊တနင်္ဂနွေ (သီးသန့်) ★ International Curriculum ( GCE O Level - Singapore )
တန်းခွဲများလက်ခံနေပါပြီ။

မည်သည့်ကျောင်းမှမဆို အဆင့် (၁၊၂၊၃) ရရှိသော ကျောင်းသား/သူ များသည် ပညာသင်ဆု (Scholarship) လာရောက် လျှောက်ထားနိုင်ပါသည်။



ခြံအမှတ် ၂၃/၂၅၊ အေးရိပ်မွန် ၄ လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

## Jishugakkan Yangon Japanese Center (JYJC)

2017, October အတန်း

ကျောင်းလျှောက်သူများ အတွက်သာဖြစ်သည်။

1. 8 လပိုင်း Nat-Test, N-4 အောင်သူများ = 577,500 JP(ကျောင်းလခ 10လစာ အပါ)
2. 8 လပိုင်း Nat-Test, N-3 အောင်သူများ = 483,500 JP(ကျောင်းလခ 8လစာ အပါ)
3. 8 လပိုင်း Nat-Test, N-2 အောင်သူများ = 435,750 JP(ကျောင်းလခ 7လစာ အပါ)
4. N-5 အောင်သူများ = 672,000 JP(ကျောင်းလခ 12လစာ အပါ)

ကျောင်းလျှောက်မည့်သူများ အမြန်နာမည်စာရင်းပေးပါရန်
15-5-2017 အတွင်း Form တင်ပါက
ကျောင်းဝင်ကြေး promotion ရှိပါမည်။

စုံစမ်းရန် - 01-504268 , 09 - 43139339 ( ဆင်မလိုက် အဝေးပြေး ကားဂိတ်)



## EEC Business School

.Executive MBA .MBA

- International Business Management ( BA )
- Diploma in Business English
- Diploma in Business Management

Myanmar New Year Discount Available

eecmyanmar
www.eecmyanmar.com
09-250 233 662

## ၈ ၁၀/၂ (ဓထပ်ခွဲ) တိုက်သစ် နှစ်ရှည် ငှားရန်ရှိသည်။

စမ်းချောင်းမြို့နယ်၊ မြေနီတောင်ရပ်ကွက်လမ်းကျယ် အချက်အချာကျသောနေရာ ဘဏ်၊Hotel(ဟိုတယ်)၊ ရုံးခန်း၊ သင်တန်းကျောင်းဖွင့်ရန် အလွန်သင့်တော်သောတိုက်သစ်အားနှစ်ရှည်ငှားရမ်းနိုင်ပါသည်။

- Transformer 200 KVA
- BCC ကျပြီး
- ဓါတ်လှေကားပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်- 09-420011777


## ကန့်ကွက်နိုင်ပါသည်။

